# ဒုတိယအကြိမ် ပြည်သူ့လွှတ်တော်
# ပဉ္စမပုံမှန်အစည်းအဝေး
# ပဉ္စမနေ့ မှတ်တမ်း

အကြမ်း



| စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ၁ | ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌ နေရာယူခြင်း | ၁ |
| ၂ | ပြည်သူ့လွှတ်တော် အစည်းအဝေး အထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာခြင်း | ၂ |
| ၃ | ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ပဉ္စမပုံမှန်အစည်းအဝေး ပဉ္စမနေ့ အစီအစဉ် ကြေညာခြင်း | ၂ |
| ၄ | အစည်းအဝေး မတက်ရောက်နိုင်သော ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်များက ခွင့်ပန်ကြားခြင်းနှင့် ပြည်သူ့လွှတ်တော်၏ အဆုံးအဖြတ်ရယူခြင်း | ၂ |
| ၅ | ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်များ အစည်းအဝေး တက်ရောက်မှု အခြေအနေကို မှတ်တမ်းတင်ခြင်း | ၄ |
| ၆ | (က) ကျောက်ပန်းတောင်း မြို့နယ်၏ မြောက်ပိုင်းခြမ်းနယ်မြေ နှင့် တောင်ပိုင်းခြမ်းနယ်မြေတို့တွင် 5MVA ဓာတ်အားခွဲရုံများ တည်ဆောက်ပေးပါရန် အစီအစဉ် ရှိ/မရှိနှင့် စပ်လျဉ်းသည့် မေးခွန်း | ၅ |
| ၇ | (ခ) မီးလင်းရေးကော်မတီများ လိုက်နာရန်အချက်များ ဖြေလျှော့ပြောင်းလဲသတ်မှတ်ခြင်း၊ လျှပ်စစ်နှင့်ပတ်သက်သော တိုင်းပြည်ဖွံ့ဖြိုးရေး လုပ်ငန်းများ၊ ကျေးရွာနေ အိမ်ထောင်စုအားလုံးနီးပါး လျှပ်စစ်မီးသုံးစွဲနိုင်ရေးနှင့် မီးဘေးအန္တရာယ်စိုးရိမ်ရသော တရားမဝင်ဆင့်ပွားမီး တပ်ဆင်ခြင်းနှင့်စပ်လျဉ်း၍ မည်ကဲ့သို့ စီစဉ်ဆောင်ရွက်ထားသည်ကို သိလိုခြင်းနှင့် စပ်လျဉ်းသည့်မေးခွန်း | ၈ |
| ၈ | (ဂ) တောင်တွင်းကြီးမြို့လယ်ခေါင် တည့်တည့်ရှိ နယူးဒေးစက်သုံးဆီ အရောင်းဆိုင်ကို မြို့ပြင်ရှိသင့်လျော်သည့်နေရာသို့ ပြောင်းရွှေ့ပေးရန် အစီအစဉ်ရှိ/မရှိနှင့် စပ်လျဉ်းသည့်မေးခွန်း | ၁၂ |
| ၉ | (ဃ) နိုင်ငံအနှံ့ ဖြစ်ပွားနေသော လျှပ်စစ်မီးလင်းရေးကော်မတီ၊ လျှပ်စစ် ထိန်းသိမ်းစောင့်ရှောက်ရေးကော်မတီများ၏ ပြဿနာကို ပိုမိုကောင်းမွန် ပြည့်စုံသည့် မူဘောင်စနစ်များချမှတ်၍ ဖြေရှင်းပေးရန် အစီအစဉ်ရှိ/မရှိ နှင့်စပ်လျဉ်းသည့်မေးခွန်း | ၁၉ |
| ၁၀ | (င) ကျိုက်မရောမြို့၊ အာဇာနည်ကျောက်တိုင် တည်ရှိရာ ပန်းခြံ အတွင်းရှိ ရာဇာမင်းစက်သုံးဆီအရောင်းဆိုင်နှင့် သမဝါယမအရောင်း ဆိုင်ခန်းများ ဖယ်ရှားရေးကိစ္စနှင့် စပ်လျဉ်းသည့်မေးခွန်း | ၂၅ |
| ၁၁ | (စ) ခင်ဦးမြို့နယ်၊ ဥယျာဉ်ရွာအနီး မူးမြစ်ကမ်းတွင် ကျောက်စီမြေထိန်း | ၃၀ |

နံရံကာ ဆောက်လုပ်ပေးရန် အစီအစဉ်ရှိ/မရှိနှင့် စပ်လျဉ်းသည့်မေးခွန်း

၁၂ (ဆ) မြန်မာအမျိုးသားလေကြောင်းလိုင်းနှင့် ပုဂ္ဂလိကလေကြောင်းခရီးစဉ်တွင် လေကြောင်းဖြင့် လိုက်ပါမည့်ခရီးသည် ရပိုင်ခွင့်ထက်ပိုသော ပစ္စည်းတင်ခကို လေယာဉ်ပျံသန်းချိန်၊ အကွာအဝေးနှင့် မိနစ်သတ်မှတ်နှုန်းထားဖြင့် ပြင်ဆင်ပေးရန် အစီအစဉ်ရှိ/မရှိနှင့် စပ်လျဉ်းသည့်မေးခွန်း ၃၃

၁၃ (ဇ) မြန်မာနိုင်ငံအတွင်း ပြေးဆွဲနေသော အဝေးပြေးမော်တော်ယာဉ်လိုင်းကားများအား ကားမထွက်မီ ကြံ့ခိုင်မှုရှိ/မရှိ စစ်ဆေးရန် မည်သို့စီမံဆောင်ရွက်ထားကြောင်း သိလိုခြင်းနှင့် စပ်လျဉ်းသည့်မေးခွန်း ၃၈

၁၄ ပြည်သူ့လွှတ်တော် ဥပဒေကြမ်းကော်မတီ၏ အစီရင်ခံစာကို သဘောတူလက်ခံရန် အဆိုတင်သွင်းခြင်းနှင့် လွှတ်တော်၏ အတည်ပြုချက်ရယူခြင်း ၄၄

၁၅ ဦးဝင်းဝင်း၊ မင်းဘူးမဲဆန္ဒနယ်က အဆိုတင်သွင်းခြင်းနှင့် လက်ခံဆွေးနွေးရန် သင့်/မသင့် အဆုံးအဖြတ်ရယူခြင်း ၄၆

၁၆ အမျိုးသားလွှတ်တော်က ပြင်ဆင်ချက်မရှိအတည်ပြု၍ ပေးပို့လာသော ဥပဒေကြမ်းတစ်ခုနှင့် စပ်လျဉ်း၍ ဥပဒေကြမ်းကော်မတီက အစီရင်ခံစာတင်သွင်းခြင်း ၅၂

၁၇ ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ပဉ္စမပုံမှန်အစည်းအဝေး ပဉ္စမနေ့ ရပ်နားကြောင်းနှင့် အစည်းအဝေး ဆဋ္ဌမနေ့ ဆက်လက်ကျင်းပမည့်နေ့ရက်နှင့်အချိန်ကို ကြေညာခြင်း ၅၇

# ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ပဉ္စမ ပုံမှန်အစည်းအဝေး

## ပဉ္စမနေ့ အစီအစဉ်

## [ ၂၉–၅–၂၀၁၇ ] (တနင်္လာနေ့) နံနက် ၁၀ နာရီ

၁။ ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌ နေရာယူခြင်း၊

၂။ ပြည်သူ့လွှတ်တော်အစည်းအဝေး အထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာခြင်း၊

၃။ ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ပဉ္စမ ပုံမှန်အစည်းအဝေး ပဉ္စမနေ့ အစီအစဉ် ကြေညာခြင်း၊

၄။ အစည်းအဝေး မတက်ရောက်နိုင်သော ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်များအတွက် ခွင့်ပန်ကြားခြင်းနှင့် ပြည်သူ့လွှတ်တော်၏ အဆုံးအဖြတ်ရယူခြင်း၊

၅။ ကြယ်ပွင့်ပြထားသည့် အောက်ပါမေးခွန်းများကို လွှတ်တော်ကိုယ်စားလှယ်များက မေးမြန်းခြင်းနှင့် သက်ဆိုင်ရာ ပြည်ထောင်စုအဆင့် အဖွဲ့အစည်းဝင်က ဖြေကြားခြင်း–

(က) ဦးရွှေကို၊ ကျောက်ပန်းတောင်း မဲဆန္ဒနယ်၏ **ကျောက်ပန်းတောင်းမြို့နယ်၏ မြောက်ပိုင်းခြမ်းနယ်မြေနှင့် တောင်ပိုင်းခြမ်းနယ်မြေ တို့တွင် 5 MVA ဓာတ်အားခွဲရုံများ တည်ဆောက်ပေးပါရန် အစီအစဉ် ရှိ၊ မရှိ** နှင့် စပ်လျဉ်းသည့် မေးခွန်း၊

(ခ) ဦးသန့်ဇင်ထွန်း၊ ဒက္ခိဏသီရိ မဲဆန္ဒနယ်၏ **မီးလင်းရေးကော်မတီများ လိုက်နာရန်အချက်များ ဖြေလျှော့ ပြောင်းလဲသတ်မှတ်ခြင်း၊ လျှပ်စစ်နှင့် ပတ်သက်သော တိုင်းပြည်ဖွံ့ဖြိုးရေးလုပ်ငန်းများ၊ ကျေးရွာနေအိမ်ထောင်စုအားလုံးနီးပါး လျှပ်စစ်မီးသုံးစွဲနိုင်ရေးနှင့် မီးဘေးအန္တရာယ်စိုးရိမ်ရသော တရားမဝင် ဆင့်ပွားမီး တပ်ဆင်အသုံးပြုခြင်း ပပျောက်ရေးတို့အတွက် ခိုင်မာတိကျသော မူဝါဒချမှတ် အကောင်အထည်ဖော်ခြင်းနှင့်စပ်လျဉ်း၍ မည်ကဲ့သို့ စီစဉ်ဆောင်ရွက်ထားသည်ကို သိလိုခြင်း** နှင့် စပ်လျဉ်းသည့် မေးခွန်း၊

(ဂ) ဦးမင်းသိန်း၊ တောင်တွင်းကြီး မဲဆန္ဒနယ်၏ **တောင်တွင်းကြီး မြို့လယ်ခေါင် တည့်တည့်ရှိ နယူးဒေးစက်သုံးဆီအရောင်းဆိုင်ကို မြို့ပြင်ရှိ သင့်လျော်သည့်နေရာသို့ ပြောင်းရွှေ့ပေးရန် အစီအစဉ် ရှိ၊ မရှိ** နှင့် စပ်လျဉ်းသည့် မေးခွန်း၊

(ဃ) ဦးညဏ်ဟိန်း၊ သံဖြူဇရပ် မဲဆန္ဒနယ်၏ **နိုင်ငံအနှံ့ ဖြစ်ပွားနေသော လျှပ်စစ်မီးလင်းရေးကော်မတီ၊ လျှပ်စစ်ထိန်းသိမ်း စောင့်ရှောက်ရေး ကော်မတီများ၏ ပြဿနာကို ပိုမိုကောင်းမွန် ပြည့်စုံသည့် မူဘောင် စနစ်များချမှတ်၍ ဖြေရှင်းပေးရန် အစီအစဉ် ရှိ၊ မရှိ** နှင့် စပ်လျဉ်းသည့် မေးခွန်း၊

(င) ဦးစောကျော်ဝင်းမောင်၊ ကျိုက်မရော မဲဆန္ဒနယ်၏ **ကျိုက်မရောမြို့၊ အာဇာနည်ကျောက်တိုင် တည်ရှိရာ ပန်းခြံအတွင်းရှိ ရာဇာမင်း စက်သုံးဆီအရောင်းဆိုင်နှင့် သမဝါယမဆိုင်ခန်းများ ဖယ်ရှားရေးကိစ္စ** နှင့် စပ်လျဉ်းသည့် မေးခွန်း၊

(စ) ဒေါက်တာဦးဝင်းအောင်၊ ခင်ဦး မဲဆန္ဒနယ်၏ **ခင်ဦးမြို့နယ်၊ ဥယျာဉ်ရွာအနီး မူးမြစ်ကမ်းတွင် ကျောက်စီမြေထိန်းနံရံကာ ဆောက်လုပ်ပေးရန် အစီအစဉ်ရှိ၊ မရှိ** နှင့် စပ်လျဉ်းသည့် မေးခွန်း၊

(ဆ) ဦးမိုးရွှေ၊ ပူတာအို မဲဆန္ဒနယ်၏ **မြန်မာ့အမျိုးသားလေကြောင်းနှင့် ပုဂ္ဂလိကလေကြောင်းခရီးစဉ်တွင် လေကြောင်းဖြင့် လိုက်ပါမည့် ခရီးသည် ရပိုင်ခွင့်ထက်ပိုသော ပစ္စည်းတင်ခကို လေယာဉ် ပျံသန်းချိန်၊ အကွာအဝေးနှင့် မိနစ်သတ်မှတ်နှုန်းထားဖြင့် ပြင်ဆင်ပေးရန် အစီအစဉ်ရှိ၊ မရှိ** နှင့် စပ်လျဉ်းသည့် မေးခွန်း၊

(ဇ) ဒေါ်ခင်သန်းနု၊ မင်းတုန်း မဲဆန္ဒနယ်၏ **မြန်မာနိုင်ငံအတွင်း ပြေးဆွဲနေသော အဝေးပြေးမော်တော်ယာဉ်လိုင်းကားများအား ကားမထွက်မီ ကြံ့ခိုင်မှု ရှိ၊ မရှိ စစ်ဆေးရန် မည်သို့စီမံဆောင်ရွက်ထားကြောင်း သိလိုခြင်း** နှင့် စပ်လျဉ်းသည့် မေးခွန်း၊

၆။ ပြည်သူ့လွှတ်တော်၊ ဥပဒေကြမ်းကော်မတီ၏ အစီရင်ခံစာကို သဘောတူလက်ခံရန် အဆိုတင်သွင်းခြင်းနှင့် လွှတ်တော်၏ အတည်ပြုချက်ရယူခြင်း၊

၇။ ဦးဝင်းဝင်း၊ မင်းဘူး မဲဆန္ဒနယ်က **"ပြည်တွင်း၌ ထုတ်လုပ်နေသော ယူရီးယားဓာတ်မြေသြဇာများအား အရည်အသွေးကို ထိန်းသိမ်းနိုင်ရန် စနစ်တကျ ထုပ်ပိုးပြီး တောင်သူများလက်ဝယ်သို့ သင့်တင့်မျှတသော ဈေးနှုန်းဖြင့် အဆင်ပြေချောမွေ့စွာ ဖြန့်ဖြူးပေးပါရန် ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်း"** အဆို တင်သွင်းခြင်းနှင့် လက်ခံဆွေးနွေးရန် သင့်မသင့် အဆုံးအဖြတ်ရယူခြင်း၊

၈။ အဆိုကို ပြည်သူ့လွှတ်တော်က လက်ခံဆွေးနွေးရန် မသင့်ကြောင်း ဆုံးဖြတ်ပါက ယင်းအဆိုကို လက်ခံဆွေးနွေးရန် မရှိကြောင်း ဥက္ကဋ္ဌက ကြေညာခြင်း။

**(သို့မဟုတ်)**

လက်ခံဆွေးနွေးရန် ဆုံးဖြတ်သော အဆိုနှင့်စပ်လျဉ်း၍ ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်များရှိလျှင် အမည်စာရင်းတင်သွင်းနိုင်ကြောင်း ဥက္ကဋ္ဌက ကြေညာခြင်း၊

၉။ အမျိုးသားလွှတ်တော်က ပြင်ဆင်ချက်မရှိ အတည်ပြု၍ ပေးပို့လာသော **"ပြည်တွင်းရေကြောင်း ပို့ဆောင်ရေး ဥပဒေကြမ်း"** ကို လက်ခံရရှိကြောင်း လွှတ်တော်သို့ အသိပေးခြင်း၊ ဥပဒေကြမ်းကော်မတီက အစီရင်ခံစာ တင်သွင်းခြင်းနှင့် ပြင်ဆင်ချက်အဆို တင်သွင်းလိုသည့် ကိုယ်စားလှယ်များ အမည်စာရင်း တင်သွင်းနိုင်ကြောင်း လွှတ်တော်သို့ တင်ပြခြင်း၊

၁၀။ ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ပဉ္စမ ပုံမှန်အစည်းအဝေး ပဉ္စမနေ့ ရပ်နားကြောင်းနှင့် အစည်းအဝေး ဆဋ္ဌမနေ့ ဆက်လက်ကျင်းပမည့် နေ့ရက်နှင့် အချိန်ကို ကြေညာခြင်း။

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
## ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ပဉ္စမပုံမှန်အစည်းအဝေး
## ပဉ္စမနေ့မှတ်တမ်း

### ၁၃၇၉ ခုနှစ်၊ နယုန်လဆန်း ၄ ရက်
### (၂၀၁၇ ခုနှစ်၊ မေလ ၂၉ ရက်)
### (တနင်္လာနေ့)

နေပြည်တော်ရှိ ပြည်သူ့လွှတ်တော်အစည်းအဝေးခန်းမတွင် ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ပဉ္စမပုံမှန်အစည်းအဝေး ပဉ္စမနေ့ကို နံနက် ၁၀ နာရီအချိန်၌ စတင်ကျင်းပပါသည်။

ပြည်သူ့လွှတ်တော်အစည်းအဝေးကို ကြီးကြပ်ကွပ်ကဲသူအဖြစ် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးဝင်းမြင့် က ဆောင်ရွက်ပြီး၊ အခမ်းအနားမှူးအဖြစ် ဦးတင်ဝင်းအောင်၊ ညွှန်ကြားရေးမှူးချုပ်၊ ပြည်သူ့လွှတ်တော်ရုံးက ဆောင်ရွက်ပါသည်။

**အချိန်၊ ၁၀း၀၀။**

**အခမ်းအနားမှူး။** ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များနှင့် ဧည့်သည်တော်များခင်ဗျား။ ယခုအချိန်ကစပြီး ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ပဉ္စမပုံမှန်အစည်းအဝေး ပဉ္စမနေ့ အစီအစဉ် စတင်ပါတော့မယ်။

## ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌနေရာယူခြင်း

**အခမ်းအနားမှူး။** ။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ကြွရောက်လာပါပြီခင်ဗျား။

ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌသည် ဥက္ကဋ္ဌအတွက်သတ်မှတ်ထားသည့် စင်မြင့်ပေါ်သို့ ကြွရောက်နေရာယူပါသည်။

**ဥက္ကဋ္ဌ။** ။ အားလုံးမင်္ဂလာပါ။

**ကိုယ်စားလှယ်များ။** ။ မင်္ဂလာပါ။

**အခမ်းအနားမှူး။** ။ အားလုံးထိုင်နိုင်ပါပြီခင်ဗျား။

## ပြည်သူ့လွှတ်တော် အစည်းအဝေးအထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာခြင်း

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒီကနေ့ကျင်းပတဲ့ ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ပဥ္စမပုံမှန်အစည်းအဝေး ပဥ္စမနေ့မှာ ပြည်သူ့လွှတ်တော် လွှတ်တော်အခွင့်အရေး ကော်မတီရဲ့တင်ပြချက်အရ အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိတဲ့ ပြည်သူ့လွှတ်တော် ကိုယ်စားလှယ် ၄၃၅ ဦးရှိတဲ့အနက် ၃၉၇ ဦး တက်ရောက်ပါတယ်။ အစည်းအဝေးသို့ တက်ရောက်ခွင့် ရှိသူဦးရေ စုစုပေါင်းရဲ့ ၉၁.၂၆ ရာခိုင်နှုန်းရှိတဲ့အတွက် အစည်းအဝေးအထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

## အစည်းအဝေးအစီအစဉ်ဖြန့်ဝေထားကြောင်း တင်ပြခြင်း

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ အစီအစဉ်များကို ကြိုတင်ဖြန့်ဝေထားတဲ့ အတိုင်း ဆက်လက်ဆောင်ရွက်သွားပါမယ်။

## ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ ခွင့်ပန်ကြားခြင်း

**ဥက္ကဋ္ဌ**။ ။ ယခု အစည်းအဝေးမတက်ရောက်နိုင်တဲ့ လွှတ်တော်ကိုယ်စားလှယ်များအတွက် ခွင့်ပန်ကြားရန်ဖြစ်ပါတယ်။

**ဒေါက်တာလှမိုး(အတွင်းရေးမှူး၊ လွှတ်တော်အခွင့်အရေးကော်မတီ)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ယနေ့ ၂၀၁၇ ခုနှစ်၊ မေလ ၂၉ ရက်နေ့ ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ပဥ္စမပုံမှန်အစည်းအဝေး ပဥ္စမနေ့သို့ မတက်ရောက်နိုင်ပါသဖြင့် ခွင့်ပန်ကြားသူ လွှတ်တော်ကိုယ်စားလှယ်များ၏ကိုယ်စား ပြည်သူ့လွှတ်တော် လွှတ်တော်အခွင့်အရေးကော်မတီ အတွင်းရေးမှူး ကျွန်တော် ဒေါက်တာလှမိုး၊ အောင်မြေသာစံမဲဆန္ဒနယ်က ကိုယ်စားခွင့်ပန်ကြားသွား မှာဖြစ်ပါတယ်။ ပြည်သူ့လွှတ်တော်မှာ ယနေ့တက်ရောက်ခွင့်ရှိသော ကိုယ်စားလှယ် ၄၃၅ ဦးရှိပြီး တက်ရောက်သူကိုယ်စားလှယ် ၃၉၇ ဦးရှိကာ ယနေ့ ခွင့်ပန်ကြားသူ ၃၄ ဦးရှိပါတယ်။ ခွင့်ပန်ကြားသူ များကတော့-

(၁) ဇေယျာသီရိမဲဆန္ဒနယ်မှ ဦးလှဋ္ဌေးဝင်း ခွင့် ၂ ရက်၊

(၂) မက်မန်းမဲဆန္ဒနယ်မှ ဦးတင်အေး ခွင့် ၂ ရက်၊

(၃) လောက်ကိုင်မဲဆန္ဒနယ်မှ ဦးလူတယ်ဟုန်(ခ)အောင်ရွှေ ခွင့် ၂ ရက်၊

(၄) ကုန်းကြမ်းမဲဆန္ဒနယ်မှ ဦးလီကျိန်းဖူ(ခ)မြင့်ဆွေ ခွင့် ၅ ရက်၊

(၅) ရေဦးမဲဆန္ဒနယ်မှ ဒေါက်တာမင်းသိန်း ခွင့် ၁ ရက်၊

(၆) ကျွန်းလှမဲဆန္ဒနယ်မှ ဦးထွန်းဝင်း ခွင့် ၁ ရက်၊

(၇) ပုသိမ်မဲဆန္ဒနယ်မှ ဦးဝေလှိုင်ထွန်း ခွင့် ၅ ရက်၊

(၈) ပေါင်းတည်မဲဆန္ဒနယ်မှ ဦးအေးမင်းအောင်(ခ)ဦးမင်းမင်း ခွင့် ၁ ရက်၊

(၉) တန့်ဆည်မဲဆန္ဒနယ်မှ ဦးမြင့်ထွန်း ခွင့် ၁ ရက်၊

(၁၀) မယ်စဲမဲဆန္ဒနယ်မှ ဦးသန်းလင်းလင်း ခွင့် ၁ ရက်၊

(၁၁) ဆော့လော်မဲဆန္ဒနယ်မှ ဦးလာမာလေး ခွင့် ၂ ရက်၊

(၁၂) သုံးခွမဲဆန္ဒနယ်မှ ဒေါ်စုစုလွင် ခွင့် ၁ ရက်၊

(၁၃) တပ်မတော်သားကိုယ်စားလှယ် ဗိုလ်မှူးထင်လင်းဦး ခွင့် ၅ ရက်၊

(၁၄) ပေါက်တောမဲဆန္ဒနယ်မှ ဦးအောင်ကျော်ဇံ ခွင့် ၁ ရက်၊

(၁၅) စစ်တွေမဲဆန္ဒနယ်မှ ဦးမောင်သိန်းခိုင် ခွင့် ၅ ရက်၊

(၁၆) ကျောက်ဖြူမဲဆန္ဒနယ်မှ ဦးဘရှိန် ခွင့် ၁ ရက်၊

(၁၇) မြောက်ဦးမဲဆန္ဒနယ်မှ ဦးဦးလှစော ခွင့် ၁ ရက်၊

(၁၈) နောင်ချိုမဲဆန္ဒနယ်မှ ဦးထွန်းအောင်(ခ)ဦးထွန်းထွန်းဟိန် ခွင့် ၁ ရက်၊

(၁၉) တောင်ကြီးမဲဆန္ဒနယ်မှ ဒေါက်တာဒေါ်သန်းငွေ ခွင့် ၁ ရက်၊

(၂၀) မိုင်းရှူးမဲဆန္ဒနယ်မှ ဦးစိုင်းဝင်းအေး (ခ) စိုင်းထွန်းအေး ခွင့် ၁ ရက်၊

(၂၁) ထန်းတလန်မဲဆန္ဒနယ်မှ ဒေါ်နီရွှေလျန်း ခွင့် ၁ ရက်၊

(၂၂) တီးတိန်မဲဆန္ဒနယ်မှ ဦးကျင့်ရှင်းထန် ခွင့် ၁ ရက်၊

(၂၃) တွန်းဇံမဲဆန္ဒနယ်မှ ဦးခမ်ခန့်ထန် ခွင့် ၁ ရက်၊

(၂၄) ကျွန်းစုမဲဆန္ဒနယ် ဒေါ်တင်တင်ရီ ခွင့် ၁ ရက်၊

(၂၅) မိတ္ထီလာမဲဆန္ဒနယ်မှ ဒေါက်တာမောင်သင်း ခွင့် ၃ ရက်၊

(၂၆) ပင်လည်ဘူးမဲဆန္ဒနယ်မှ ဦးမင်းနောင် ခွင့် ၂ ရက်

(၂၇) အုတ်ဖိုမဲဆန္ဒနယ်မှ ဦးဇော်မင်း ခွင့် ၁ ရက်၊

(၂၈) သဲကုန်းမဲဆန္ဒနယ်မှ ဦးအောင်သန်း ခွင့် ၁ ရက်၊

**မှူးကြမ်း**

(၂၉) ဘားအံမဲဆန္ဒနယ်မှ ဒေါ်နန်းသန်းသန်းလွင် ခွင့် ၁ ရက်၊

(၃၀) အမ်းမဲဆန္ဒနယ်မှ ဒေါက်တာအေးမောင် ခွင့် ၁ ရက်၊

(၃၁) ကွမ်းခြံကုန်းမဲဆန္ဒနယ်မှ ဦးစိုးသူရထွန်း ခွင့် ၁ ရက်၊

(၃၂) မြောင်းမြမဲဆန္ဒနယ်မှ ဒေါက်တာစိုးမိုးသူ ခွင့် ၃ ရက်၊

(၃၃) နမ့်ဆန်မဲဆန္ဒနယ်မှ ဦးဝင်းထူး ခွင့် ၁ ရက်နှင့်

(၃၄) ဟိုပုန်းမဲဆန္ဒနယ်မှ ဦးခွန်အောင်ကျော် ခွင့် ၁ ရက်တို့ဖြစ်ကြပါတယ်။ ယခင်ခွင့်ပန်ကြားသူ ၄ ဦး၊ ယနေ့ခွင့်ပန်ကြားသူ ၃၄ ဦး စုစုပေါင်းခွင့်ပန်ကြားသူ ၃၈ ဦး ဖြစ်ပါတယ်။ ခွင့်မဲ့ပျက်ကွက်သူမရှိပါကြောင်းနှင့် အထက်ပါကိုယ်စားလှယ်များ၏ ခွင့်ပန်ကြားမှုအား ခွင့်အဖြစ် ခွင့်ပြုပေးပါရန် လေးစားစွာဖြင့် ပန်ကြားအပ်ပါတယ် ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ ခွင့်ပန်ကြားသူအားလုံးကို ခွင့်ပြုပါတယ်။

## ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှုအခြေအနေကို မှတ်တမ်းတင်ခြင်း

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒီကနေ့ အစည်းအဝေးမှာ တက်ရောက်ခွင့်ရှိတဲ့ လွှတ်တော်ကိုယ်စားလှယ် ၄၃၅ ဦး၊ ယခင်က ခွင့်ပန်ကြား၍ ခွင့်ပြုထားသူ ၄ ဦး၊ ယနေ့ ခွင့်ပြုထားသူ ၃၄ ဦးဖြစ်၍ လွှတ်တော်ကခွင့်ပြုထားသူစုစုပေါင်း ၃၈ ဦး ဖြစ်ပါတယ်။ ခွင့်မဲ့ပျက်ကွက်သူမရှိပါ။ ယခု လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှုအခြေအနေကို လွှတ်တော်ရဲ့အတည်ပြုချက်ရယူပါမယ်။ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှုအခြေအနေတင်ပြချက်ကို အတည်ပြုမှတ်တမ်းတင်ရန် လွှတ်တော်က သဘောတူပါသလားခင်ဗျား။

သုံးကြိမ်တိုင်တိုင်မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်က သဘောတူတဲ့အတွက် ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှုအခြေအနေကို အတည်ပြုမှတ်တမ်းတင်ကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

# ကြယ်ပွင့်ပြထားသည့် မေးခွန်းများကို လွှတ်တော်ကိုယ်စားလှယ်များက မေးမြန်းခြင်းနှင့် သက်ဆိုင်ရာ ပြည်ထောင်စုအဆင့်အဖွဲ့အစည်းဝင်များက ဖြေကြားခြင်း

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ မေးခွန်းများ မေးမြန်းခြင်း၊ ဖြေကြားခြင်း အစီအစဉ် စတင်ဆောင်ရွက်ပါမယ်။

**ကျောက်ပန်းတောင်းမြို့နယ်၏ မြောက်ပိုင်းခြမ်းနယ်မြေနှင့် တောင်ပိုင်းခြမ်းနယ်မြေတို့တွင် 5 MVA ဓာတ်အားခွဲရုံများ တည်ဆောက်ပေးပါရန် အစီအစဉ်ရှိ/မရှိနှင့် စပ်လျဉ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ**။ ။ ပထမဦးစွာ ကျောက်ပန်းတောင်းမဲဆန္ဒနယ်မှ ဦးရွှေကို မေးမြန်းဖို့ ဖြစ်ပါတယ်။

**ဦးရွှေကို(ကျောက်ပန်းတောင်းမဲဆန္ဒနယ်)**။ ။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များ၊ ပြည်ထောင်စုဝန်ကြီးများ၊ ကြွရောက်လာသောဧည့်သည်တော်များအားလုံး မင်္ဂလာပါလို့ နှုတ်ခွန်းဆက်သပါတယ်။ ကျွန်တော်က ကျောက်ပန်းတောင်းမဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးရွှေကို ဖြစ်ပါတယ်။ ကျွန်တော်မေးမယ့်မေးခွန်းက ကျွန်တော်တို့ ကျောက်ပန်းတောင်းမြို့နယ်၊ မြောက်ဘက်ခြမ်းမှာ 5 MVA ခွဲရုံတစ်ရုံ၊ တောင်ဘက်ခြမ်းမှာ 5 MVA လျှပ်စစ်ခွဲရုံတစ်ရုံ နှစ်ရုံ ချထားပေးနိုင်ခြင်းရှိ/မရှိ မေးမြန်းမှာဖြစ်ပါတယ်။ ကျွန်တော်တို့ ကျောက်ပန်းတောင်းမြို့နယ်ဟာ လူဦးရေ သုံးသိန်းရှိပါတယ်။ အိမ်ထောင်စုအားဖြင့် ခြောက်သောင်းကျော်ရှိပါတယ်။ အုပ်စုအားဖြင့် ကျေးရွာအုပ်စု ၁၀၉ အုပ်စုနှင့် ရပ်ကွက်ပေါင်း ၁၂ ခုရှိပါတယ်။ ကျေးရွာပေါင်း ၃၃၉ ရွာရှိပါတယ်။ ကျွန်တော်တို့မြို့မှာရှိတဲ့ ကျေးရွာအရေအတွက်ဟာ မန္တလေးတိုင်းဒေသကြီးမှာအများဆုံးဖြစ်ပြီး မြန်မာပြည်တစ်ပြည်လုံးအနေနဲ့ ကျွန်တော်သိတာတော့ ကျွန်တော်တို့မြို့နယ်ဟာ ဒုတိယအများဆုံး ဖြစ်ပါတယ်။ ကျွန်တော်တို့မြို့နယ်ရဲ့ ကျေးရွာအရေအတွက်ဟာ အခြားမြို့နယ်များရဲ့ကျေးရွာအရေအတွက်ရဲ့ နှစ်ဆ၊ သုံးဆရှိနေပေမဲ့ အခုအချိန်အထိ မနေ့ကအထိ မီးလင်းတဲ့ကျေးရွာအရေအတွက်က ၅၉ ရွာပဲရှိတဲ့အတွက် ရာခိုင်နှုန်းအားဖြင့် တွက်လျှင် ကျွန်တော်တို့မြို့နယ်ရဲ့ မီးလင်းတဲ့ရာခိုင်နှုန်းဟာ ၁၇.၄ ရာခိုင်နှုန်းပဲရှိပါတယ်။ ကျွန်တော်သိတာက မြန်မာနိုင်ငံမှာရှိတဲ့ မီးလင်းတဲ့အရေအတွက်ဟာ တစ်ပြည်လုံးအတိုင်းအတာနှင့် ၃၇.၅ ရာခိုင်နှုန်းရှိတယ်လို့ သိပါတယ်။ ဒါကြောင့် ကျွန်တော့်မြို့နယ်ရဲ့ မီးလင်းမှုအနေအထားဟာ အင်မတန်ကို နောက်ကျနေပါတယ်။ ဒါကြောင့် ကျွန်တော် ခွဲရုံနှစ်ရုံချထားပေးပါရန် တောင်းပန်ပါတယ်။

မြောက်ဘက်ခြမ်း ပုပ္ပါးမြို့နယ်ဘက်မှာ 5 MVA ခွဲရုံတစ်ရုံကို ကျွန်တော်တို့ မီးလိုင်းနှင့် ၁၀ မိုင်ဝေးတဲ့ ကူရွာမှာ ချထားပေးခဲ့ရင် အဲဒီခွဲရုံကို အမှီပြုပြီးတော့ ကျေးရွာပေါင်း ၃၃ ရွာ၊ အိမ်ထောင်စု ပေါင်း ၃၇၀၀ ကျော်နှင့် လူနှစ်သောင်းကျော်ဟာ မီးအသုံးပြုနိုင်ဖို့ လွယ်ကူသွားမှာပါ။ တကယ်လို့ တောင်ဘက်ခြမ်းမှာ မီးလိုင်းနှင့် ၁၁ မိုင်ဝေးတဲ့ သရက်တောကျေးရွာတစ်ဝိုက်မှာ 5 MVA ခွဲရုံတစ်ရုံ ချပေးခဲ့ရင်လည်း အနီးအနားမှာရှိတဲ့ ကျေးရွာပေါင်းက ၆၃ ရွာ၊ အိမ်ထောင်စု ၆၀၀၀ ကျော်၊ ပြည်သူ သုံးသောင်းကျော်ဟာ မီးကိုအသုံးပြုနိုင်မှာဖြစ်ပါတယ်။ ဒါကြောင့် ကျွန်တော်တို့ မီးလင်းရေးမှာ နောက်ကျကျန်နေတဲ့ ကျွန်တော့်မြို့နယ် မီးလင်းရေးမှာ အမီလိုက်နိုင်ဖို့အတွက် ခွဲရုံနှစ်ရုံကိုချထားပေး ရန်အတွက် ပြည်ထောင်စုအစိုးရကို ကျွန်တော် အနူးအညွတ်တောင်းပန်ပါတယ်။ ဒါကြောင့် ကျွန်တော်တို့ ပြည်သူလူထုရဲ့ဆန္ဒအရ အခု ပြည်သူလူထုလိုလားတဲ့ ဓာတ်အားခွဲရုံနှစ်ရုံကို ချထားပေး နိုင်ခြင်းရှိ/မရှိ။ ချထားမပေးနိုင်ရန်လည်း အဘယ်ကြောင့်၊ ချထားပေးနိုင်ရင်လည်း မည်သည့်အချိန် မှာ ချထားပေးနိုင်မည်ဖြစ်ကြောင်းကို ကျွန်တော့်ရဲ့မဲဆန္ဒရှင် ပြည်သူလူထုရဲ့ကိုယ်စား ဥက္ကဋ္ဌကြီးမှ တစ်ဆင့် ပြည်ထောင်စုအစိုးရကို ကျွန်တော် မေးမြန်းရခြင်းဖြစ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါ တယ်။

**ဥက္ကဋ္ဌ**။ ။ လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာနက ဖြေကြားရန်ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဒေါက်တာထွန်းနိုင်(ဒုတိယဝန်ကြီး၊ လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာန)**။ ။ လေးစားအပ်ပါ သော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များအားလုံး မင်္ဂလာအပေါင်း နှင့်ပြည့်စုံကြပါစေလို့ ဆုမွန်ကောင်းတောင်းရင်း နှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျောက်ပန်းတောင်း မဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးရွှေကို မေးမြန်းသည့် ညောင်ဦးခရိုင်၊ ကျောက်ပန်းတောင်းမြို့နယ်၏ မြောက်ပိုင်းခြမ်းနယ်မြေနှင့် တောင်ပိုင်းခြမ်းနယ်မြေတို့တွင် 5 MVA ဓာတ်အားခွဲရုံများ တည်ဆောက်ပေးရန် အစီအစဉ်ရှိ/မရှိနှင့် မရှိပါက အဘယ်ကြောင့်နည်း။ အစီအစဉ် ရှိပါက မည်သည့်အချိန်ကာလတွင် တည်ဆောက်ပေးမည်ကို သိရှိလိုခြင်းနှင့်စပ်လျဉ်းသည့် ကြယ်ပွင့်ပြမေးခွန်းနှင့်ပတ်သက်၍ လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးကိုယ်စား ကျွန်တော် ဒုတိယဝန်ကြီး ဒေါက်တာထွန်းနိုင်က ရှင်းလင်းဖြေကြားပေးသွားမှာဖြစ်ပါတယ်။

ကိုယ်စားလှယ်ကြီး၏မေးခွန်းပါ ကျောက်ပန်းတောင်းမြို့နယ်၊ မြောက်ပိုင်းနယ်မြေရှိ ကျေးရွာအုပ်စု ၁၀ အုပ်စုရှိ ကျေးရွာပေါင်း ၃၃ ရွာ၊ အိမ်ထောင်စုပေါင်း ၃၇၁၂ နှင့် တောင်ပိုင်းနယ်မြေရှိ ကျေးရွာအုပ်စု ၁၃ အုပ်စုရှိ ကျေးရွာပေါင်း ၆၃ ရွာ အိမ်ထောင်စုပေါင်း ၆၅၁၃ လျှပ်စစ်ဓာတ်အား ရရှိရေးအတွက် အပိုင်းနှစ်ပိုင်းခွဲ၍ ဆောင်ရွက်ရမှာဖြစ်ပါတယ်။ မြေပုံနှင့်တကွ ရှင်းလင်းတင်ပြခွင့်ပြုပါခင်ဗျား။ ပထမပိုင်းအနေဖြင့် ကျောက်ပန်းတောင်းမြို့နယ်၊ မြောက်ပိုင်းခြမ်းနယ်မြေရှိ လက်ရှိ 11 KV ဓာတ်အားလိုင်းနှင့် ဝေးကွာသောကျေးရွာများ ဓာတ်အားရရှိနိုင်ရန်အတွက် 66 KV ချောက်-ကျောက်ပန်းတောင်း ဓာတ်အားလိုင်း အစိမ်းရောင်လိုင်းဖြင့် ဆွဲသားထားတဲ့လိုင်းမှ အစိမ်းရောင် Dot Dash Line ဖြင့် ဆက်လက်ပုံဖော်ပြထားတာဖြစ်ပါတယ်။ 66 KV ဓာတ်အားလိုင်း ၁၇ မိုင် တည်ဆောက်ခြင်းနှင့် ကူရွာတွင် 66/11 KV 5 MVA ဓာတ်အားခွဲရုံတစ်ရုံကို တည်ဆောက်ဆောင်ရွက်ပေးရမှာဖြစ်ပါတယ်။ အဆိုပါလုပ်ငန်းများဆောင်ရွက်ရန်အတွက် ခန့်မှန်းကုန်ကျမည့်ငွေမှာ ကျပ်သန်းပေါင်း ၁၈၉၂.၂၇၅ ခန့်ဖြစ်ပါတယ်။

ကျောက်ပန်းတောင်းမြို့နယ်၊ တောင်ပိုင်းခြမ်းနယ်မြေရှိ လက်ရှိ 11 KV ဓာတ်အားလိုင်းနှင့် ဝေးကွာသောကျေးရွာများသို့ ဓာတ်အားရရှိနိုင်ရန် 66 KV ချောက်-ကျောက်ပန်းတောင်းလိုင်းမှ တစ်ဆင့် 66 KV ဓာတ်အားလိုင်း ၁၀ မိုင် အောက်ဘက်က Dot Dash Line နဲ့ ပုံဖော်ထားတဲ့လိုင်းဖြစ်ပါတယ်။ တည်ဆောက်ရမှာဖြစ်ပြီး သရက်တောရွာတွင် 66/11 KV 5 MVA ဓာတ်အားခွဲရုံတစ်ရုံတည်ဆောက်ခြင်းလုပ်ငန်းများ ဆောင်ရွက်ရမှာဖြစ်ပါတယ်။ အဆိုပါလုပ်ငန်းများအတွက် ခန့်မှန်းကုန်ကျငွေမှာ ကျပ်သန်းပေါင်း ၁၃၃၃.၈၂၂ ခန့် ကုန်ကျမှာဖြစ်ပါတယ်။ အဆိုပါကဲ့သို့ မြောက်ဘက်ခြမ်းနှင့် တောင်ဘက်ခြမ်းနယ်မြေတို့တွင် လျှပ်စစ်ဓာတ်အားတိုးချဲ့ဖြန့်ဖြူးနိုင်ရေးအတွက် ပထမလုပ်ငန်းအဆင့်အဖြစ် လိုအပ်သော 66 KV ဓာတ်အားလိုင်း စုစုပေါင်း ၂၇ မိုင်နှင့် 5 MVA ဓာတ်အားခွဲရုံနှစ်ရုံ တည်ဆောက်ခြင်းလုပ်ငန်းများအတွက် စုစုပေါင်း ခန့်မှန်းကုန်ကျစရိတ် ကျပ်သန်းပေါင်း ၃၂၂၆.၀၉၇ ကို ၂၀၁၈-၂၀၁၉ ဘဏ္ဍာရေးနှစ်၏ ပြည်ထောင်စုရန်ပုံငွေတွင် လျာထားဆောင်ရွက်နိုင်ရေးအတွက် တင်ပြတောင်းခံပေးသွားမှာဖြစ်ပြီး ဘဏ္ဍာငွေပြည့်စုံလုံလောက်စွာ ရရှိသည့်နှစ်တွင် အကောင်အထည်ဖော်ဆောင်ရွက်ပေးနိုင်မှာဖြစ်ပါတယ်။

အဆိုပါ 66 KV ဓာတ်အားလိုင်းများနှင့် ဓာတ်အားခွဲရုံများတည်ဆောက်ပြီးပါကလည်း လွှတ်တော်ကိုယ်စားလှယ်ကြီးမေးမြန်းတဲ့ ကျေးရွာများကို ဓာတ်အားရရှိနိုင်ရန်အတွက် ဒုတိယပိုင်း

အဆင့်ဖြင့် 11 KV ဓာတ်အားလိုင်းများနှင့် 11/0.4 KV ထရန်စဖော်မာများ ထပ်မံတည်ဆောက်ပြီး မှသာ ကျေးရွာများက လက်တွေ့ဓာတ်အားရရှိမှာဖြစ်ပါတယ်။ ကျောက်ပန်းတောင်းမြို့နယ် မြောက်ပိုင်းခြမ်းရှိကျေးရွာများ ဓာတ်အားဖြန့်ဖြူးနိုင်ရန်အတွက် 11 KV ဓာတ်အားလိုင်း မိုင် ၃၀ ခန့်၊ 11/0.4 KV ထရန်စဖော်မာပေါင်း ၃၇ လုံးခန့်နှင့် တောင်ပိုင်းခြမ်းရှိကျေးရွာများ လျှပ်စစ်ဓာတ်အား ဖြန့်ဖြူးရေးအတွက် 11 KV ဓာတ်အားလိုင်းပေါင်း မိုင် ၄၀ ခန့်နှင့် 11/0.4 KV ထရန်စဖော်မာ အလုံးရေပေါင်း ၆၅ လုံးခန့်အား ထပ်မံတည်ဆောက်ရန် လိုအပ်ပါတယ်။ ဝန်ကြီးဌာနမှ အကောင် အထည်ဖော်ဆောင်ရွက်နေသော အမျိုးသားလျှပ်စစ်ဓာတ်အားရရှိရေးစီမံချက်(NEP)တွင် ထည့်သွင်း လျာထားပေးခြင်းနှင့် တိုင်းဒေသကြီးအစိုးရအဖွဲ့၏ နောင်လာမည့်ဘဏ္ဍာရေးနှစ်များတွင် ရန်ပုံငွေများ ထည့်သွင်းလျာထားပေးနိုင်ရေးအတွက် ညှိနှိုင်းဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း ရှင်းလင်း ဖြေကြားအပ်ပါတယ်ခင်ဗျား။ ကျေးဇူးတင်ပါတယ်။

**မီးလင်းရေးကော်မတီများ လိုက်နာရန်အချက်များ ဖြေလျှော့ပြောင်းလဲသတ်မှတ်ခြင်း၊ လျှပ်စစ်နှင့် ပတ်သက်သော တိုင်းပြည်ဖွံ့ဖြိုးရေးလုပ်ငန်းများ၊ ကျေးရွာနေ အိမ်ထောင်စုအားလုံးနီးပါး လျှပ်စစ်မီး သုံးစွဲနိုင်ရေးနှင့် မီးဘေးအန္တရာယ်စိုးရိမ်ရသော တရားမဝင်ဆင့်ပွားမီးတပ်ဆင်အသုံးပြုခြင်း ပပျောက် ရေးတို့အတွက် ခိုင်မာတိကျသော မူဝါဒချမှတ်အကောင်အထည်ဖော်ခြင်းနှင့်စပ်လျဉ်း၍ မည်ကဲ့သို့ စီစဉ်ဆောင်ရွက်ထားသည်ကို သိလိုခြင်းနှင့်စပ်လျဉ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ**။ ။ဒက္ခိဏသီရိမဲဆန္ဒနယ်မှ ဦးသန့်ဇင်ထွန်း မေးမြန်းဖို့ဖြစ်ပါတယ်။

**ဦးသန့်ဇင်ထွန်း(ဒက္ခိဏသီရိမဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ကြီးနှင့် ပြည်ထောင်စုအဖွဲ့အစည်းဝင်များအားလုံး မင်္ဂလာပါ။ ကျွန်တော်ကတော့ ဒက္ခိဏသီရိ မဲဆန္ဒနယ်က ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးသန့်ဇင်ထွန်း ဖြစ်ပါတယ်။ လေးစားအပ်ပါသော လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ယခင်အစိုးရများလက်ထက်က အမှတ်(၂)လျှပ်စစ်စွမ်းအားဝန်ကြီးဌာန၊ လျှပ်စစ်ဓာတ်အားဖြန့်ဖြူးရေးလုပ်ငန်း၊ ဓာတ်အားဖြန့်ဖြူးရေးဌာနနှင့် ကျေးရွာမီးလင်းရေးကော်မတီ များအကြား မီးလင်းရေးကော်မတီမှ လိုက်နာရမယ့်အချက် ၂၄ ချက်အား ဝန်ခံကတိပြုသိရှိသဘော တူညီကြောင်း စာချုပ်ကိုချုပ်ဆိုခဲ့ရပါတယ်။ ၂၀၁၄ ခုနှစ်မှာ လျှပ်စစ်စွမ်းအားဝန်ကြီးဌာန၊ လျှပ်စစ် ဓာတ်အားဖြန့်ဖြူးရေးလုပ်ငန်းမှ ဓာတ်အားရရှိရေးလုပ်ငန်းများ လွယ်ကူလျင်မြန်စွာဆောင်ရွက်နိုင် ရေးအတွက် မီးလင်းရေးကော်မတီမှ လိုက်နာရမယ့်အချက် ၂၄ ချက်ကို ၁၂ ချက်သို့ဖြေလျှော့

ပြောင်းလဲသတ်မှတ်ခဲ့ပါတယ်။ အဆိုပါဖြေလျှော့ပြောင်းလဲသတ်မှတ်ရာမှာ မူလသတ်မှတ်ချက်များမှ အမှတ်စဉ်(၄)၊ (၅)၊ (၁၂) နှင့် (၁၃)တို့ကို မူလသတ်မှတ်ချက်များအတိုင်းထား၍ အမှတ်စဉ်(၁)၊ (၂)၊ (၃)၊ (၁၁)၊ (၁၅)၊ (၁၆)၊ (၁၇)၊ (၁၉)၊ (၂၀)၊ (၂၁)၊ (၂၃)နှင့် (၂၄)တို့ကို ပယ်ဖျက်ပြီးတော့ အမှတ်စဉ်(၆) နဲ့ (၇)ကိုပေါင်းကာ အမှတ်စဉ်(၈)၊ (၉)၊ (၁၀)၊ (၁၄)၊ (၁၈)နဲ့ (၂၂)တို့ကို ပြင်ဆင်ဖြည့်စွက်ထားပါတယ်။ လိုက်နာရမယ့်အချက်တစ်ချက်အား အသစ်ရေးဆွဲသတ်မှတ်ပြီး ထပ်ဖြည့်ခဲ့ပါတယ်။ ယခုအခါ မီးလင်းရေးကော်မတီမှ လိုက်နာရမယ့်အချက် ၂၄ ချက်အား ဝန်ခံကတိပြုသိရှိသဘောတူညီကြောင်း စာချုပ်ကို ချုပ်ဆိုခဲ့ရတဲ့ကျေးရွာများမှာ မီးလင်းနိုင်ရန်အတွက် ကျေးရွာနေအိမ်ထောင်စုများမှ တစ်အိမ်ထောင်လျှင် ရန်ပုံငွေမြောက်မြားစွာထည့်ဝင်နေရသောကြောင့် ကျေးရွာရဲ့သုံးပုံတစ်ပုံခန့်သာ မီးလင်းနိုင်ကြပြီး ကျန်အိမ်ထောင်စုများမှာ မီးမလင်းနိုင်ခြင်း၊ တရားမဝင်ဆင့်ပွားမီးများတပ်ဆင် အသုံးပြုခြင်းများရှိနေပါတယ်။

ကျေးရွာများမီးဘေးအန္တရာယ်အတွက်လည်း များစွာစိုးရိမ်နေရပါတယ်။ မီးလင်းရေးကော်မတီများမှ ဘဏ်များမှာ ရန်ပုံငွေအပိုမြောက်မြားစွာ အပ်နှံထားကြသော်လည်း ပယ်ဖျက်ပြီးအချက် ၁၂ ချက်အားသဘောတူလက်မှတ်ရေးထိုးထားရသဖြင့် မီးလင်းလိုသည့်အိမ်ထောင်စုမှာ တိုးတက်လာခြင်း မရှိဘဲ ကျေးလက်နေဆင်းရဲသားပြည်သူတို့ရဲ့ လူမှုဘဝနဲ့ကျောင်းသားကျောင်းသူတွေရဲ့ ပညာရေး မြှင့်တင်ရေးတို့မှာ အဟန့်အတားဖြစ်နေပါတယ်။ မီးလင်းရေးကော်မတီမှ ဖြေလျှော့ပြောင်းလဲ သတ်မှတ်သည့် အမှတ်စဉ်(၁၂) ပါပြဋ္ဌာန်းချက်ကို လိုက်နာမှုမရှိဘဲ တိုင်းပြည်ဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်သည့်အခါတွင်လည်း မီးလင်းလိုတဲ့အခြားကျေးရွာများရဲ့ မီးကော်မတီများနဲ့ လျှပ်စစ်နဲ့ ပတ်သက်တဲ့ တိုင်းပြည်ဖွံ့ဖြိုးရေးလုပ်ငန်းများအပေါ် ရန်ပုံငွေမြောက်မြားစွာ တောင်းခံမှုများလည်း ရှိနေပါတယ်။

မီးလင်းရေးကော်မတီများနဲ့ပတ်သက်ရင်လည်း ကော်မတီဖွဲ့စည်းပုံ၊ စည်းမျဉ်းနှင့် တာဝန်နှင့် လုပ်ပိုင်ခွင့်တိကျသောသတ်မှတ်ချက်မရှိခြင်း၊ ကော်မတီသက်တမ်းသတ်မှတ်ချက်မရှိခြင်း၊ ကော်မတီ အစည်းအဝေးဆုံးဖြတ်ချက်ဖြင့်မဟုတ်ဘဲ ကော်မတီဝင်တစ်ဦးစ နှစ်ဦးစမှ လွှမ်းမိုးလုပ်ဆောင်နေခြင်း၊ ငွေစာရင်းရှင်းတမ်းများစာရင်းအင်္ဂါရပ်နှင့်မညီညွတ်ခြင်း၊ ငွေစာရင်းရှင်းတမ်းများကို ကျေးရွာအတွင်း ပွင့်လင်းမြင်သာစွာအသိပေးကြေညာမှုမရှိခြင်း၊ ကော်မတီနှင့်ရပ်ရွာလူထုကြား တွေ့ဆုံဆွေးနွေးညှိနှိုင်း ဆောင်ရွက်မှုမရှိခြင်း၊ အိမ်ထောင်စုအများစု မီးလင်းရေးဦးတည်ဆောင်ရွက်မှုမရှိခြင်း၊ ငွေကြေးချို့တဲ့

သော အိမ်ထောင်စုများ မီးရယူနိုင်ရန်ညှိနှိုင်းဆောင်ရွက်မှုအားနည်းခြင်း၊ မီးလင်းပြီးနောက် လက်ကျန်ရန်ပုံငွေများကို အရှည်သဖြင့် မည်သို့စီမံခန့်ခွဲမည်ဟူသော စီမံချက်မရှိခြင်း၊ ကိုယ်ထူကိုယ်ထမီးလင်းရေးဆောင်ရွက်ပြီးနောက် နောက်နှစ်မည်မျှကြာလျှင် လျှပ်စစ်ဌာနမှလွှဲပြောင်းတာဝန်ယူမည်ဟူသော သတ်မှတ်ကာလမရှိခြင်းစတဲ့ အားနည်းချက်များလည်း တွေ့ရှိနေရပါတယ်။

သို့ဖြစ်ပါသောကြောင့် လွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် (က)ဖြေလျှော့ပြောင်းလဲသတ်မှတ်သည့်အချက် ၁၂ ချက်ကို မီးလင်းရေးကော်မတီမှ လိုက်နာရမည့်အချက် ၂၄ ချက်အား ဝန်ခံကတိပြုသိရှိသဘောတူညီကြောင်း စာချုပ်ချုပ်ဆိုထားသော မီးလင်းရေးကော်မတီများအပေါ် လျှပ်စစ်ဓာတ်အားဖြန့်ဖြူးရေးလုပ်ငန်းမှ ပြန်လည်ပြင်ဆင်ချုပ်ဆိုပေးရန် အစီအစဉ်ရှိ/မရှိ၊ (ခ) လျှပ်စစ်နှင့်ပတ်သက်သော တိုင်းပြည်ဖွံ့ဖြိုးရေးလုပ်ငန်းများ၊ ကျေးရွာနေအိမ်ထောင်စုအားလုံးနီးပါး လျှပ်စစ်မီးလင်းနိုင်ရေးနှင့် မီးဘေးအန္တရာယ်စိုးရိမ်ရသော တရားမဝင်ဆင့်ပွားမီးများ တပ်ဆင်အသုံးပြုခြင်းပပျောက်ရေးတို့အတွက် ခိုင်မာတိကျသော မူဝါဒချမှတ်အကောင်အထည်ဖော်ဆောင်ရွက်ရန် အစီအစဉ်ရှိ/မရှိကို လွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် မေးမြန်းအပ်ပါတယ်ခင်ဗျား။ ကျေးဇူးတင်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ။** ။ လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာနက ဖြေကြားရန်ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဒေါက်တာထွန်းနိုင်(ဒုတိယဝန်ကြီး၊ လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန)။** ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များအားလုံး မင်္ဂလာအပေါင်းနှင့် ပြည့်စုံကြပါစေခင်ဗျား။ နေပြည်တော်ကောင်စီနယ်မြေ၊ ဒက္ခိဏသီရိမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးသန့်ဇင်ထွန်း မေးမြန်းသည့် ဖြေလျှော့ပြောင်းလဲသတ်မှတ်သည့် အချက် ၁၂ ချက်ကို မီးလင်းရေးကော်မတီမှ လိုက်နာရမည့်အချက် ၂၄ ချက်အား ဝန်ခံကတိပြုသိရှိသဘောတူညီကြောင်း စာချုပ်ချုပ်ဆိုထားသော မီးလင်းရေးကော်မတီများအပေါ် လျှပ်စစ်ဓာတ်အားဖြန့်ဖြူးရေးလုပ်ငန်းမှ ပြန်လည်ပြင်ဆင်ချုပ်ဆိုပေးရန်အစီအစဉ်ရှိ/မရှိနှင့် လျှပ်စစ်နှင့်ပတ်သက်သော တိုင်းပြည်ဖွံ့ဖြိုးရေးလုပ်ငန်းများ၊ ကျေးရွာနေအိမ်ထောင်စုအားလုံးနီးပါး လျှပ်စစ်မီးလင်းနိုင်ရေးနှင့် မီးဘေးအန္တရာယ်စိုးရိမ်ရသော တရားမဝင်ဆင့်ပွားမီးတပ်ဆင်အသုံးပြုခြင်းပပျောက်ရေးတို့အတွက် ခိုင်မာတိကျသော

မူဝါဒချမှတ်အကောင်အထည်ဖော်ဆောင်ရွက်ရန်အစီအစဉ်ရှိ/မရှိ မေးခွန်းနှင့်ပတ်သက်၍ ကျွန်တော် ဒုတိယဝန်ကြီး ဒေါက်တာထွန်းနိုင်က ရှင်းလင်းဖြေကြားသွားမှာဖြစ်ပါတယ်။

လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာနသည် ပြည်သူများလျှပ်စစ်ဓာတ်အား ရရှိသုံးစွဲနိုင်ရေးအတွက် ပြည်ထောင်စုနှင့် တိုင်းဒေသကြီး/ပြည်နယ်ဘတ်ဂျက်များ၊ ပြည်ပချေးငွေများကို အသုံးပြုကာ အကောင်အထည်ဖော် ဆောင်ရွက်ပေးလျက်ရှိပါတယ်။ ထိုသို့ဆောင်ရွက်ပေးရာမှာ သတ်မှတ်ကာလ ထက်ဆောလျင်စွာ လျှပ်စစ်ဓာတ်အားရရှိလိုသော အချို့သောကျေးရွာများအနေဖြင့် ကျေးရွာအတွင်း မီးလင်းရေးကော်မတီများဖွဲ့စည်းကာ ကိုယ်ထူကိုယ်ထစနစ်ဖြင့် ဆောင်ရွက်လျက်ရှိကြပါတယ်။ ထိုသို့ လျှပ်စစ်ဓာတ်အားဆောလျင်စွာရရှိရေးဆောင်ရွက်ရန် မီးလင်းရေးကော်မတီများက လိုအပ်သော လုပ်ငန်းများဆောင်ရွက်ခွင့်ပြုပါရန် လျှောက်ထားလာပါက အဆိုပါကော်မတီများက လိုက်နာရမယ့် ကတိခံဝန်ချက် ၂၄ ချက်ကို ၂၀၀၇ ခုနှစ်မှစတင်ကာချမှတ်ပြီး စိစစ်ခွင့်ပြုပေးလျက်ရှိပါတယ်။ စိစစ် ခွင့်ပြုပေးရာမှာလည်း မီးလင်းရေးကော်မတီများက လိုက်နာရမယ့်အချက်များကို ဝန်ခံကတိပြု၍ သိရှိသဘောတူကြောင်း ဝန်ခံကတိပြုလက်မှတ်ရေးထိုးစေခြင်းသာဖြစ်ပြီး ဝန်ကြီးဌာနနှင့် မီးလင်းရေး ကော်မတီတို့အကြား စာချုပ်ချုပ်ဆိုထားခြင်းမရှိပါကြောင်း ဦးစွာရှင်းလင်းဖြေကြားလိုပါတယ်။

၎င်းဝန်ကြီးဌာနအနေဖြင့် ကိုယ်ထူကိုယ်ထကျေးရွာမီးလင်းရေးကော်မတီများ ဖွဲ့စည်းကာ ပိုမို လွယ်ကူလျင်မြန်စွာ ဆောင်ရွက်နိုင်စေရေးကိုရည်ရွယ်ပြီး ခေတ်စနစ်နှင့်လိုက်လျောညီထွေမယ့် သတ်မှတ်ချက်များဖြစ်ပေါ်စေရန်အတွက် ၂၀၁၄ ခုနှစ်၊ ဇွန်လ ၁၇ ရက်နေ့တွင် မီးလင်းရေးကော်မတီ များလိုက်နာရမယ့်အချက် ၂၄ ချက်မှ ၁၂ ချက်သို့ ဖြေလျှော့သတ်မှတ်ပေးခဲ့တာဖြစ်ပါတယ်။ ပြင်ဆင်ဖြေလျှော့ပေးထားတဲ့အချက် ၁၂ ချက်ဟာလည်း ယခင်သတ်မှတ်ချက် ၂၄ ချက်ဖြင့် ကတိဝန်ခံ ချက်ရေးထိုးဆောင်ရွက်ခဲ့သော မီးလင်းရေးကော်မတီများနှင့် အကျုံးဝင်သက်ဆိုင်ပါသဖြင့် ဖြေလျှော့ ပေးထားတဲ့အချက် ၁၂ ချက်အတိုင်း လိုက်နာဆောင်ရွက်ကြရမှာဖြစ်ပါတယ်။

မေးမြန်းချက်တွင်ပါရှိသည့် တရားမဝင်ဆင့်ပွားမီးတပ်ဆင်အသုံးပြုခြင်း ပပျောက်ရေးနှင့် စပ်လျဉ်း၍ တိကျခိုင်မာစွာဆောင်ရွက်လျက်ရှိကြောင်းကိုလည်း ရှင်းလင်းဖြေကြားလိုပါတယ်။ ၂၀၁၄ ခုနှစ်၊ အောက်တိုဘာလ ၂၇ ရက်နေ့တွင် ပြည်ထောင်စုလွှတ်တော်က အတည်ပြုပြဋ္ဌာန်းပေးခဲ့သည့် လျှပ်စစ်ဥပဒေ အခန်း(၁၂) ပုဒ်မ ၅၂ အရ ခွင့်ပြုမိန့်ရရှိသူ၏ ခွင့်ပြုချက်မရရှိဘဲ မည်သူမျှ လျှပ်စစ်ဓာတ်အားကို သွယ်တန်းရယူခြင်း၊ ဖြန့်တီးခြင်း၊ အသုံးပြုခြင်းမပြုရဟု တားမြစ်ထုတ်ပြန်

ထားပြီး အခန်း(၁၃) ပုဒ်မ ၆၂ အရ မည်သူမဆို အဆိုပါပုဒ်မ ၅၂ ပါတားမြစ်ချက်ကို ဖောက်ဖျက်ခြင်း၊ ကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူကိုအနည်းဆုံး ကျပ်တစ်သိန်းမှ အများဆုံး ကျပ်သုံးသိန်းအထိ ငွေဒဏ်ချမှတ်ရန်နှင့် ယင်းပြစ်မှုကိုထပ်မံကျူးလွန်ကြောင်း ပြစ်မှုထင်ရှား စီရင်ခြင်းခံရလျှင် ထိုသူကိုနှစ်နှစ်ထက်မပိုသော ထောင်ဒဏ်ချမှတ်ခံမည့်အပြင် ငွေဒဏ်လည်း ချမှတ်နိုင်သည်ဟု ပြဋ္ဌာန်းထားတာဖြစ်ပါတယ်။

အဆိုပါ ပြဋ္ဌာန်းချက်နှင့်အညီ ဆင့်ပွားဓာတ်အားပေးနေမှုဖြစ်စဉ်များကို စိစစ်တွေ့ရှိရပါက ဓာတ်အားဖြတ်တောက်ခြင်း၊ ၎င်း၏တပ်ဆင်ဝန်အားအလိုက် ဒဏ်ငွေပေးဆောင်စေခြင်းနှင့် နောင်တွင် အလားတူဖြစ်စဉ်မျိုး ထပ်မံဖြစ်ပေါ်လာပါက ချိုးဖောက်သူအား ရာသက်ပန်ဓာတ်အားဖြတ်တောက် မည်ဖြစ်ကြောင်း၊ မီးသုံးသူကို ဝန်ခံကတိများရေးထိုးခြင်းတို့ကို ပြည်နယ်/တိုင်းဒေသကြီးအလိုက် စီမံချက်များချမှတ်အရေးယူကာ စိစစ်ဆောင်ရွက်လျက်ရှိပါတယ်။ တရားမဝင်ဓာတ်အားသုံးစွဲမှုများ ကြောင့် တစ်နိုင်ငံလုံးမှာ ၂၀၁၆ ခုနှစ် ဧပြီလမှ ၂၀၁၇ ခုနှစ် ဇန်နဝါရီလအထိ ၁၀ လတာကာလ အတွင်းမှာ စိစစ်ခဲ့ရာမှာ အမှုပေါင်း ၆၀၉ မှုကို ဖော်ထုတ်နိုင်ပြီး ဒဏ်ငွေစုစုပေါင်း ၆၁၆ သန်း ကျော်သတ်မှတ် ပေးဆောင်စေခဲ့ရပါတယ်။ တရားမဝင်ဓာတ်အားသုံးစွဲမှုများ ပပျောက်စေရေးကို ရည်ရွယ်ပြီး ဌာနက စိစစ်ဖော်ထုတ်မှုများ စဉ်ဆက်မပြတ်ဆောင်ရွက်နေပြီး တာဝန်သိပြည်သူများက လည်း တရားမဝင် ဆင့်ပွားမီးသုံးစွဲနေမှုများတွေ့ရှိနေကြောင်း တိုင်ကြားလာပါက ဥပဒေ၊ စည်းမျဉ်း စည်းကမ်းများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိပါကြောင်း ရှင်းလင်းဖြေကြားအပ်ပါတယ်။ ကျေးဇူးတင်ပါတယ်ခင်ဗျား။

**တောင်တွင်းကြီးမြို့လယ်ခေါင်တည့်တည့်ရှိ နယူးဒေးစက်သုံးဆီအရောင်းဆိုင်ကို မြို့ပြင်ရှိသင့်လျော် သည့်နေရာသို့ ပြောင်းရွှေ့ပေးရန်အစီအစဉ်ရှိ/မရှိနှင့် စပ်လျဉ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ**။ ။ တောင်တွင်းကြီးမဲဆန္ဒနယ်မှ ဦးမင်းသိန်း မေးမြန်းဖို့ဖြစ်ပါတယ်။

**ဦးမင်းသိန်း(တောင်တွင်းကြီးမဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီးနှင့် အားလုံးရွှင်လန်းချမ်းမြေ့ကြပါစေလို့ ဆုမွန်ကောင်းတောင်းအပ်ပါတယ်။ ကျွန်တော် ကတော့ တောင်တွင်းကြီးမဲဆန္ဒနယ်က ဦးမင်းသိန်း ဖြစ်ပါတယ်။ ကျွန်တော် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ကြီးမှတစ်ဆင့် မေးမြန်းလိုတဲ့အကြောင်းအရာကတော့ တောင်တွင်းကြီးမြို့လယ်ခေါင်တည့်တည့်မှာရှိ တဲ့ နယူးဒေးစက်သုံးဆီအရောင်းဆိုင်ကို မြို့ပြင်သို့ ပြောင်းရွှေ့ပေးရန်အစီအစဉ်ရှိ/မရှိ မေးခွန်းဖြစ်ပါ

တယ်။ ဒီမေးခွန်းမေးမြန်းရခြင်းအကြောင်းအရင်းကို ဖော်ပြလိုပါတယ်။ တောင်တွင်းကြီးမြို့ဟာ မြန်မာနိုင်ငံအလယ်ပိုင်းပူပြင်းခြောက်သွေ့တဲ့ဒေသမှာ တည်ရှိပါတယ်။ နွေရာသီကာလမှာအပူချိန်အနည်းဆုံး ၄၀ ဒီဂရီစင်တီဂရိတ်မှာ ရှိနေပါတယ်။ ဒါကြောင့် နွေရာသီကာလရောက်ရင် မီးဘေးအန္တရာယ်အလွန်စိုးရိမ်ရပါတယ်။ အထူးသဖြင့် မြို့ရဲ့တည်နေပုံက မြို့စု၊ မြို့ဝိုင်းပုံသဏ္ဍာန်ရှိပါတယ်။ ဒါကြောင့် မီးလောင်လိုက်လို့ရှိရင် အချိန်မီမငြိမ်းသတ်နိုင်လို့ရှိရင် အနည်းဆုံးအိမ်ခြေ ရာဂဏန်းလောက် လောင်ကျွမ်းသွားတာကို သက်သေပြပါမယ်။ ၁၉၈၁ ခုနှစ်၊ ဧပြီလ ၁၁ ရက်နေ့က တောင်တွင်းကြီးမြို့ရဲ့ ၉၀ ရာခိုင်နှုန်းနီးပါ အိမ်ခြေပေါင်း ၅၀၀၀ ကျော် မီးဘေးသင့်ခံခဲ့ရဖူးပါတယ်။ တောင်တွင်းကြီးမြို့ကို ပြောင်တလင်းကြီးခါသွားစေခဲ့တဲ့ မီးဖြစ်ပါတယ်။ အဲဒီကနောက် ၁၉၈၉ ခုနှစ်မှာ အိမ်ခြေ ၂၀၀ ကျော် လောင်ကျွမ်းခဲ့တဲ့ အုန်းတောရပ်ကွက်မီး၊ ၁၉၉၅ ခုနှစ်မှာ လောင်ကျွမ်းခဲ့တဲ့ ရွှေအိုးရပ်ကွက်မီးနှင့် ၁၉၉၈ ခုနှစ်မှာ လောင်ကျွမ်းခဲ့တဲ့ မောင်းတံရပ်ကွက်မီးများဟာ အိမ်ခြေပေါင်း ၁၅၀ ကျော်ပြီး လောင်ကျွမ်းခဲ့တာကြောင့်ပါ။ ဒီလို မြို့စု၊ မြို့ဝိုင်းပုံသဏ္ဍာန်ရှိနေတဲ့ မြို့ရဲ့အလယ်ခေါင် မကွေးလမ်း၊ ပြည်လမ်း၊ နတ်မောက်လမ်း၊ လမ်းဆုံအလယ်ခေါင်တည့်တည့်ကြီးမှာ နယူးဒေးစက်သုံးဆီဆိုင်ရှိပါတယ်။ ဒီစက်သုံးဆီဆိုင်ဟာ သူ့ရဲ့အရှေ့ဘက်မှာ ခြံစည်းရိုးပဲကာရံထားတဲ့ ထိစပ်နေတာကတော့ ကျောင်းသားပေါင်း ၅၀၀ လောက် သင်ကြားနေတဲ့ မြို့မအလယ်တန်းကျောင်းခွဲဖြစ်ပါတယ်။ ဆိုင်ရဲ့မြောက်ဘက် ပေ ၁၀၀ ခန့်အကွာမှာတော့ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၊ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရှိပါတယ်။ အဲဒီဌာနကြီးတွေရဲ့နောက်မှာတော့ လယ်ယာမြေနဲ့စာရင်းအင်းဦးစီးဌာန၊ မြန်မာ့စီးပွားရေးဘဏ်၊ စိုက်ပျိုးရေးဘဏ်၊ လူဝင်မှုကြီးကြပ်ရေး၊ သတင်းတပ်ဖွဲ့၊ အခွန်ဦးစီးရုံး၊ စ.ရ.ဖ ရုံး စသည်တို့ရှိပါတယ်။ အနောက်တောင်ဘက်မှာတော့ မီးသတ်ဦးစီးဌာနနှင့် ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း၊ သစ်တောဦးစီးဌာန၊ မြို့နယ်ပြည်သူ့ဆေးရုံ၊ မြို့မရဲစခန်းတို့ဟာ ကိုက် ၃၀၀ အတွင်းမှာ ရှိပါတယ်။ သူ့ရဲ့အနောက်မြောက်ဘက် ကိုက် ၂၀၀ ခန့်အတွင်းမှာတော့ အာဇာနည်ခေါင်းဆောင်ကြီးကိုးဦးရဲ့ ရုပ်ထုများရှိတဲ့ အာဇာနည်ရင်ပြင်နဲ့ မြို့မဈေးကြီးတို့ရှိနေပါတယ်။ ဒီလိုမြို့ရဲ့အချက်အခြာ အလယ်ဗဟိုတည့်တည့်မှာရှိနေတဲ့ နယူးဒေးစက်သုံးဆီအရောင်းဆိုင်ကြီးကို မြို့ပြင်ကိုရွှေ့ပေးဖို့ ယခင်ယခင်အစိုးရလက်ထက်မှာ ဆန္ဒထုတ်ဖော်ပွဲများ ခုနှစ်ကြိမ်တိတိလုပ်ခဲ့ပါတယ်။ ပြည်သူတို့ရဲ့တိုင်ကြားစာနဲ့ အသနားခံစာကော်မတီကိုလည်း ကျွန်တော်တို့တင်ပြခဲ့ဖူးပါတယ်။ ယခု NLD အစိုးရလက်ထက်မှာလည်းပဲ မကွေးတိုင်းဒေသကြီး၊ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးဝင်းမြင့်လှိုင်က တိုင်းဒေသကြီးအစိုးရကို မေးမြန်းခဲ့ပါတယ်။ ဒါပေမဲ့လို့

မရေရာသောအဖြေများကိုသာ ဖြေကြားခဲ့ပါတယ်။ မြန်မာနိုင်ငံတစ်ဝန်းလုံးမှာရှိတဲ့ စက်သုံးဆီအရောင်းဆိုင်များနဲ့ ယှဉ်ကြည့်စေချင်ပါတယ်။ ရုံးပေါင်းစုံပတ်လည်ဝိုင်းနေတဲ့ စက်သုံးဆီအရောင်းဆိုင်ရယ်လို့ တောင်တွင်းကြီးမြို့က ဆိုင်တစ်ဆိုင်ပဲရှိမယ်ထင်ပါတယ်။ ကျောင်းသားပေါင်း ၅၀၀ ကျော်စာသင်ကြားနေတဲ့ကျောင်းနဲ့ခြံစည်းရိုးပဲခြားတဲ့ စက်သုံးဆီဆိုင် တောင်တွင်းကြီးမှာပဲရှိပါတယ်။ အကယ်၍များ ဒီဆိုင်ကစပြီး မီးလောင်ခဲ့ရင် အခြားနေရာများကို မကူးစက်သည့်ထား အလယ်တန်းကျောင်းကိုတော့ အချိန်မရွေးကူးစက်နိုင်ပါတယ်။ အကယ်၍ မီးမကူးစက်သည့်ထား ကျောင်းသားများအထိတ်တလန့်ပြေးကြ၊ လွှားကြနဲ့အချင်းချင်း နင်းပြီး သေကြရမှာပါ။ အလယ်တန်းကျောင်းခွဲဆိုတော့ KG အသက် (၅) နှစ်အရွယ်ကစပြီး အသက် (၁၄) နှစ်အရွယ် အဋ္ဌမတန်းအထိပါ။ မီးလောင်ရင်၊ မီးလန့်ရင် မပြေးတတ်၊ မလွှားတတ်၊ လူချင်းနင်းပြီးတော့ သေရမယ့်ကလေးအရွယ်တွေပါ။ ဒါကြောင့် လွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် မေးမြန်းလိုတာက ရုံးပေါင်းစုံဝန်းရံနေပြီး ကျောင်းသား ၅၀၀ ကျော်ပညာသင်ကြားနေသည့် အလယ်တန်းကျောင်းခွဲနဲ့ထိစပ်နေတဲ့ ၎င်းစက်သုံးဆီဆိုင်အား မြို့ပြင်သို့ ပြောင်းရွှေ့ပေးရန် အစီအစဉ်ရှိ/မရှိနှင့်မရှိပါကလည်း မည်သည့်အကြောင်းကြောင့်မရှိကြောင်း သို့မဟုတ် ရှိပါကလည်း မည်သည့်အချိန်တွင် ပြောင်းရွှေ့ပေးမည်ဖြစ်ကြောင်း လွှတ်တော်ဥက္ကဋ္ဌကြီးမှ တစ်ဆင့် လေးစားစွာမေးမြန်းအပ်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာနက ဖြေကြားရန်ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဒေါက်တာထွန်းနိုင်(ဒုတိယဝန်ကြီး၊ လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌနှင့် လွှတ်တော်ကိုယ်စားလှယ်များအားလုံး မင်္ဂလာအပေါင်းနှင့် ပြည့်စုံကြပါစေခင်ဗျား။ မကွေးတိုင်းဒေသကြီး၊ တောင်တွင်းကြီးမဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးမင်းသိန်းမေးမြန်းသည့် တောင်တွင်းကြီးမြို့လယ်ခေါင်တည့်တည့်ရှိ နယူးဒေးစက်သုံးဆီအရောင်းဆိုင်သည် မီးသတ်ဌာနနှင့် နီးကပ်စွာတည်ရှိနေသည့်အချက်တစ်ချက်တည်းဖြင့် မလုံလောက်ဘဲ ရုံးပေါင်းစုံနှင့်နီးကပ်ခြင်း၊ မူလတန်းလွန်ကျောင်းနှင့်နီးကပ်ခြင်း၊ ဆေးရုံးနှင့်နီးကပ်ခြင်း၊ မြို့မဈေးကြီးနှင့်နီးကပ်ခြင်းတို့ကြောင့် မြို့လယ်ခေါင်တည့်တည့်ရှိ နယူးဒေးစက်သုံးဆီအရောင်းဆိုင်ကို မြို့ပြင်ရှိသင့်တော်သည့်နေရာသို့ရွှေ့ပြောင်းပေးရန် အစီအစဉ်ရှိ/မရှိ သိရှိလိုခြင်းနှင့်

ပတ်သက်သည့်မေးခွန်းအား မကွေးတိုင်းဒေသကြီး အစိုးရအဖွဲ့၏ကိုယ်စား ကျွန်တော် လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး ဒေါက်တာထွန်းနိုင်က ပေါင်းစပ်ဖြေကြားပေးသွားမှာ ဖြစ်ပါ တယ်။

မကွေးတိုင်းဒေသကြီး၊ တောင်တွင်းကြီးမြို့လယ်ခေါင်ရှိ နယူးဒေးစက်သုံးဆီအရောင်းဆိုင်သည် ၁၉၆၄ ခုနှစ် မတိုင်မီက BOC ရေနံကုမ္ပဏီပိုင်ဆိုင်ဖြစ်ပြီး ပုဂ္ဂလိကကိုယ်စားလှယ် ဦးစောလှိုင်မှ အမည်ခံ၊ တာဝန်ခံရောင်းချသော စက်သုံးဆီအရောင်းဆိုင်ဖြစ်ခဲ့ပါတယ်။ အဆိုပါ BOC ပိုင် အရောင်းဆိုင်သည် ယင်းကာလကတည်းက နည်းစနစ်ပိုင်း၊ စီမံခန့်ခွဲမှုပိုင်းတို့ဖြင့် မြို့လယ်ခေါင်တည့်တည့်မှာ မီးဘေးအန္တရာယ်ကင်းရှင်းစွာဖြင့် စက်သုံးဆီရောင်းချမှုကို လုပ်ကိုင်ဆောင်ရွက်ခဲ့ပါတယ်။

၁၉၆၄ ခုနှစ်နောက်ပိုင်း ပြည်သူပိုင်သိမ်းဆည်းမှုများ ဆောင်ရွက်ခဲ့ပြီးတဲ့နောက် ယခင်စက်မှု (၂) ဝန်ကြီးဌာနလက်အောက်ရှိ ရေနံထွက်ပစ္စည်းဖြန့်ဖြူးရောင်းချရေး ကော်ပိုရေးရှင်းအမည်ဖြင့် ရပ်တည်လုပ်ကိုင်ခဲ့ပါတယ်။ ၁၉၈၅ ခုနှစ်၊ စွမ်းအင်ဝန်ကြီးဌာန ဖွဲ့စည်းသည့်အချိန်မှ မြန်မာ့ရေနံထွက်ပစ္စည်းရောင်းဝယ်ရေးလုပ်ငန်းအမည်သို့ ပြောင်းလဲခဲ့ရာနောက်ပိုင်းမှာ အဆိုပါစက်သုံးဆီအရောင်းဆိုင်ကို သတ္တုတွင်းဝန်ကြီးဌာန၊ သတ္တုတွင်းဦးစီးဌာနမှ သိုလှောင်ခွင့်လိုင်စင်နှင့် လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာန၊ မြန်မာ့ရေနံထွက်ပစ္စည်းရောင်းဝယ်ရေးလုပ်ငန်းတို့မှ ဖြန့်ဖြူးရောင်းချခွင့်လိုင်စင်တို့ကို လုပ်ထုံးလုပ်နည်း၊ ဥပဒေ၊ နည်းဥပဒေများနှင့်အညီ စစ်ဆေးအတည်ပြုပြီးစက်သုံးဆီများကို အများပြည်သူသို့ အဆင်ပြေချောမွေ့စွာ ဝယ်ယူသုံးစွဲနိုင်ရန် ဆက်လက်ရောင်းချပေးခဲ့တာဖြစ်ပါတယ်။

မြန်မာ့ရေနံထွက်ပစ္စည်းရောင်းဝယ်ရေးလုပ်ငန်းပိုင် စက်သုံးဆီအရောင်းဆိုင်အနေဖြင့် နိုင်ငံ့ဝန်ထမ်းများကို စနစ်တကျတာဝန်အဆင့်ဆင့်ပေးပြီး ဥပဒေ၊ နည်းဥပဒေများ၊ Petroleum Oruducts Handing Process များကို လိုက်နာကျင့်သုံးဆောင်ရွက်စေခဲ့တာဖြစ်ပါတယ်။ ၁၉၈၁ ခုနှစ်၊ တောင်တွင်းကြီးမြို့ မြို့လုံးကျွတ် မီးဘေးသင့်သည့်အချိန်မှာ ၎င်းစက်သုံးဆီအရောင်းဆိုင်ဟာ မီးဘေးကင်းလွတ်ခဲ့သည်မှာ မရေမရာယုံတမ်းစကားအနေဖြင့် ရှင်းလင်းတင်ပြခဲ့ခြင်းမဟုတ်ဘဲ စနစ်တကျတည်ဆောက်ထားပြီး၊ နည်းစနစ်ပိုင်းအရလည်း စနစ်တကျ ကိုင်တွယ်ရောင်းချနေသည့်အတွက် ထိုစဉ်ကကပ်လျက်ရှိသော မီးသတ်တပ်ဖွဲ့စခန်းပင် မီးဘေးသင့်ခဲ့သည့်တိုင် အဆိုပါစက်သုံးဆီအရောင်းဆိုင်တွင် လောင်စာဆီများ သိုလှောင်ထားသည့်တိုင် မီးဘေးမှကင်းလွတ်ခဲ့ပြီး၊ နိုင်ငံပိုင် စက်သုံးဆီ၊ ငွေကြေး၊ ပစ္စည်းကိရိယာများ မဆုံးရှုံးခဲ့သည်မှာ အမှန်တကယ်ဖြစ်ရပ်ဖြစ်ပါတယ်။

**မူကြမ်း**

ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်ကြီး အကျိုးအကြောင်းဖော်ပြထားသော ဘဏ်များ၊ ရုံးဌာနများ၊ ကျောင်းများအစရှိသည့် အဆောက်အဦများမှာ ၁၉၈၁ ခုနှစ်၊ တောင်တွင်းကြီးမြို့ မြို့လုံးကျွတ်မီးဘေးသင့်ပြီးနောက်မှ မီးဘေးသင့်မြေနေရာပေါ်မှာ အဆိုပါအဆောက်အဦများက နောက်ပိုင်းကာလများ၌ ကပ်လျက်တည်ဆောက်လာတဲ့အတွက်ကြောင့် တည်ရှိလာတာဖြစ်ပါတယ်။ စက်သုံးဆီအရောင်းဆိုင်ဟာ မီးသတ်ဦးစီးဌာန၏ လမ်းညွှန်ချက်များနှင့်အညီ ပုဂ္ဂလိကစက်သုံးဆီ အရောင်းဆိုင်များ တည်ဆောက်ရာမှာ လိုက်နာရမည့်ဘေးကင်းလုံခြုံသော အကာအဝေးများမှာတည်ရှိကြောင်း မီးသတ်ဦးစီးဌာနဘက်ကလည်း ထောက်ခံချက်ပေးထားတာဖြစ်ပါတယ်။

လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန၊ ရေနံထွက်ပစ္စည်းများတင်သွင်းသိုလှောင်သယ်ယူချက်လုပ်ဖြန့်ဖြူးရောင်းချခြင်းလုပ်ငန်းများ ထိန်းသိမ်းကြီးကြပ်ရေးကော်မတီက ထုတ်ပြန်ထားတဲ့ သတ်မှတ်ချက်တွင် မြို့တွင်း၌စက်သုံးဆီအရောင်းဆိုင် တည်ဆောက်ဖွင့်လှစ်ခြင်းကို ငြင်းပယ်ရမည်ဟု သတ်မှတ်ထားတာမရှိပါဘူး။ မြို့ရွာများအတွင်းမှာ မူလရှိနှင့်သည့် စက်သုံးဆီအရောင်းဆိုင်များအား မြို့ရွာ၏အပြင်သို့ထုတ်ရန်လည်း ညွှန်ကြားချက်တစ်စုံတစ်ရာမပါရှိပါ။ ရန်ကုန်တိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ နေပြည်တော်ကောင်စီနယ်နိမိတ် နယ်မြေများအတွင်းရှိ စည်ပင်သာယာရေးနယ်နိမိတ်အတွင်းမှာ စက်သုံးဆီအရောင်းဆိုင်များအပြင် သဘာဝဓာတ်ငွေ့အရောင်းဆိုင်များကိုပါ မြို့တွင်း၌ဖွင့်လှစ်ရောင်းချခွင့်ပြုထားခြင်းမှာ မြို့တွင်းနေပြည်သူများ၏ ယာဉ်များ၊ သယ်ယူပို့ဆောင်ရေးယာဉ်များ၊ အုပ်ချုပ်မှုသုံးယာဉ်များ အဆင်ပြေချောမွေ့စွာ ဝယ်ယူခြင်းဖြည့်တင်းနိုင်ရေးအတွက် ခွင့်ပြုပေးထားရခြင်းဖြစ်ပါတယ်။ တောင်တွင်းကြီးမြို့ရှိ နယူးဒေးစက်သုံးဆီအရောင်းဆိုင်ဟာလည်း ဒေသအတွင်း ခွင့်ပြုသင့်တဲ့အနေအထားတစ်ရပ်အဖြစ် သတ္တုတွင်းဦးစီးဌာနနှင့် မီးသတ်ဦးစီးဌာနတို့ကလည်း ထောက်ခံချက်ပေးထားတဲ့အချက်အလက်တို့နှင့် ကိုက်ညီတာဖြစ်ပါတယ်။ သို့ဖြစ်ပါ၍ နယူးဒေးစက်သုံးဆီအရောင်းဆိုင်ကို သင့်လျော်သည့်နေရာသို့ ပြောင်းရွှေ့ပေးရန် အစီအစဉ်မရှိပါကြောင်း မကွေးတိုင်းဒေသကြီးအစိုးရအဖွဲ့၏ကိုယ်စား ရှင်းလင်းဖြေကြားအပ်ပါတယ်ခင်ဗျား။ ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ မိုက်ပေးပါ။

**ဦးမင်းသိန်း(တောင်တွင်းကြီးမဲဆန္ဒနယ်)**။ ။ တစ်ဆက်တစ်စပ်တည်းမေးခွန်းဆက်လက်ပြီးမေးခွင့်ပြုပါ။ ဘယ်လိုပဲ မီးဘေးကာကွယ်ရေးအစီအမံများ ပြုလုပ်ထားသော်လည်းပဲ အခန့်မသင့်

ဘူးဆိုရင် မီးလောင်နိုင်ပါတယ်။ ၂၀၁၇ ခုနှစ်၊ မတ်လ ၁၅ ရက်နေ့က သက်သေပြပါမယ်။ မွန်ပြည်နယ် သထုံမြို့အဝင် ဓာတ်ဆီဆိုင်မီးလောင်ခဲ့ပါတယ်။ အဲဒီက မီးလောင်မှုမှာ ဆီတိုင်ကီ ၁၀ လုံးနှင့် မော်တော်ယာဉ်နှစ်စီး မီးထဲပါသွားခဲ့ပါတယ်။ မြို့အပြင်မို့လို့ သထုံမြို့ကံကောင်းသွားတာ ဖြစ်ပါတယ်။ ယခုမကြာသေးမီ မေလ ၁၇ ရက်နေ့ကလည်းပဲ ရခိုင်ပြည်နယ်၊ ပေါက်တောမြို့မှာ ဓာတ်ဆီဆိုင်က စတင်ပြီး မီးလောင်ကျွမ်းခဲ့တာကြောင့် နေအိမ် ၂၃ လုံးကို မီးကူးစပ်လောင်ကျွမ်းခဲ့ပါတယ်။ လူ ၁၆ ဦးပြင်းထန်စွာ ဒဏ်ရာရခဲ့ပါတယ်။ ဒီဆိုင်တွေလည်းပဲ မလောင်နိုင်တဲ့အစီအမံတွေကြားထဲက ထလောင်တာပါ။ ဒါကြောင့် မလောင်နိုင်ပါဘူးလို့ တာဝန်ယူမှု၊ တာဝန်ခံမှုရှိ/မရှိ မေးမြန်းအပ်ပါတယ် ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ပြန်လည်ဖြေကြားပေးပါ။

**ဒေါက်တာထွန်းနိုင်(ဒုတိယဝန်ကြီး၊ လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန)**။ ။ လွှတ်တော်ကိုယ်စားလှယ်၏ မေးမြန်းချက်ထပ်ဆင့်မေးခွန်းအား ရှင်းလင်းဖြေကြားပါ့မယ်။ ထပ်ဆင့်မေးခွန်းနှင့် ပတ်သက်ပြီး စက်သုံးဆီများ ဖွင့်လှစ်ရောင်းချခွင့်ကို လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာနက ဖြန့်ဖြူးရောင်းချခွင့်လိုင်စင်ထုတ်ပေးရတာ ဖြစ်ပါတယ်။ အဆိုပါ ဖြန့်ဖြူးရောင်းချခွင့်လိုင်စင်များကို ထုတ်ပေးရန်နှင့် ပတ်သက်ပြီး သက်ဆိုင်ရာတိုင်းဒေသကြီးနှင့်ပြည်နယ်အစိုးရ၏ ထောက်ခံချက်ပါရှိရပါတယ်။ သိုလှောင်ခြင်းနှင့်ပတ်သက်ပြီး သတ္တုတွင်းဦးစီးဌာန၏ သိုလှောင်ခွင့်လိုင်စင် တင်ပြရပါတယ်။ မီးသတ်ဦးစီးဌာန၏ ထောက်ခံချက်ပါရှိရပါတယ်။ အဆိုပါအချက်အလက်များ ပြည့်စုံပါက လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာနက အဆိုပါစက်သုံးဆီဆိုင်အား သိုလှောင်ဖြန့်ဖြူးရောင်းချခွင့်လိုင်စင်ကို ထုတ်ပေးရတာဖြစ်ပါတယ်။ သို့ပါ၍ အဆိုပါနယူးဒေးစက်သုံးဆီ ဆီဆိုင်အား တိုင်းဒေသကြီးအစိုးရရဲ့ ထောက်ခံချက်၊ သတ္တုတွင်းဝန်ကြီးဌာန၏ သိုလှောင်ခွင့်လိုင်စင်၊ မီးသတ်ဦးစီးဌာန၏ ထောက်ခံချက်တို့ ပြည့်စုံတဲ့အတွက်ကြောင့် ဖြန့်ဖြူးရောင်းချခွင့်လိုင်စင် ထုတ်ပေးထားရတာဖြစ်ပါတယ်။ အဆိုပါအချက်အလက်များ ပြည့်စုံသည့်တိုင် မိမိတို့ဝန်ကြီးဌာနက ဖြန့်ဖြူးရောင်းချခွင့်လိုင်စင် ပိတ်ပင်ထားလို့မရပါဘူး။ ဒါကတော့ ဝန်ကြီးဌာနအနေနဲ့ ဖြေကြားတာဖြစ်ပါတယ်။ သက်ဆိုင်ရာအဆိုပါနယူးဒေးဆီဆိုင်အား မြို့ပြင်သို့ရွှေ့ပြောင်းခြင်းကိစ္စအား တိုင်းဒေသကြီးအစိုးရရဲ့ စီမံခန့်ခွဲမှုကိစ္စရပ်ဖြစ်တဲ့အတွက်ကြောင့် လွှတ်တော်ကိုယ်စားလှယ်ကြီး၏ ထပ်ဆင့်မေးခွန်းအား တိုင်းဒေသကြီးအစိုးရသို့ ညှိနှိုင်း

မေးမြန်းပြီး လွှတ်တော်သို့ စာဖြင့်ပြန်ကြားပေးမှာဖြစ်ပါတယ်ဆိုတာကို ရှင်းလင်းဖြေကြားအပ်ပါတယ် ခင်ဗျား။ ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ ဒီနေရာမှာ ကျွန်တော်တို့ ကိုယ်စားလှယ်တွေ ပြည်နယ်နှင့် တိုင်းဒေသကြီးအစိုးရက လုပ်ပိုင်ခွင့်နဲ့ ပြည်ထောင်စုအစိုးရလုပ်ပိုင်ခွင့်နဲ့ သဲကွဲဖို့လိုတယ်။ ဘာလဲဆို ဒီလိုမေးခွန်းမျိုးတွေသည် ပြည်နယ်နှင့် တိုင်းဒေသကြီးတွေမှာဖြစ်တဲ့ မေးခွန်းမျိုးတွေသည် ကိုယ်စားလှယ်တွေအနေနဲ့ ပြည်သူ့လွှတ်တော်မှာ မေးခွင့်ရှိပါတယ်။ မေးရင် ပြည်ထောင်စုအစိုးရသည် ဒီမေးခွန်းကိုဖြေဖို့ဆိုရင် ပြည်နယ်နှင့်တိုင်းဒေသကြီးအစိုးရသဘောထားပဲ တောင်းလိုက်မှာပါ၊ ဒါဟာ သူ့လုပ်ပိုင်ခွင့်နဲ့သူ ပြည်ထောင်စုအစိုးရနဲ့ ပြည်နယ်နှင့် တိုင်းဒေသကြီးအစိုးရနဲ့ လုပ်ပိုင်ခွင့်ခြားနားထားတာရှိတယ်။ တောင်းလိုက်တဲ့အခါကျတော့ အခုနကလို ပြည်နယ်နှင့် တိုင်းဒေသကြီးမှာဖြေပြီးသားအတိုင်းပဲ လာမယ်ဆိုတာကို ကိုယ်ကြိုသိထားရမယ်။ ဒါဟာရှင်းတယ်။ ဒါကြောင့်မို့လို့ ကျွန်တော်တို့က ကိုယ်စားလှယ်တွေရဲ့ လုပ်ပိုင်ခွင့်မှာဘာရှိသလဲ။ ကိုယ်စားလှယ်တွေရဲ့ လုပ်ပိုင်ခွင့်မှာ ကျွန်တော်တို့ လွှတ်တော်ဆိုင်ရာ ဥပဒေ၊ နည်းဥပဒေမှာ ကိုယ်စားလှယ်တွေရဲ့ လုပ်ပိုင်ခွင့်ပေးထားပါတယ်။ သက်ဆိုင်ရာ၊ ဒေသဆိုင်ရာ အာဏာပိုင်အဖွဲ့နှင့် ညှိနှိုင်းပူးပေါင်းဆောင်ရွက်ခွင့်ဆိုတာရှိတယ်။ ဒါကြောင့်မို့ အခုနကလို ဒီလိုကိစ္စမျိုးဆိုရင် သက်ဆိုင်ရာ၊ ဒေသဆိုင်ရာအာဏာပိုင်အဖွဲ့နဲ့ ပေါင်းစပ်ညှိနှိုင်းဖြေရှင်းတာ ခုနက ပြည်ထောင်စုဒုတိယဝန်ကြီး ဖြေကြားသလို အဲဒီအပေါ်ပိုပြီးတော့ ဂရုပြုပြီးတော့ ကိုယ့်ဘက်က ကြိုးစားပေးဖို့တော့လိုမယ်။ ဒီမှာဆိုလို့ရှိရင်တော့ ဝန်ကြီးဌာနအနေနဲ့ကတော့ ပြည်နယ်နှင့် တိုင်းဒေသကြီးအစိုးရကပေးလိုက်တဲ့အဖြေအတိုင်းပဲ ဖြေမှာပဲ။ ဒါကျွန်တော်တို့ ကိုယ်စားလှယ်တွေ မေးခွန်းမေးတဲ့အခါမှာ ခုနလို ပြည်ထောင်စုအစိုးရနဲ့ တိုက်ရိုက်သက်ဆိုင်တဲ့ လုပ်ပေးရမည့်ဟာမျိုးဆိုရင်တော့ ပြည်ထောင်စုဝန်ကြီးဌာနကနေပြီး တာဝန်ခံပြီးဖြေသွားလိမ့်မယ်။ ဒီလိုပြည်နယ်နှင့် တိုင်းဒေသကြီးအစိုးရက လုပ်တဲ့ဟာကို ဒီမှာမေးမယ်ဆိုရင်တော့ မေးလို့တော့ မေးခွင့်ရှိတယ်။ ပြည်နယ်နှင့် တိုင်းဒေသကြီးအစိုးရက ပြောလိုက်တဲ့သဘောထားအတိုင်းပဲ ဝန်ကြီးဌာနက ဒီမှာ လာဖြေမယ်။ အဲဒါလေးကို ကျွန်တော်တို့ကိုယ်စားလှယ် တော်တော်များများ ရှင်းရှင်းလင်းလင်းသိစေချင်တယ်။

**နိုင်ငံအနှံ့ဖြစ်ပွားနေသော လျှပ်စစ်မီးလင်းရေးကော်မတီ၊ လျှပ်စစ်ထိန်းသိမ်းစောင့်ရှောက်ရေးကော်မတီများ၏ပြဿနာကို ပိုမိုကောင်းမွန်ပြည့်စုံသည့် မူဘောင်စနစ်များချမှတ်၍ ဖြေရှင်းပေးရန် အစီအစဉ်ရှိ/မရှိနှင့်စပ်လျဉ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ**။ ။ သံဖြူဇရပ်မဲဆန္ဒနယ်မှ ဦးဉာဏ်ဟိန်း မေးမြန်းဖို့ဖြစ်ပါတယ်။

**ဦးဉာဏ်ဟိန်း(သံဖြူဇရပ်မဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် အစည်းအဝေးခန်းမအတွင်းမှာရှိတဲ့ဂုဏ်သရေရှိပုဂ္ဂိုလ်များအားလုံး မင်္ဂလာပါ။ ကျွန်တော်ကတော့ သံဖြူဇရပ်မဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးဉာဏ်ဟိန်းဖြစ်ပါတယ်။ ယခုမေးခွန်းကို မေးရခြင်းအကြောင်းအရင်းမှာ လျှပ်စစ်ကဏ္ဍသည် တိုင်းပြည်ဖွံ့ဖြိုးတိုးတက်ရေးအတွက် အရေးကြီးတဲ့အခန်းကဏ္ဍကပါဝင်နေခြင်း၊ ထိုနည်းတူပဲ မြို့ရွာဖွံ့ဖြိုးတိုးတက်ရေး ဆောင်ရွက်ရာမှာလည်းပဲ ပြည်သူလူထုအတွင်းမှာ စည်းလုံးညီညွတ်ရေးဟာ အရေးပါခြင်းတို့ကြောင့် ဒီမေးခွန်းကိုမေးရခြင်း ဖြစ်ပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။ မြန်မာ့လျှပ်စစ်ဌာနမှာ စွမ်းအားထုတ်လုပ်ရေးကဏ္ဍ၊ ဆက်သွယ်ရေးကဏ္ဍနှင့် အဲဒီကဏ္ဍနှစ်ရပ်တွေမှာ နိုင်ငံတော်ရဲ့အရင်းအနှီးနဲ့ဆောင်ရွက်ပြီး ဖြန့်ဖြူးရေးကဏ္ဍ ရောက်တဲ့အချိန်ကျမှ ပုဂ္ဂလိကကို လုံးလုံးချထားပေးတာကို တွေ့ရှိရပါတယ်။ 11 KV ကြိုးကနေ နှစ်မိုင်ပတ်လည်ကို မိမိစရိတ်နဲ့ ၄၀၀ ဗို့ကြိုးသွယ်မယ်၊ ထရန်စဖော်မာထိုင်နိုင်မယ်ဆိုရင် မူ ၁၂ ချက်နဲ့ မီးပေးဝေတာမို့ မီးလင်းရေးကော်မတီတွေ ပေါ်လာရခြင်းဖြစ်ပါတယ်။ မူအမှတ်(၁၂)အရဆိုလို့ရှိရင် လည်းပဲ အဲဒီလို မီးချိတ်ပေးလိုက်တာနဲ့တစ်ပြိုင်နက် မီးလင်းရေးကော်မတီမှာရှိတဲ့ပစ္စည်းတွေကို စီမံခန့်ခွဲမှုပါ ဝန်ကြီးဌာနလက်အောက်ကို ရောက်သွားပါတယ်။ ဒါပေမဲ့လို့ မူအမှတ်(၉)အရတော့ ပစ္စည်းတွေထိန်းသိမ်းစောင့်ရှောက်မှုဟာ ကျေးရွာကော်မတီမှာပဲ ရှိတဲ့အတွက်ကြောင့် မီးလင်းရေးကော်မတီကိုဖျက်ပြီး လျှပ်စစ်မီးထိန်းသိမ်းစောင့်ရှောက်ရေးကော်မတီဆိုတော့ ပြောင်းဖွဲ့လိုက်ရတာ ဖြစ်ပါတယ်။ အဲဒီတော့ မူအမှတ်(၉)အရ အဲဒီလို သတ်မှတ်လိုက်တဲ့အတွက်ကြောင့် တစ်ယူနစ်ကို ၃၅ ကျပ်နဲ့ယူပြီးတော့ စောင့်ရှောက်ရေးကော်မတီတွေက ၇၀ ကျပ်တို့၊ ၁၀၀ ကျပ်တို့ အဲဒီလို ရောင်းလာပါတယ်။ အဲဒီလိုရောင်းတဲ့အတွက် တစ်ပြည်လုံးအတိုင်းအတာနဲ့ ဘာဖြစ်လာလဲဆိုရင် ကျေးရွာ၊ ရပ်ကွက် မီးလင်းတဲ့ဒေသတွေမှာ အချင်းချင်းစိတ်ဝမ်းကွဲမှုတွေဖြစ်ပြီးတော့ အတိုင်အတောတွေ ဖြစ်လာပါတယ်။ အဲဒီလို စိတ်ဝမ်းကွဲမှုဖြစ်ပြီးတော့ တိုင်တောတဲ့ပြဿနာတွေ အားလုံးသိပ်များများမရှိပါဘူး။ မီးမရသေးတဲ့သူတွေက လိုချင်တာ။ နောက် အစိုးရနှုန်းအတိုင်း သူတို့ပေးချင်ကြတာ။ အစိုးရနှုန်း ၃၅ ကျပ်နဲ့

ယူတော့ ၇၀ ကျပ်ဖြစ်တာ သူတို့မကျေနပ်ပါဘူး။ သူတို့တင်ပြတာ အစိုးရနှုန်း ၁၀၀ ကျပ်ဖြစ်လည်း သူတို့ပေးနိုင်တယ်။ ဒါပေမဲ့ ကော်မတီက အမြတ်တင်ရောင်းနေတာ သူတို့ကမကျေနပ်တဲ့အတွက် တိုင်တာဖြစ်ပါတယ်။ နောက်တစ်ခုကတော့ စာရင်းရှင်းတမ်းမထုတ်တာပါ။ ကျွန်တော့်မြို့နယ်မှာရှိတဲ့ ဝါးကတူကျေးရွာမှာဆိုရင် ဘာသွားတွေ့ရလဲဆိုရင် ၁၂ နှစ်လောက်ရှိပါပြီ။ စာရင်းရှင်းတမ်းမထုတ်ပါဘူး။ ကျွန်တော်က ဒါတွေကို မေးခွန်းမေးတဲ့အချိန်နဲ့ တအားကြာသွားတော့ ကိန်းဂဏန်းတွေအနေနဲ့တော့ ကျွန်တော် မတင်ပြတော့ပါဘူး။ မူဝါဒအနေနဲ့ ကျွန်တော်ဆွေးနွေးပေးပါ့မယ်။ ဒီလိုပြဿနာမျိုးတွေ တိုင်ကြားတဲ့အခါမှာ လျှပ်စစ်မြို့နယ်အင်ဂျင်နီယာကို ဥက္ကဋ္ဌတင်ပြီးတော့ ဝန်ကြီးဌာန အရာရှိတွေနဲ့ စစ်ဆေးရေးအဖွဲ့ပါတယ်။ စစ်ဆေးပြီးတော့ သုံးသပ်တဲ့အစီရင်ခံစာတွေနဲ့ အထက်အဖွဲ့အစည်းတွေကို ဆက်တင်ပါတယ်။ နည်းနည်းလေးကြာတော့မှ စာရင်းကွာတဲ့ကိစ္စတွေကို အစိုးရအသိအမှတ်ပြုတဲ့ စာရင်းကိုင်နဲ့စစ်ဖို့ ပြန်ကြားပါတယ်။ တောသူတောင်သားတွေမို့ အားကိုးတကြီးတိုင်တာဖြစ်တဲ့အတွက်ကြောင့် တကယ်မို့လို့ မူလဆေးစဉ်အဖွဲ့မှာကို မြို့နယ်စာရင်းရုံးက အရာရှိတွေပါ ထည့်ဖွဲ့ပေးမယ်ဆိုရင် ပိုမိုမြန်ဆန်လွယ်ကူမယ်လို့ အကြံပြုလိုပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်ဆန်းစစ်ကြည့်တဲ့အချိန်မှာ ဒီကော်မတီတွေရဲ့ပြဿနာတွေဟာ အစိုးရဝန်ကြီးဌာနအောက်ကိုအပ်ပြီးတဲ့အချိန်မှာ ယူလိုက်တာနဲ့ အကုန်လုံးကင်းစင်သွားပါတယ်။ ဒီနေရာမှာ ကျွန်တော် မြို့နယ်အင်ဂျင်နီယာလေးကို စုံစမ်းပါတယ်။ အချက်နှစ်ချက်ကြောင့် အခက်အခဲရှိနေပါတယ်။ ဝန်ထမ်းမခန့်နိုင်တာတစ်ချက်၊ အသုံးပြုတဲ့ပစ္စည်းတွေက အရည်အသွေးမမီတာတစ်ချက်။ အဲဒီမှာ ကျွန်တော်အကြံပေးချင်ပါတယ်။ မီတာ Box တစ်လုံးကို ၉၀၀၀၀ နှုန်းနဲ့ ပြည်သူလူထုကဝယ်ရပါတယ်။ အစိုးရကရောင်းတာ။ အဲဒီတော့ အိမ် ၁၀၀၀ ရှိမယ်ဆိုရင် ကျွန်တော်တို့ သိန်း ၉၀ ရပါပြီ။ ပြီးတော့ တစ်လကို မီတာခ ၅၀၀ ကျပ်နှုန်းနဲ့ ကောက်ခံတဲ့အတွက် ၅၀၀၀၀၀ ထပ်ရပါမယ်။ အဲဒီတော့ ဘဲစားဘဲကျေ အစိုးရဘတ်ဂျက်ကိုမသုံးဘဲနဲ့ လိုင်းမင်း သုံးယောက်လောက်ထိ ကျွန်တော်တို့ ခန့်လိုက်မယ်။ နောက်ကျွန်တော်အကြံပြုလိုတာက ဒုတိယပြောင်းချက်ကတော့ မခိုင်မာပါဘူး။ စစဉ်ကာလကတည်းက မူ ၁၂ ချက်မှာရှိပြီးသားပါ။ အရည်အသွေးပြည့်မီတဲ့ ပစ္စည်းကိရိယာသုံးမယ်လို့ပါတယ်။ မီးချိတ်ပေးစဉ်မှာလည်း အင်ဂျင်နီယာတွေကိုယ်တိုင် စစ်ခဲ့ပြီးပါပြီ။ အဲဒီကာလစစ်စဉ်က မှန်လို့သာသူတို့ချိတ်ပေးတာပါ။ အပ်တဲ့အချိန်ကျမှ ပစ္စည်းအရည်အသွေးမကောင်းဘူးဆိုတာကတော့ အပြစ်ကဘယ်သူမှာရှိလဲ တွေးလို့ရပါတယ်။ ဒါကြောင့် လျှပ်စစ်မီးကုမ္ပဏီရဲ့ပြဿနာကို တိုင်းပြည်တိုးတက်ဖွံ့ဖြိုးရေးအတွက် ပြေလည်အောင် မူဝါဒကောင်းချမှတ်ပြီးတော့

**မူကြမ်း**

ဖြေရှင်းပေးဖို့ ဒီမေးခွန်းကို မေးမြန်းရခြင်းဖြစ်ပါတယ်။ အခုလိုမေးခွင့်ရတဲ့အတွက် ဥက္ကဋ္ဌကြီးနှင့် ဝန်ကြီးဌာနကို မဲဆန္ဒရှင်ပြည်သူများကိုယ်စား ကျေးဇူးတင်အပ်ပါတယ်ခင်ဗျား။ ကိုယ်စိတ်ရွှင်လန်း ချမ်းမြေ့ပါစေလို့ မေတ္တာပို့သရင်း နိဂုံးချုပ်အပ်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာနက ဖြေကြားရန်ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဒေါက်တာထွန်းနိုင်(ဒုတိယဝန်ကြီး၊ လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များအားလုံး မင်္ဂလာအပေါင်းနှင့် ပြည့်စုံကြပါစေ။ မွန်ပြည်နယ်၊ သံဖြူဇရပ်မဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးဉာဏ်ဟိန်း မေးမြန်းသည့် နိုင်ငံအနှံ့ဖြစ်ပွားနေသော လျှပ်စစ်မီးလင်းရေးကော်မတီ၊ လျှပ်စစ်ထိန်းသိမ်း စောင့်ရှောက်ရေးကော်မတီများ၏ ပြဿနာကို ပိုမိုကောင်းမွန်ပြည့်စုံသည့် မူဘောင်စနစ်များချမှတ်၍ ဖြေရှင်းပေးရန် အစီအစဉ်ရှိ/မရှိနှင့်စပ်လျဉ်းသည့် ကြယ်ပွင့်ပြမေးခွန်းအား ပြည်ထောင်စုဝန်ကြီး၏ ကိုယ်စား ကျွန်တော် ဒုတိယဝန်ကြီး ဒေါက်တာထွန်းနိုင်က ရှင်းလင်းဖြေကြားသွားမှာ ဖြစ်ပါတယ်။ တစ်နိုင်ငံလုံးကို လျှပ်စစ်ဓာတ်အားဖြန့်ဖြူးပေးနိုင်ရန်အတွက် ဓာတ်အားပေးစက်ရုံစီမံကိန်းများအား ၅၀၀ ကေဗွီ၊ ၂၃၀ ကေဗွီ၊ ၁၃၂ ကေဗွီ မဟာဓာတ်အားလိုင်းနှင့် ခွဲရုံကြီးများ၊ ဓာတ်အားဖြန့်ဖြူးရေး လိုင်းများနှင့် ဓာတ်အားခွဲရုံကြီးများ မြောက်မြားစွာကို နှစ်စဉ်တိုးချဲ့ တည်ဆောက်ပေးရတာဖြစ်ပါတယ်။ ထိုသို့ဆောင်ရွက်နိုင်ရန် ဘဏ္ဍာငွေခွဲဝေရရှိမှုအရ ဆောင်ရွက်ရတာဖြစ်ပြီး ကျေးလက်ဒေသများ ဓာတ်အားရရှိရေးအတွက် လိုအပ်တဲ့ 11 KV နှင့် ၄၀၀ ဗို့ ဓာတ်အားလိုင်းနှင့် ခွဲရုံများ တည်ဆောက် ခြင်းလုပ်ငန်းများကို ဌာနက အမြောက်အမြားဆောင်ရွက်ပေးနိုင်ခြင်းမရှိဘဲ အကန့်အသတ်နဲ့သာ ဆောင်ရွက်ပေးနိုင်ခဲ့တာ ဖြစ်ပါတယ်။ ဒါကြောင့် နိုင်ငံ့ရန်ပုံငွေနဲ့ ၂၀၀၉ ခုနှစ်မတိုင်မီ နှစ်များကာလ မှာဆိုရင် ကျေးရွာပေါင်း နှစ်စဉ်ပျမ်းမျှ ၁၀ ရွာခန့်ကိုသာ ဆောင်ရွက်ပေးနိုင်တာ တွေ့ရှိရပါတယ်။ ၂၀၀၉ ခုနှစ်ကနေ ၂၀၁၃ ခုနှစ်အတွင်းမှာဆိုရင် ကျေးရွာပေါင်း နှစ်စဉ်ပျမ်းမျှ ၅၀ ခန့်ကိုသာ ပြည်ထောင်စုရဲ့ဘဏ္ဍာရန်ပုံငွေနဲ့ တည်ဆောက်ပေးနိုင်ခဲ့တာ ဖြစ်ပါတယ်။ ၂၀၁၄ ခုနှစ်ကနေ ၂၀၁၆ ခုနှစ်အတွင်းမှာ နှစ်စဉ်ပျမ်းမျှကျေးရွာပေါင်း ၄၄၀ ခန့်အထိသာ ဆောင်ရွက်ပေးနိုင်တာကို တွေ့ရမှာ ဖြစ်ပါတယ်။ အဆိုပါအနေအထားများအရဆိုရင် ကျေးရွာတွေရဲ့ လျှပ်စစ်ဓာတ်အားလိုင်း လျင်လျင်မြန်မြန်ရရှိရေးဟာ အနည်းငယ်နှေးနေတာဖြစ်ပါတယ်။ ဒီအတွက်ကြောင့် ကျေးလက်ဒေသ

တွေ မီးလင်းရေးအတွက် နိုင်ငံတော်က ဆောင်ရွက်မပေးနိုင်သေးခင်ကာလအတွင်းမှာ လျှပ်စစ်ဓာတ်အားကို မြန်မြန်ဆန်ဆန်အသုံးပြုလိုကြတဲ့၊ စိတ်ဆန္ဒပြင်းပြတဲ့ ကျေးရွာတွေက ကိုယ်ထူကိုယ်ထ အစီအစဉ်နဲ့ ဆောင်ရွက်ခွင့်ကို လျှောက်ထားတင်ပြလာတာကို ဝန်ကြီးဌာနက လိုက်လျောခွင့်ပြုပေးခဲ့တာ ဖြစ်ပါတယ်။ ထိုကဲ့သို့ခွင့်ပြုပေးရာမှာလည်း ကျေးရွာတိုင်းမှာ ကိုယ်ထူကိုယ်ထမီးလင်းရေး ဆောင်ရွက်ဖို့အတွက် တည်ဆောက်မှုပိုင်းဆိုင်ရာ၊ ငွေကြေးဆိုင်ရာနှင့် မီးလင်းရေးစီမံခန့်ခွဲမှုဆိုင်ရာ ကိစ္စရပ်များကို ကျေးရွာကိုကိုယ်စားပြုပြီးတော့ စနစ်တကျဆောင်ရွက်ရမယ့် အဖွဲ့အစည်းလိုအပ်တဲ့ အတွက်ကြောင့် ကျေးရွာမီးလင်းရေးကော်မတီများကို ဖွဲ့စည်းဆောင်ရွက်စေခဲ့ကြတာဖြစ်ပါတယ်။ အဆိုပါ မီးလင်းရေးကော်မတီများကို ဆောင်ရွက်တာဟာ မြို့နယ်အုပ်ချုပ်ရေးမှူးအပါအဝင် ဒေသဆိုင်ရာအာဏာပိုင်များက ကြီးမှူးဖွဲ့စည်းပေးရတာ ဖြစ်ပါတယ်။ ထိုအဖွဲ့အစည်းအတွင်းမှာ ကျွန်တော်တို့ ဝန်ကြီးဌာနရဲ့ ဝန်ထမ်းများပါဝင်ဖွဲ့စည်းလုပ်ကိုင်ခွင့်မရှိပါ။ ထိုသို့ မီးလင်းရေးလုပ်ငန်းများ ဆောင်ရွက်ရာမှာ နည်းစနစ်ကျနရေးအတွက်သာ ဝန်ကြီးဌာနက မီးလင်းရေးကော်မတီများ လိုက်နာရမယ့်အချက် ၂၄ ချက်ကို မူလကချမှတ်ပေးခဲ့ပြီး နောက်ပိုင်းမှာ တင်းကြပ်မှုများပြားလွန်းတယ်လို့ တင်ပြတဲ့အတွက်ကြောင့် လျှော့ပေါ့ပြီး ၁၂ ချက်သို့ ဖြေလျှော့ပေးခဲ့တာ ဖြစ်ပါတယ်။

မီးလင်းရေးကုန်ကျစရိတ်များဆောင်ရွက်တဲ့အခါမှာ ထည့်ဝင်ကြေးတွေကောက်ခံကြတာ ဖြစ်ပါတယ်။ အဆိုပါကဲ့သို့ကောက်ခံတဲ့အခါမှာ ကျေးရွာမှာ ငွေကြေးစုဆောင်းခြင်းကိစ္စရပ်တွေကို မီးလင်းရေးကော်မတီများနဲ့ ကျေးရွာနေပြည်သူများရဲ့ ညှိနှိုင်းချက်အရသာ ဆောင်ရွက်ရတာဖြစ်ပါတယ်။ ဌာနအနေဖြင့် လုပ်ငန်းတည်ဆောက်ခွင့်ကို ခွင့်ပြုပေးခြင်းနှင့် နည်းပညာပိုင်းဆိုင်ရာကြီးကြပ်ခြင်း၊ ထိန်းကျောင်းခြင်းကိုသာ ဆောင်ရွက်ခွင့်ရှိပါတယ်။ မီးလင်းရေးအတွက် စတင်ဆောင်ရွက်စဉ်က အချိုးကျရင်းနှီးထည့်ဝင်ငွေတွေကို ထည့်ဝင်သူက ထည့်ဝင်ခဲ့ပြီး ထည့်ဝင်မှုမပြုခဲ့တဲ့ ကျေးရွာသားတွေက ကျေးရွာကြီးတစ်ခုလုံး မီးလင်းလာခဲ့တဲ့အချိန်ကျမှ အစိုးရသို့ပေးသွင်းရမယ့် မီတာခငွေကိုသာ ပေးသွင်းလိုပြီး ဓာတ်အားရယူခြင်းကိစ္စတွေ ဖြစ်ပေါ်လာကြတာ ဖြစ်ပါတယ်။ ထိုအခါမှာ ယခင်က ထည့်ဝင်ခဲ့ရတဲ့သူနဲ့ နောက်မှ မီတာ Box ဖိုးလေးသာပေးသွင်းလိုသူများကြားမှာ မကျေလည်မှုများ ဖြစ်ပေါ်လာတာဖြစ်ပါတယ်။ မီးလင်းရေးကော်မတီကလည်း မူလကသတ်မှတ်ထားတဲ့ထည့်ဝင်ကြေးတွေကို ထည့်ဝင်မှ ဓာတ်အားပေးမယ့်ကိစ္စဟာ ကျေးရွာမီးလင်းရေးကော်မတီနဲ့ ထိုကျေးရွာမှာ နေထိုင်ကြသူတွေအကြား မူလသဘောတူဆုံးဖြတ်ချက်နှင့် သက်ဆိုင်တဲ့ကိစ္စရပ်ဖြစ်ပါတယ်။ ကျေးရွာမှာ လျှပ်စစ်ဓာတ်အားရရှိပြီး ရန်ပုံငွေထည့်ဝင်ကြေးမပေးလိုဘဲ ဓာတ်အားရယူလိုခြင်းအပေါ် ရန်ပုံငွေ

ထည့်ဝင်ပေးခဲ့ကြတဲ့ ကျေးရွာသူကျေးရွာသားများက လက်ခံသဘောတူခြင်းရှိ/မရှိကိုလည်း စဉ်းစားရမှာဖြစ်ပါတယ်။ ဝန်ကြီးဌာနအနေဖြင့် ကိုယ့်အားကိုယ်ကိုးမီးလင်းပြီး ကျေးရွာများက ထပ်မံလျှောက်ထားလာတဲ့ မီးသုံးသူများကို မီတာတပ်ဆင်ခွင့်နှင့်ကတော့ ထောက်ခံချက်တွေ ပေးပို့လာတယ်ဆိုရင် ကျွန်တော်တို့ မီတာ Box တွေ ခွင့်ပြုပေးလျက်ရှိပါတယ်။

မီးလင်းရေးကော်မတီများက ကိုယ်ထူကိုယ်ထမီးလင်းရေးအတွက် တည်ဆောက်ရေးလုပ်ငန်းများဆောင်ရွက်ရာတွင် အဆိုပါကျေးရွာများအတွင်းမှာ မီးသုံးမှုတိုးလာလို့ရှိရင် ထရန်စဖော်မာ တိုးချဲ့တပ်ဆင်တဲ့ကိစ္စရပ်တွေကို ဆောင်ရွက်နိုင်ရန်အတွက် သူတို့က ရန်ပုံငွေတွေကိုဆက်ပြီး စုဆောင်းကြတဲ့သဘောရှိပါတယ်။ ဌာနရဲ့မီတာခနှုန်းထား ၃၅ ကျပ်ကို ကျေးရွာသို့ မတန်တဆ ဈေးတင်ဖြန့်ဖြူးမှုအခြေအနေကိုတော့ ကျွန်တော်တို့ ခွင့်ပြုထားခြင်းမရှိပါ။ အကယ်၍ သက်သေအထောက်အထားအခိုင်အမာဖြင့် တင်ပြဆောင်ရွက်လာမယ်ဆိုရင် တိုင်းဒေသကြီး/ပြည်နယ် အုပ်ချုပ်ရေးအဖွဲ့အစည်းများနှင့်ပူးပေါင်းပြီး စိစစ်ညှိနှိုင်းဆောင်ရွက်ပေးသွားမှာဖြစ်ပါကြောင်း ရှင်းလင်းဖြေကြားအပ်ပါတယ်။

မီးလင်းရေးကော်မတီဝင်များက ငွေအလွဲသုံးစားပြုလုပ်တာ၊ စာရင်းရှင်းတမ်းမထုတ်ပြန်တာနဲ့ပတ်သက်ပြီးကတော့ ကျေးရွာမီးလင်းရေးကော်မတီများကို ရပ်မိရပ်ဖတွေ၊ အများအကျိုးဦးဆောင်လိုသူများက ကျေးရွာနေပြည်သူတို့ရဲ့ကိုယ်စား ဒီမိုကရေစီနည်းလမ်းနဲ့ အများဆန္ဒအရ ပြန်လည်ရွေးချယ်ပြီး ဖွဲ့စည်းနိုင်ပါတယ်။ အဲဒီလိုဆောင်ရွက်ရာမှာ ဒေသအုပ်ချုပ်ရေးမှူးများက ကြီးမှူးဖွဲ့စည်းပေးထားတာဖြစ်တဲ့အတွက်ကြောင့် ဥပဒေရေးရာအရသာ ဖြေရှင်းဆောင်ရွက်ရမှာ ဖြစ်ပါတယ်။ ဝန်ကြီးဌာနကတော့ ဝန်ကြီးဌာနရဲ့လုပ်ငန်းတာဝန်အရ နည်းပညာဆိုင်ရာနဲ့ပတ်သက်ပြီးသာ ဖြေရှင်းဆောင်ရွက်ပေးနိုင်တဲ့အဆင့်ရှိပါတယ်။ ၎င်းတို့လိုက်နာရမယ့်အချက် ၁၂ ချက်မှာ ဓာတ်အားလိုင်းတိုင်တွေ၊ လိုင်းကြိုးတွေ၊ ထရန်စဖော်မာများကို အရည်အသွေးမီပစ္စည်းများသုံးစွဲရန် သတ်မှတ်ပေးထားတာ ဖြစ်ပါတယ်။ တည်ဆောက်ထားမှုတွေ အန္တရာယ်ကင်းမှုရှိ/မရှိကို စစ်ဆေးခြင်းဟာ လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာနရဲ့လုပ်ပိုင်ခွင့်မဟုတ်ဘဲ စက်မှုဝန်ကြီးဌာနရဲ့လုပ်ပိုင်ခွင့်ဖြစ်ပြီး ၎င်းတို့က စစ်ဆေးအတည်ပြုထားရင် ကျွန်တော်တို့က ဓာတ်အားလွှတ်ပေးရတာဖြစ်ပါတယ်။

အကယ်၍ ကျေးရွာတွေအနေနဲ့ တည်ဆောက်ရေးလုပ်ငန်းများမှာ ဆောင်ရွက်နေစဉ်ကာလအတွင်း နည်းပညာပိုင်းဆိုင်ရာကိုလည်း ဌာနရဲ့ကြီးကြပ်စစ်ဆေးမှုကို ခံယူသွားခဲ့ပြီးတော့ သတ်မှတ်ချက်အတိုင်း ဆောင်ရွက်မယ်ဆိုခဲ့ရင်လည်း အရည်အသွေးမပြည့်မီတဲ့ကိစ္စတွေ လျော့နည်းသွားမှာ

ဖြစ်ပါတယ်။ ကိုယ်စားလှယ်ကြီးမေးမြန်းထားတဲ့ မီးလင်းရေးကော်မတီနှင့် လျှပ်စစ်ထိန်းသိမ်းစောင့်ရှောက်ရေးကော်မတီများရဲ့ပြဿနာကို ပိုမိုပြည့်စုံကောင်းမွန်တဲ့မူဘောင်စနစ်ချမှတ်ပြီး ဖြေရှင်းပေးရန် အစီအစဉ်နှင့်ပတ်သက်ပြီး ဝန်ကြီးဌာနက လုပ်ထုံးလုပ်နည်းများနှင့်အညီ သတ်မှတ်ဆောင်ရွက်ပေးလျက်ရှိပါတယ်။ ဒေသဆိုင်ရာအာဏာပိုင်များက အုပ်ချုပ်ရေးနည်းလမ်းများနဲ့ ကြပ်မတ်ဆောင်ရွက်ပေးမယ်ဆိုရင် ပိုမိုသင့်တော်လာမှာဖြစ်ပါတယ်။ ကျေးရွာမီးလင်းရေးကိစ္စရပ်များ အောင်မြင်စွာဆောင်ရွက်နိုင်ရေးအတွက် ကျေးရွာနေပြည်သူများရဲ့ စည်းလုံးညီညွတ်မှုကိုလည်း အထူးလိုအပ်လျက်ရှိပြီး လွှတ်တော်ကိုယ်စားလှယ်ကြီးများကလည်း သက်ဆိုင်ရာဒေသနေ ပြည်သူများကို နားလည်သဘောပေါက်စေရေး စည်းရုံးရေးနည်းလမ်းများနဲ့ ကူညီဆောင်ရွက်ပေးမယ်ဆိုရင် မီးလင်းရေးလုပ်ငန်းများအား ယခုထက်ပိုမိုအောင်မြင်လာမှာလို့လည်း ယုံကြည်ပါတယ်။

ဝန်ကြီးဌာနအနေနဲ့ ကော်မတီများဖွဲ့စည်းရာမှာ အဖွဲ့အစည်းခိုင်မာရေးအတွက် ပြည်သူများမှ ရွေးချယ်တင်မြှောက်တဲ့ အဖွဲ့အစည်းဖြစ်စေရန်နဲ့ အဆိုပါဖွဲ့စည်းပြီး ကော်မတီများအားလုံးကို မြို့နယ်အုပ်ချုပ်ရေးအဖွဲ့အစည်းများရဲ့ အတည်ပြုချက်ရယူပြီး ဖွဲ့စည်းပေးရန် သက်ဆိုင်ရာတိုင်းဒေသကြီးနဲ့ ပြည်နယ်အစိုးရအဖွဲ့များထံ ညှိနှိုင်းဆောင်ရွက်ပေးသွားမှာဖြစ်ပါကြောင်း ရှင်းလင်းဖြေကြားအပ်ပါတယ်ခင်ဗျား။ ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ ကျိုက်မရောမဲဆန္ဒနယ်မှ ဦးစောကျော်ဝင်းမောင် မေးမြန်းဖို့ဖြစ်ပါတယ်။

**ဥက္ကဋ္ဌ**။ ။မိုက်ပေးပါ။

**ဦးညာဏ်ဟိန်း(သံဖြူဇရပ်မဲဆန္ဒနယ်)**။ ။ အခုလိုမျိုး ပြည့်ပြည့်စုံစုံဖြေကြားပေးတဲ့အတွက် ကျွန်တော်တို့ လျှပ်စစ်ဝန်ကြီးဌာနရဲ့ ဒုတိယဝန်ကြီးကို အထူးပဲကျေးဇူးတင်အပ်ပါတယ်။ ကျွန်တော်တစ်ခုဆက်စပ်မေးချင်တာက ကျွန်တော် စောစောပိုင်းကတင်ပြခဲ့တဲ့ဆီမှာရှိပါတယ်။ အစိုးရဝန်ကြီးဌာနအပိုင်အဖြစ်ကို မီးရရှိထားသူအများစုရဲ့ဆန္ဒနဲ့ အပ်ပေးခဲ့မယ်ဆိုရင် ပြဿနာတွေရှင်းသွားတယ်လို့ ကျွန်တော်တင်ပြခဲ့ပါတယ်။ အဲသလိုအပ်ပေးခဲ့မယ်ဆိုရင် ဝန်ကြီးဌာနအနေနဲ့ လက်ခံပေးနိုင်ဖို့ အစီအစဉ်ရှိ/မရှိကို ပြန်လည်ဖြေကြားပေးစေလိုပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ပြန်လည်ဖြေကြားပေးပါ။

**ဒေါက်တာထွန်းနိုင်(ဒုတိယဝန်ကြီး၊ လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာန)**။ ။ ကျေးရွာတစ်ခုမှာ တစ်ရွာလုံးအိမ်ခြေအားလုံးအတွက် တစ်ခါတည်းအပ်တဲ့စနစ်နဲ့ တည်ဆောက်တာဆိုရင်တော့ ရှင်းပါ

တယ်ခင်ဗျား။ ယခုတည်ဆောက်ကြတဲ့အခါမှာ ကျေးရွာမှာရှိတဲ့ ဥပမာ-ရွာသူရွာသားက အိမ်ခြေပေါင်း ၂၀၀ ရှိတယ်ဆိုရင် ပထမ ၅၀ လောက်က ရန်ပုံငွေထည့်ဝင်ပြီး တည်ဆောက်ကြတဲ့သဘောမျိုး ဖြစ်နေကြပါတယ်။ အဲဒီလိုအခါမှာ ကျန်တဲ့အိမ်ခြေ ၁၅၀ က ထည့်ဝင်ငွေမပါရှိလာတဲ့ အနေအထားမျိုး ဖြစ်ပေါ်ပါတယ်။ ဒါကြောင့် အဲလိုမျိုးအပ်လိုက်ပြီးတော့ ကျွန်တော်တို့ကိုတည်ဆောက်ခိုင်းလိုက်လို့ ရှိရင် တည်ဆောက်ပြီးသွားတဲ့ကာလမှာ ကျန်တဲ့အိမ်ခြေ ၁၅၀ က ၎င်းတို့အနေနဲ့ ထည့်ဝင်ငွေ မထည့်ဘဲနဲ့ ချိတ်လာမယ်ဆိုရင် ကျွန်တော်တို့ဝန်ကြီးဌာနအနေနဲ့ မူလကထည့်ဝင်ငွေထည့်ပြီးတဲ့ ပြည်သူများက သူတို့ထည့်ဝင်ငွေတွေပြန်လည်ပြီးအမ်းပေးပါဆိုပြီး တောင်းဆိုမှုတွေကိုလည်း ကျွန်တော်တို့ရရှိတာဖြစ်ပါတယ်။ ဒီလိုမျိုးလည်း ကျွန်တော်တို့က အမ်းပေးလို့မရပါဘူး။ ဒါကြောင့် မို့လို့ ကျွန်တော်တို့အနေနဲ့ ဒီကိစ္စရပ်ကို ဖြေရှင်းဆောင်ရွက်ဖို့ဆိုတာ တစ်ရွာလုံးကအပြည့်ထည့်ဝင် ခဲ့ကြပြီး ဆောင်ရွက်ခဲ့တဲ့အနေအထားဆိုရင်တော့ ဆောင်ရွက်ပေးမယ့်အနေအထားရှိပြီးတော့ တစ်ဝက်တစ်ပြတ်ထည့်ဝင်ကြပြီး၊ တစ်ဝက်တစ်ပြတ်ကမထည့်ဝင်ဘဲ ထားမယ်ဆိုရင်တော့ ဆောင်ရွက် ပေးရန် နည်းနည်းအခက်အခဲရှိတယ်ဆိုတာလေးကို ပြန်လည်ရှင်းလင်းဖြေကြားအပ်ပါတယ်ခင်ဗျား။

**ကျိုက်မရောမြို့ အာဇာနည်ကျောက်တိုင်တည်ရှိရာ ပန်းခြံအတွင်းရှိ ရာဇာမင်းစက်သုံးဆီ အရောင်းဆိုင် နှင့်သမဝါယမအရောင်းဆိုင်ခန်းများ ဖယ်ရှားရေးကိစ္စနှင့်စပ်လျဉ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ**။ ။ ကျိုက်မရောမဲဆန္ဒနယ်မှ ဦးစောကျော်ဝင်းမောင် မေးမြန်းဖို့ဖြစ်ပါတယ်။

**ဦးစောကျော်ဝင်းမောင်(ကျိုက်မရောမဲဆန္ဒနယ်)**။ ။ မင်္ဂလာပါခင်ဗျား။ ကျွန်တော် ကတော့ မွန်ပြည်နယ်၊ ကျိုက်မရောမဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးစောကျော်ဝင်းမောင် ဖြစ်ပါတယ်။ ကျိုက်မရောမြို့မှာ အာဇာနည်ကျောက်တိုင်ရှိတဲ့ ပန်းခြံထဲမှာ အရင်အစိုးရလက်ထက် တွေက ခွင့်ပြုဆောက်လုပ်ပေးခဲ့တဲ့ ရာဇာမင်းစက်သုံးဆီ အရောင်းဆိုင်နှင့် သမဝါယမဆိုင်ခန်းများ ဖယ်ရှားနိုင်ရေးအခြေအနေကို သိရှိလိုတဲ့အတွက် ဒီမေးခွန်းကို မေးရခြင်းဖြစ်ပါတယ်။ အာဇာနည် ခေါင်းဆောင်ကြီးများရဲ့ဂုဏ်ကျေးဇူးကို နောင်လာနောက်သားများမမေ့လျော့အောင် ရည်ရွယ်ပြီး ကျိုက်မရောမြို့ အထက်တန်းကျောင်းကြီးရဲ့ မျက်နှာချင်းဆိုင်ပန်းခြံအတွင်းမှာရှိတဲ့ အစိုးရသီးသန့်မြေ ၀.၆၇ ဧကပေါ်မှာ အာဇာနည်ကျောက်တိုင်စိုက်ထူခဲ့ကြပါတယ်။ နှစ်စဉ်အာဇာနည်နေ့တိုင်းမှာ

မြို့နယ်လုံးကျွတ်ပန်းခြံအပြည့် ဂါရဝပြုချီတက်အလေးပြုခဲ့ကြပါတယ်။ ယခင် မ.ဆ.လလက်ထက်မှာ အာဇာနည်ကျောက်တိုင်ရှိတဲ့ ပန်းခြံအတွင်းဘေးတစ်ဘက်တစ်ချက်ဆီမှာ အစိုးရစက်သုံးဆီ အရောင်းဆိုင်နဲ့ သမဝါယမဆိုင်ခန်းများ ဆောက်လုပ်ခွင့်ပြုခဲ့ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ Power Point အသုံးပြုခွင့်ပြုပါခင်ဗျား။ ပုံမှာပါရှိတဲ့အတိုင်း အရင်အစိုးရ လက်ထက် ၂၀၁၉ ခုနှစ်မှာ အစိုးရစက်သုံးဆီအရောင်းဆိုင်ကို နိုင်ငံပိုင်ပစ္စည်းများ၊ ပုဂ္ဂလိကပြုလုပ်ရေးကော်မရှင်က ရာဇာမင်းစက်သုံးဆီအရောင်းဆိုင်ထံ ၀.၅၇ ဧကကို သိန်းနှစ်ရာနဲ့ ရောင်းချခဲ့ပါတယ်။ ၀.၀၇ ဧကကို ငွေပြည့်စုံရောင်းဝယ်ရေးသမဝါယမအသင်းထံ အငှားဂရန်တွေ ချထားပေးခဲ့ပါတယ်။ လမ်းမြေအဖြစ်နဲ့ ၀.၀၃ ဧကသာ ကျန်ရှိပါတယ်။ ယခုအခါ အာဇာနည်နေ့များမှာ နိုင်ငံရေးပါတီများ၊ ဌာနဆိုင်ရာများနဲ့ ပြည်သူတချို့သာ ဆီဆိုင်နဲ့သမဝါယမဘေးမှာကပ်ပြီး ဂါရဝပြုချီတက်အလေးပြုနေကြရပါတယ်။ ပြည်သူအများစုတက်ရောက်ရန် နေရာအခက်အခဲရှိလို့ စိတ်မချမ်းမသာဖြစ်ကြရပါတယ်။ ဒီကိစ္စနဲ့ပတ်သတ်ပြီး မွန်ပြည်နယ်၊ စွမ်းအင်ဝန်ကြီး ဦးမင်းထင်အောင်ဟန်နဲ့ တွေ့ဆုံခဲ့ရာ ပြည်နယ်အဆင့်တွင် ညှိနှိုင်းဆောင်ရွက်ရန်အဆင်မပြေကြောင်း ပြည်ထောင်စုအဆင့်က ညှိနှိုင်းတွန်းအားပေးဆောင်ရွက်မှသာ အဆင်ပြေနိုင်မည်ဖြစ်ကြောင်း ရှင်းပြခဲ့ပါတယ်။ မွန်ပြည်နယ်လွှတ်တော်အတွင်းမေးမြန်းခဲ့ရာမှာ စွမ်းအင်ဝန်ကြီး ဦးမင်းထင်အောင်ဟန်ရဲ့ဖြေကြားချက်အရ အာဇာနည်ကျောက်တိုင်မြေနေရာပြန်ရဖို့ဆိုရင် သမဝါယမဦးစီး၊ သက်ဆိုင်ရာကုမ္ပဏီတို့နဲ့သာ ညှိနှိုင်းဆောင်ရွက်ကြဖို့ဖြစ်ကြောင်းသိရပါတယ်။ တကယ်ဆိုရင်အခုလိုဖြစ်ရတာဟာ အရင်အစိုးရများလက်ထက်တာဝန်ရှိသူများက ကျေးဇူးကြီးမားလှတဲ့ ကွယ်လွန်သူအာဇာနည်ခေါင်းဆောင်ကြီးများရဲ့ ဂုဏ်ကျေးဇူးအပေါ်ထည့်သွင်းမစဉ်းစားခဲ့သလို ဒေသခံပြည်သူများရဲ့ ရည်မှန်းချက်နဲ့သဘောထားအပေါ် ဥပက္ခာပြုခဲ့ကြလို့သာ ဖြစ်ရတာဖြစ်ပါတယ်။ ဒါ့အပြင် တာဝန်ရှိသူများဟာ ပုဂ္ဂလိကစီးပွားရေးလုပ်ငန်းရှင်များနှင့် နည်းလည်မှုရယူပြီး ဈေးပေါပေါနဲ့ရောင်းချခဲ့တာဖြစ်ပါတယ်။ ဒါကြောင့်မို့လို့ ကျိုက်မရောမြို့၊ အာဇာနည်ကျောက်တိုင် တည်ရှိရာ ပန်းခြံအတွင်းက ရာဇာမင်းစက်သုံးဆီအရောင်းဆိုင်နှင့် သမဝါယမဆိုင်ခန်းများ ဖယ်ရှားရေးအတွက် ပြည်ထောင်စုစွမ်းအင်ဝန်ကြီးက တွန်းအားပေးညှိနှိုင်းဆောင်ရွက်ပေးပါရန်နှင့် ဆောင်ရွက်ပေးနိုင်မှုအခြေအနေကိုသိရှိလိုပါ၍ မြို့နယ်ပြည်သူများကိုယ်စား ဤမေးခွန်းကိုမေးရခြင်း ဖြစ်ပါတယ်။ ကျေးဇူးတင်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာနကဖြေကြားရန်ဖြစ်ပါတယ်။

**မူကြမ်း**

## ဖြေကြားချက်

**ဒေါက်တာထွန်းနိုင်(ဒုတိယဝန်ကြီး၊ လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာန)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များအားလုံး မင်္ဂလာအပေါင်းနှင့် ပြည့်စုံကြပါစေ။ မွန်ပြည်နယ်၊ ကျိုက်မရောမဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးစောကျော်ဝင်းမောင် မေးမြန်းသည့် ကျိုက်မရောမြို့၊ အာဇာနည်ကျောက်တိုင်တည်ရှိရာ ပန်းခြံအတွင်းရှိ ရာဇာမင်းစက်သုံးဆီအရောင်းဆိုင်နှင့် သမဝါယမဆိုင်ခန်းများဖယ်ရှားပေးရေးနှင့် စပ်လျဉ်းသည့်မေးခွန်းအပေါ် ပြည်ထောင်စုဝန်ကြီး၏ကိုယ်စား ကျွန်တော် ဒုတိယဝန်ကြီး ဒေါက်တာထွန်းနိုင်က ရှင်းလင်းဖြေကြားသွားမှာဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်ကြီး မေးခွန်းတွင်ပါရှိသော ရာဇာမင်းစက်သုံးဆီအရောင်းဆိုင်မြေဧရိယာ ၀.၅၇ ဧကနှင့် သမဝါယမဆိုင်ခန်းမြေဧရိယာ ၀.၁ ဧက သည် မွန်ပြည်နယ်၊ ကျိုက်မရောမြို့၊ ရန်မျိုးအောင်၊ အမှတ်(၅)ရပ်ကွက်၊ ကွင်းအမှတ်(၅၈၃-က) ကျိုက်မရောကုလားကုန်းကွင်း၊ မြေကွက်အမှတ်(၄၇၁)၊ မြေဧရိယာ ၀.၆၇ ဧက ပေါ်တွင် တည်ရှိပါတယ်။ အဆိုပါမြေသည် ၁၉၃၃ ခုနှစ် စာရင်းမြေပုံအရ အစိုးရသီးသန့်မြေ ဖြစ်ပါတယ်။ ၁၉၆၆-၁၉၆၇ ခုနှစ်တွင် အစိုးရသီးသန့်မြေအဖြစ်မှပယ်ဖျက်ခဲ့ပြီး ၁၉၆၇ ခုနှစ်တွင် ၎င်းမြေကွက်၌ BOC ကုမ္ပဏီပိုင်ရေနံအရောင်းဆိုင်၊ နောင်တွင် မြန်မာ့ရေနံထွက်ပစ္စည်းရောင်းဝယ်ရေးလုပ်ငန်း စက်သုံးဆီအရောင်းဆိုင်အမှတ်(၀၈၇၃)အဖြစ်လည်းကောင်း၊ သမဝါယမဆိုင်အဖြစ်လည်းကောင်း ဖွင့်လှစ်ခဲ့တာဖြစ်ပါတယ်။ နိုင်ငံတော်၏ပြောင်းလဲကျင့်သုံးသည့် ဈေးကွက်စီးပွားရေးစနစ်နှင့်အညီ ပုဂ္ဂလိကစက်သုံးဆီတင်သွင်းဖြန့်ဖြူးရောင်းချခြင်းလုပ်ငန်းများကို လွတ်လပ်စွာ လုပ်ကိုင်ခွင့်ပြုရန်အလို့ငှာ ပုဂ္ဂလိကပိုင်ပြုလုပ်ရေးကော်မရှင်သည် အဆိုပါစက်သုံးဆီအရောင်းဆိုင်အပါအဝင် နိုင်ငံပိုင်စက်သုံးဆီအရောင်းဆိုင် ၂၆၀ ဆိုင်ကို စက်သုံးဆီရောင်းချခြင်းလုပ်ငန်းကိုသာ လုပ်ကိုင်ရမည်ဟူသော ကန့်သတ်ချက်ဖြင့် တိုင်းရင်းသားပုဂ္ဂလိကလုပ်ငန်းရှင်များသို့ အပြီးအပိုင် လွှဲပြောင်းရောင်းချခဲ့ပြီး ၂၀၁၀ ပြည့်နှစ်၊ ဇွန်လ ၁၀ ရက်နေ့မှစတင်၍ ဖွင့်လှစ်ရောင်းချခဲ့တာဖြစ်ပါတယ်။ စက်သုံးဆီဆိုင်မြေ နေရာ ၀.၅၇ ဧကအား နိုင်ငံပိုင်ပစ္စည်းများအား ပုဂ္ဂလိကပိုင်ပြုလုပ်ရေးကော်မရှင်က ၁၆-၅-၂၀၁၁ ရက်စွဲပါစာအမှတ်၊ ပ၀ထ-၉(၂၄၅၆/၂၀၁၁)ဖြင့် ကျိုက်မရောမြို့၊ စက်သုံးဆီအရောင်းဆိုင်အမှတ် ၀၈၇၃ ကို ကျပ်သန်း ၂၀ ဖြင့် ရာဇာမင်းကုမ္ပဏီသို့ အပြီးအပြတ်ရောင်းချထားပြီးဖြစ်သည့်အပြင် သတ္တုတွင်းဦးစီးဌာန၏ ၃၁-၁၂-၂၀၁၇ ရက်နေ့အထိ သက်တမ်းရှိ သိုလှောင်ခွင့်လိုင်စင်နှင့် လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန၏ ၁၈-၈-၂၀၁၇ ရက်နေ့အထိ သက်တမ်းရှိ

**မူကြမ်း**

စက်သုံးဆီဖြန့်ဖြူးရောင်းချခွင့်လိုင်စင်များကို ခွင့်ပြုချက်ရရှိထားသော စက်သုံးဆီ အရောင်းဆိုင်ဖြစ်တဲ့အတွက် ကုမ္ပဏီပိုင်မြေနေရာဖြစ်နေပါတယ်။ ကျန်နေ ၀.၁၉ ဧကတွင် ၁၉၇၈-၁၉၇၉ ခုနှစ် မြို့နယ်ပါတီယူနစ်နှင့် မြို့နယ်ပြည်သူ့ကောင်စီ၏ အကြီးအကဲများ၏ ခွင့်ပြုမိန့်ဖြင့် သမဝါယမဦးစီးဌာနနှင့် လက်အောက်ခံ အမှတ်(၂) စားသုံးသူသမဝါယမအသင်းဆိုင်ကိုဆောက်လုပ်ခဲ့ပြီး မြေစာရင်းပုံစံ(၁၀၅)၊ (၁၀၆)ထုတ်ယူ၍ ၂၀၀၉ ခုနှစ်တွင် မြေငှားဂရန်လျှောက်ထားရန် ဆောင်ရွက်လျက်ရှိကြောင်း၊ သမဝါယမအသင်းဆိုင်မြေနေရာ ဖယ်ရှားခြင်းကိစ္စနှင့်စပ်လျဉ်း၍ အသင်း၏အထူးအရပ်ရပ်ဆိုင်ရာအစည်းအဝေးကို ၁၃-၆-၂၀၁၆ ရက်နေ့တွင် ပြုလုပ်ခဲ့ကြောင်း သိရှိရပါတယ်။ အဆိုပါအစည်းအဝေးဆုံးဖြတ်ချက်အရ မွန်ပြည်နယ်ဝန်ကြီးချုပ်နှင့် ပြည်နယ် လွှတ်တော်ဥက္ကဋ္ဌတို့ထံ လိပ်မူ၍ အသင်းဆိုင်ရာမြေနေရာအား ပြောင်းရွှေ့ဖယ်ရှားခြင်းမပြုပါရန်နှင့် အသင်းဆိုင်မြေနေရာပြောင်းရွှေ့ရပါက သက်ဆိုင်ရာသမဝါယမအသင်းတည်ရှိရာ နယ်မြေအတွင်း အသင်းဆိုင်ဆောက်လုပ်နိုင်ရေးအတွက် မြေနေရာအစားရရှိရေးဆောင်ရွက်ပေးရန် တင်ပြထားကြောင်း၊ သမဝါယမအသင်းများ၏ပိုင်ဆိုင်ပစ္စည်းများနှင့်ကိစ္စအဝဝကို စီမံခန့်ခွဲရာတွင် ၁၉၉၂ ခုနှစ်၊ သမဝါယမအသင်းဥပဒေ ပုဒ်မ ၃ ပုဒ်မခွဲ(ခ)ပါ အသင်းသား သို့မဟုတ် ကိုယ်စားလှယ်သည် လူတစ်ကိုယ်ဆန္ဒမဲတစ်မဲပေးနိုင်သည့် ညီမျှသောအခွင့်အရေးရရှိ၍ အသင်း၏လုပ်ငန်းအရပ်ရပ်ကို အများ၏ဆန္ဒဖြင့်သာ စီမံခန့်ခွဲရန်နှင့် ၂၀၁၃ ခုနှစ်၊ သမဝါယမအသင်းနည်းဥပဒေများ အပိုဒ် ၇၀ အပိုဒ်ခွဲ(က)ပါ အရပ်ရပ်ဆိုင်ရာအစည်းအဝေးသည် သမဝါယမအသင်း၏အမြင့်ဆုံးအာဏာပိုင်အဖွဲ့ အစည်းဖြစ်ပြီး သမဝါယမအသင်း၏ကိစ္စအဝဝကို အပြီးသတ်ဆုံးဖြတ်ပိုင်ခွင့်ရှိကြောင်း၊ အမှုဆောင်အဖွဲ့သည် အရပ်ရပ်ဆိုင်ရာအစည်းအဝေးသို့တာဝန်ခံ၍ အသင်း၏နေ့စဉ်လုပ်ငန်းများကို စီမံခန့်ခွဲရမည်ဟု ဥပဒေပြဋ္ဌာန်းချက်တို့အရ သက်ဆိုင်ရာသမဝါယမအသင်း၏ အရပ်ရပ်ဆိုင်ရာအစည်းအဝေးကသာ အပြီးသတ်ဆုံးဖြတ်စီမံနိုင်ခွင့်ရှိပါကြောင်းနှင့် ဝန်ကြီးဌာနအနေဖြင့် အသင်းကိစ္စများအား ဝင်ရောက်စွက်ဖက်ခွင့်မရှိပါကြောင်း စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနနှင့် မွန်ပြည်နယ်အစိုးရအဖွဲ့တို့က ပေါင်းစပ်ဖြေကြားလာတာ ဖြစ်ပါတယ်။

သို့ဖြစ်ပါ၍ ကျိုက်မရောမြို့၊ ရန်မျိုးအောင်ရပ်ကွက်တွင် အာဇာနည်ကျောက်တိုင်နှင့် တစ်ဆက်တစ်စပ်တည်းရှိသော မြေနေရာ ၀.၅၇ ဧကအား ပုဂ္ဂလိကပိုင်ပြုလုပ်ရေးကော်မရှင်က ရာဇာမင်းကုမ္ပဏီသို့ တရားဝင်ရောင်းချခဲ့ခြင်း၊ ၀.၁ ဧကမှာ ငွေပြည့်စုံရောင်းဝယ်ရေးသမဝါယမအသင်းက အသင်းပိုင်အဆောက်အဦဆောက်လုပ်ထားခြင်းတို့ကြောင့် လွှတ်တော်ကိုယ်စားလှယ်ကြီးမေးမြန်း

သည့် ရာဇာမင်းစက်သုံးဆီအရောင်းဆိုင်နှင့် သမဝါယမဆိုင်ခန်းများ ဖယ်ရှားပေးရေးကိစ္စအား သက်ဆိုင်ရာအသင်း၊ ကုမ္ပဏီတို့နှင့် နှစ်ဖက်ညှိနှိုင်းမှုဖြင့်သာ ဆက်လက်ဆောင်ရွက်သင့်ပါကြောင်း မွန်ပြည်နယ်အစိုးရက ရှင်းလင်းဖြေကြားထားတာကို ကျွန်တော် ပြန်လည်ပေါင်းစပ်ဖြေကြားအပ်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ မိုက်ပေးပါ။

**ဦးစောကျော်ဝင်းမောင်(ကျိုက်မရောမဲဆန္ဒနယ်)**။ ။ ဒီကိစ္စနှင့်ပတ်သက်ပြီးတော့ ဒုတိယဝန်ကြီးဖြေကြားသွားပေးတာကို ကျေးဇူးတင်ပါတယ်။ ကျွန်တော့်အနေနဲ့ ဒီမြို့နယ်ပြည်သူများရဲ့ ကိုယ်စား မေးမြန်းချင်တာကတော့ ဝန်ကြီးဌာနအနေနဲ့ ပြည်သူတွေက ဘယ်လိုအနေအထားနဲ့ ဒီနေရာ ပြောင်းရွှေ့ရေးအတွက် ဘာတွေပူးပေါင်းဆောင်ရွက်ရမလဲ လုပ်ငန်းရှင်ဘက်က ဘာတွေပူးပေါင်း ဆောင်ရွက်ပေးရမလဲဆိုတဲ့ မူလေးကို အကြမ်းဖျဉ်းမူချပေးမယ်ဆိုရင်တော့ ရှေ့ဆက်လုပ်ရတာ အဆင် ပြေပါတယ်။ နောက်မို့ဆိုရင် ကျွန်တော်တို့အရင်ကလုပ်ထားတဲ့ဟာကို ဒီအချိန်မှာ ဒီအာဇာနည် ကျောက်တိုင်မြေနေရာရရှိရေးအတွက် ဒီအတိုင်းဆောင်ရွက်ဖို့ဆိုတာ တော်တော်လေးအခက်အခဲရှိ ပါတယ်။ ဒါကြောင့်မို့လို့ဝန်ကြီးအနေနဲ့ ဒီဟာဘယ်လိုဆောင်ရွက်ပေးနိုင်သလဲဆိုတဲ့မူလေး အကြမ်း ဖျဉ်းချပေးဖို့ မေတ္တာရပ်ခံအပ်ပါတယ်။ ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ ပြန်လည်ဖြေကြားပေးပါ။

**ဒေါက်တာထွန်းနိုင်(ဒုတိယဝန်ကြီး၊ လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန)**။ ။ လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာနအနေနဲ့ကတော့ စက်သုံးဆီများဖြန့်ဖြူးရောင်းချခွင့်လိုင်စင်ကိုသာ ထုတ်ပေးရတဲ့ အနေအထားဖြစ်ပါတယ်။ ကျွန်တော်တို့အနေနဲ့ တည်နေရာကို မည်သည့်နေရာရွေးချယ်ပါ။ မည်သည့် နေရာပြောင်းရွှေ့ပါလို့ ကျွန်တော်တို့မှာ ကန့်သတ်ခွင့်မရှိပါဘူး။ ကျွန်တော်တို့ရဲ့ စည်းမျဉ်း၊ စည်းကမ်း တွေထဲမှာလည်းပဲ အဆိုပါအချက်များ မပါပါဘူး။ အကယ်၍ စက်သုံးဆီဆိုင်ရဲ့ တည်ရှိရာနေရာ ပြောင်းရွှေ့ခြင်း ဥပမာ - သူ့ရဲ့ လိုင်စင်သက်တမ်းကုန်သွားပြီးတဲ့အချိန်မှာ ရှေးနှစ်များမှာ လိုင်စင်သက် တမ်းသူက ဆက်တိုးရမှာဖြစ်ပါတယ်။ အဆိုပါလိုင်စင်သက်တမ်းတိုးရမည့်အချိန်မှာ သက်ဆိုင်ရာ တိုင်း နှင့်ပြည်နယ်အစိုးရများရဲ့ ထောက်ခံချက်ပါရှိရမှာ ဖြစ်ပါတယ်။ အဲဒီအခါမှာ သက်ဆိုင်ရာ တိုင်းနှင့် ပြည်နယ်အစိုးရတွေက ဒီနေရာမှာ ဆက်လက်ပြီး ဒီဆိုင်ကို ခွင့်ပြုရန်မသင့်ဘူး။ မထောက်ခံဘူးဆိုရင်

ကျွန်တော်တို့က ဖြန့်ဖြူးရောင်းချခွင့်လိုင်စင်ကို သက်တမ်းတိုးပေးရန် မရှိပါဘူး။ သို့ရာတွင် သက်တမ်းတိုးပေးခြင်း၊ မတိုးပေးခြင်းမှအပ ကျွန်တော်တို့ လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာနအနေနဲ့ ဆီဆိုင်တစ်ဆိုင်ကို နေရာရွှေ့ပါဆိုပြီး ဖိအားပေး၊ တွန်းအားပေးတဲ့ လုပ်ပိုင်ခွင့်တော့မရှိပါကြောင်းကို ကျွန်တော် ရှင်းလင်းဖြေကြားအပ်ပါတယ်။ သို့ပါ၍ တိုင်းနှင့်ပြည်နယ်ဒေသကြီး အစိုးရနဲ့ လွှတ်တော်ကိုယ်စားလှယ်ကြီးများက ဒီကိစ္စလေးကို ပူးပေါင်းဆောင်ရွက်ပေးစေလိုပါတယ်လို ့ဖြေကြားအပ်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ ကျွန်တော်ခုနကလည်းပြောပါတယ်။ ကျွန်တော်ပြောတာခုနက ဒါပါပဲ။ ဘာလဲဆိုလို့ရှိရင် နေရာပေးတယ်ဆိုတာက သက်ဆိုင်ရာပြည်နယ်တိုင်းရဲ့ အစိုးရရယ် လုပ်ပိုင်ခွင့်ရှိတဲ့သူကို နေရာပေးတာ။ လျှပ်စစ်ဝန်ကြီးဌာနက အခုနကပြောသလိုပဲ လျှပ်စစ်ဝန်ကြီးဌာနက ရေနံဓာတ်ဆီရောင်းဖို့သာ လိုင်စင်ပေးတာ။ ဆိုတဲ့အခါကျတော့ နေရာပေးတဲ့အခါ ကိုယ့်ဒေသမှာ ကိုယ့်ပြည်နယ်တိုင်းအစိုးရနဲ့ ကိုယ်ခုနက ပြောသလို ညှိနှိုင်းပေါင်းစပ်ပြီးတော့ ဖြေရှင်းကြည့်ပါ။ ဘာဖြစ်လို့လဲဆိုတော့ ဝန်ကြီးဌာနအနေနဲ့ နေရာပေးတာမဟုတ်ဘူးဆိုတဲ့အခါကျတော့ ဒီနေရာကို ဖယ်ဖို့၊ ချထားဖို့၊ ပြောင်းရွှေ့ဖို့ဆိုတာ အဆုံးအဖြတ်ပေးဖို့ ခုနကပြောသလိုပဲ ကျွန်တော်တို့ကိုယ်စားလှယ်တွေ လုပ်တာကိုင်တာ အဲဒီလို သိသာနေရင်တောင် ကျွန်တော်တို့ လမ်းကြောင်းတည့်ဖို့လိုတယ်။ လမ်းကြောင်းမတည့်လို့ရှိရင်တော့ ဂျက်အေးသူ့မေရိုက်နေမှာပဲ ။ ဟိုဘက်နဲ့ဒီဘက်နဲ့ အပေါ်နဲ့အောက်နဲ့ အဲလိုမဖြစ်အောင်လို့ ကျွန်တော်တို့ ကိုယ်စားလှယ် နည်းနည်းလေးတော့ သတိထားပြီးတော့ အလုပ်လုပ်ပေးပါ။

**ခင်ဦးမြို့နယ်၊ ဥယျာဉ်ရွာအနီး မူးမြစ်ကမ်းတွင် ကျောက်စီမြေထိန်းနံရံကာ ဆောက်လုပ်ပေးရန် အစီအစဉ်ရှိ/မရှိနှင့်စပ်လျဉ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ**။ ။ ခင်ဦးမဲဆန္ဒနယ်မှ ဒေါက်တာဝင်းအောင် မေးမြန်းဖို့ဖြစ်ပါတယ်။

**ဒေါက်တာဝင်းအောင်(ခင်ဦးမဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်တော်ကြီးများ၊ ပြည်ထောင်စုအဆင့်ဝန်ကြီးများနှင့် ဧည့်သည်တော်များအားလုံး မင်္ဂလာပါခင်ဗျား။ ကျွန်တော်မေးမြန်းလိုတဲ့မေးခွန်းကတော့ ကျွန်တော့်ရဲ့မဲဆန္ဒနယ်မြေဖြစ်တဲ့ ခင်ဦးမြို့နယ်၊ ဥယျာဉ်ရွာအနီး မူးမြစ်ကမ်းမှာ ကျောက်စီမြေထိန်းနံရံကာတစ်ခုဆောက်လုပ်ပေးရန်အစီအစဉ်ရှိ/မရှိ မေးမြန်းလိုတာဖြစ်ပါတယ်။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်မေးမြန်းရတဲ့အကြောင်းအရင်းကတော့ ကျွန်တော့်ရဲ့မဲဆန္ဒနယ်

မြေဖြစ်တဲ့ ခင်ဦးမြို့နယ်ရဲ့အနောက်ဘက် ရေဦးမြို့နယ်နှင့်ထိစပ်တဲ့နေရာမှာ မြန်မာပြည်ရဲ့ မြစ်ကြီး ငါးသွယ်မှာ တစ်စင်းအပါအဝင်ဖြစ်တဲ့ မူးမြစ်ဟာ မြောက်မှတောင်သို့ စီးဆင်းလျက် ပိုင်းခြားထား ပါတယ်။ မူးမြစ်ဟာ သဖန်းဆိပ်ဆည်၊ ကင်းတပ်ဆည်၊ ကာဘိုးဆည်တို့ကို ဖြတ်သန်းစီးဆင်းလာတဲ့ အတွက် နွေရာသီမှာတော့ ချောင်းငယ်တစ်မျှသာစီးဆင်းပါတယ်။ မိုးတွင်းကာလ မိုးရေကြီးချိန်အခါ မှာတော့ တစ်မိုင်ခန့်ကျယ်ဝန်းတဲ့ မြစ်ကြီးတစ်စင်းလိုဖြစ်နေပါတယ်။ နှစ်စဉ်နှစ်တိုင်းလည်းပဲ မိုးရာသီမှာ ရေကြီးရေလျှံလေ့ရှိပြီးတော့ မြစ်ဝှမ်းတစ်လျှောက်ရှိတဲ့ ကျေးရွာများမှာ ရေဘေးဒုက္ခကြုံရ လေ့ရှိပါတယ်။ ၂၀၁၅ ခုနှစ် ဇူလိုင်လမှာဖြစ်ပွားခဲ့တဲ့ မြန်မာပြည်အနှံ့အပြား မိုးသည်းထန်စွာရွာသွန်း မှုကြောင့်မို့ ရေကြီးရေလျှံမှုများဖြစ်ပေါ်ခဲ့ရာ ခင်ဦးမြို့နယ်၊ မူးမြစ်အရှေ့ဘက်ကမ်းစပ်မှာ နေထိုင်ကြတဲ့ ဥယျာဉ်ရွာ၊ တွင်းတောကြီးရွာ၊ တားဆိပ်ရွာ၊ ရွာတော်ရွာစတဲ့ရွာတွေမှာ ရေဘေးဒုက္ခသည်များအဖြစ် ကယ်တင်ခဲ့ကြရပြီးတော့ ဒေါ်ခင်ကြည်ဖောင်ဒေးရှင်း၊ အခြားအရပ်ဘက်လူ့အဖွဲ့အစည်းများ၊ ခင်ဦး မြို့နယ်ရဲ့ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ကနေပြီးတော့ လာရောက်အကူအညီပေးကြရပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ Power Point သုံးစွဲခွင့်ပြုပါ။ ဒါက ခင်ဦးမြို့နယ်ရဲ့အနောက်ဘက် အစွန်အဖျားက မူးမြစ်ဖြစ်ပါတယ်။ ဒါကတော့ အိမ်ခြေ ၁၀၀၀ လောက်ရှိတဲ့ သာဝတ္ထိရွာဖြစ်ပါတယ်။ သူကလည်း မူးမြစ်အရှေ့ဘက်ကမ်းမှာ တည်ရှိပြီးတော့မှ လွန်ခဲ့တဲ့နှစ်ပေါင်း ၅၀ လောက်က ပြောင်းရွှေ့ထားတဲ့ရွာတစ်ရွာဖြစ်ပါတယ်။ ဒါက သာဝတ္ထိရွာဖြစ်ပါတယ်။ ဒါကတော့ သာဝတ္ထိရွာနဲ့ နှစ်မိုင်လောက်ဝေးတဲ့နေရာမှာ ဥယျာဉ်ရွာဖြစ်ပါတယ်။ ဥယျာဉ်ရွာဟာ မူးမြစ်ကမ်းပါးနှင့်ကပ်လျက် ရှိပြီးတော့မှ ဥယျာဉ်ရွာရဲ့အရှေ့ဘက်မှာ DY1 လက်တံရှိပါတယ်။ DY1 လက်တံနှင့် မူးမြစ်ဟာ ကိုက် ၁၀၀ ခန့်သာကွာဝေးပါတယ်။ ဒီလို ကိုက် ၁၀၀ ခန့်သာကွာဝေးတာဖြစ်ပါတယ်။ ပြီးခဲ့တဲ့ ၂၀၁၅ ခုနှစ် ရေကြီးရေလျှံတုန်းက ဒီကိုက် ၁၀၀၊ ၂၀၀ ဟာ နာရီဝက်လောက်အတွင်းမှာပါသွားတာဖြစ်ပါတယ်။ ဒါ ပေ ၃၀၀ လောက်ပဲရှိပါတယ်။ အရှေ့ဘက်က DY1 လက်တံနှင့်မူးမြစ်နှင့်ကပ်လျက်ရှိတည်ရှိပါတယ်။ ဒါဟာ ဥယျာဉ်ရွာဖြစ်ပါတယ်။ ဒါ DY1 လက်တံနှင့်မူးမြစ်နှင့်ကပ်လျက်ရှိဖြစ်နေပါတယ်။ ကိုက် ၁၀၀ လောက်ပဲကျန်ပါတော့တယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ကမ္ဘာကြီးပူနွေးလာမှုကြောင့် ကမ္ဘာ့ရာသီဥတုများပြောင်းလဲနေချိန်မှာ မြန်မာပြည်မှာလည်း မုတ်သုံရာသီဥတုရယ်လို့မရှိတော့ဘဲနဲ့ မုန်တိုင်းမိုးများကိုသာ မျှော်နေရတဲ့ ရာသီဥတုအဖြစ် ပြောင်းလဲနေပြီဖြစ်ကြောင်း မိုးလေဝသပညာရှင်များကဆိုကြပါတယ်။ ဒါ့အပြင်

မြန်မာနိုင်ငံဟာ သဘာဝဘေးဒဏ်ကျရောက်လေ့ရှိတဲ့ နိုင်ငံအဖြစ်လည်းပဲ စာရင်းသွင်းထားရပါတယ်။ ၂၀၁၆ ခုနှစ်ကလည်း ပဲခူးမြို့မှာ ဧရာဝတီမြစ်ရေလျှံမှုကြောင့်မို့ ရေကြီးရေလျှံမှုတွေဖြစ်ပေါ်ခဲ့ပါတယ်။ ဒါကြောင့်မို့လို့ မူးမြစ်ကမ်းပါးမှာနေထိုင်ကြတဲ့ ဥယျာဉ်ရွာမှ မိဘပြည်သူများရဲ့တောင်းဆိုချက်ကြောင့် မို့လို့ မိုးရာသီရောက်မှာကို စိုးရိမ်ထိတ်လန့်စွာနေထိုင်ကြရတဲ့အတွက်ကြောင့်မို့ ကျေးရွာသူ ကျေးရွာသားများ၏တင်ပြချက်အရ ဥက္ကဋ္ဌကြီးမှတစ်ဆင့် မေးမြန်းလိုတာကတော့ ခင်ဦးမြို့နယ်၊ ဥယျာဉ်ရွာအနီးမှာ ကျောက်စီမြေထိန်းနံရံကာတစ်ခု ဆောက်လုပ်ပေးနိုင်ခြင်းရှိ/မရှိနဲ့ ဆောက်လုပ်ပေး မည်ဆိုပါက မည်သည့်အချိန်မှာ ဆောက်လုပ်ပေးနိုင်မည်ကို မေးမြန်းသိရှိလိုပါသည်။ ကျေးဇူးတင်ပါ တယ်။

**ဥက္ကဋ္ဌ**။ ။ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာနက ဖြေကြားရန်ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဦးကျော်မျိုး(ဒုတိယဝန်ကြီး၊ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန)**။ ။ လေးစား အပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်ကြီးများအားလုံး၊ ဒုတိယ ဝန်ကြီးနှင့် ဧည့်သည်တော်များအားလုံး မင်္ဂလာအပေါင်းနဲ့ ပြည့်စုံကြပါစေကြောင်း ဆုတောင်းမေတ္တာ ပို့သအပ်ပါတယ်။ စစ်ကိုင်းတိုင်းဒေသကြီး၊ ခင်ဦးမဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါက်တာဝင်းအောင်ရဲ့ ခင်ဦးမြို့နယ်၊ ဥယျာဉ်ရွာအနီး မူးမြစ်ကမ်းမှာ ကျောက်စီမြေထိန်းနံရံကာ ဆောက်လုပ်ပေးရန်အစီအစဉ်ရှိ/မရှိနှင့်စပ်လျဉ်းတဲ့ ကြယ်ပွင့်ပြမေးခွန်းအပေါ် စစ်ကိုင်းတိုင်း ဒေသကြီးအစိုးရအဖွဲ့ကိုယ်စား ပို့ဆောင်ရေးနှင့် ဆယ်သွယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ကျွန်တော် ဦးကျော်မျိုးက ဖြေကြားမှာဖြစ်ပါတယ်။

လွှတ်တော်ကိုယ်စားလှယ်တော်ကြီးတင်ပြသွားတဲ့အတိုင်းပဲ ၂၀၁၅ ခုနှစ်ကစပြီးတော့ စစ်ကိုင်း တိုင်းဒေသကြီးအပါအဝင် မြန်မာနိုင်ငံတစ်ဝန်း ရာသီဥတုဖောက်ပြန်မှုကြောင့် မိုးသည်းထန်စွာ ရွာခြင်း၊ ရေလျှံခြင်းတို့ကြောင့် ကျွန်တော်တို့က ကမ်းပြိုမှုတွေဟာ အများအပြားဖြစ်ခဲ့ပါတယ်။ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန၊ ရေအရင်းအမြစ်နှင့် မြစ်ချောင်းများဖွံ့ဖြိုးတိုးတက် ရေးဦးစီးဌာနအနေနဲ့ ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ်မှာ စစ်ကိုင်းတိုင်းဒေသကြီးအတွင်း ပြည်ထောင်စု ရန်ပုံငွေနဲ့ ချင်းတွင်းမြစ် ရေလမ်းဖွံ့ဖြိုးရေးလုပ်ငန်း သုံးခု၊ ပြည်ထောင်စုသီးသန့်ရန်ပုံငွေနဲ့ ကမ်းပြို ကာကွယ်ရေးလုပ်ငန်း သုံးခု၊ စစ်ကိုင်းတိုင်းဒေသကြီးအစိုးရအဖွဲ့ရန်ပုံငွေနဲ့ ကမ်းပြိုကာကွယ်ရေး

လုပ်ငန်း ၄၂ ခု စုစုပေါင်းလုပ်ငန်း ၄၈ ခုကို ဆောင်ရွက်ပေးခဲ့ပါတယ်။ Power point အသုံးပြုခွင့်ပြုပါခင်ဗျား။ တင်ပြသွားတဲ့အတိုင်း စုစုပေါင်းလုပ်ငန်း ၄၈ ခုကို ဆောင်ရွက်ခဲ့ပါတယ်။ ဒီမှာ အမှတ်စဉ်(၂)နှင့်(၃) ကမ်းပြိုကာကွယ်ရေးလုပ်ငန်း ၄၅ ခု အနက် မူးမြစ်အတွင်းလုပ်ငန်းပေါင်း ကိုးခု ဆောင်ရွက်ပေးခဲ့ပါတယ်။

ကျွန်တော်တို့က စစ်ကိုင်းတိုင်းဒေသကြီးအစိုးရအဖွဲ့ရန်ပုံငွေနဲ့ ခုနစ်နေရာဆောင်ရွက်ပေးခဲ့ပါတယ်။ မြင်းမူမြို့နယ်၊ ရထောင်ကျေးရွာ၊ ရေဦးမြို့နယ်၊ လေးရွာကျေးရွာ၊ ရွှေဘိုမြို့နယ်၊ မအူပင်ကျေးရွာ၊ စစ်ကိုင်းမြို့နယ်၊ ညောင်ပင်ဝန်းကျေးရွာ၊ ဝက်လက်မြို့နယ်၊ စွယ်ကွေ့ကျေးရွာ အဲဒီမှာ ကျွန်တော်တို့ ဒေါင်းမြူချောင်းတိုင်းတာရေးလုပ်ငန်းလည်းဆောင်ရွက်ပေးခဲ့ပါတယ်။ ရေဦးမြို့နယ်၊ လေးရွာကျေးရွာ၊ စစ်ကိုင်းမြို့နယ်၊ ညောင်ပင်ဝန်းကျေးရွာတို့ကို ကျွန်တော်တို့က တိုင်းဒေသကြီးရန်ပုံငွေနဲ့ ဆောင်ရွက်ပေးခဲ့ပါတယ်။ ထို့အပြင် ပြည်ထောင်စုသီးသန့်ရန်ပုံငွေနဲ့က လုပ်ငန်းနှစ်နေရာ ဆောင်ရွက်ပေးခဲ့ပါတယ်။ ဝက်လက်မြို့နယ်၊ မူကြိုးကျေးရွာနှင့် ကမ်းပြိုကာကွယ်ရေးလုပ်ငန်းနဲ့ ဒီပဲယင်းမြို့နယ်၊ မူရိုးကုန်းကျေးရွာ ကမ်းပြိုကာကွယ်ရေးလုပ်ငန်းများကို ဆောင်ရွက်ပေးခဲ့ပါတယ်။

ကိုယ်စားလှယ်တော်ကြီးမေးမြန်းထားတဲ့ စစ်ကိုင်းတိုင်းဒေသကြီး၊ ခင်ဦးမြို့နယ် ဥယျာဉ်ရွာအနီး မူးမြစ်ကမ်းပြိုမှုဖြစ်ပေါ်ခဲ့တဲ့နေရာတွေကို ရေအရင်းအမြစ်နှင့် မြစ်ချောင်းများဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနက ၂၀၁၇ ခုနှစ်၊ ဧပြီလ ၂၆ ရက်နေ့ကနေပြီးတော့ ဧပြီလ ၂၉ ရက်နေ့အထိ ကွင်းဆင်းတိုင်းတာ စစ်ဆေးခြင်းလုပ်ငန်းများ ဆောင်ရွက်ခဲ့ပါတယ်။ တိုင်းတာရရှိခဲ့တဲ့ အချက်အလက်များအပေါ်မူတည်ပြီးတော့ လိုအပ်တဲ့ ကမ်းပြိုကာကွယ်ရေးအစီအမံများရေးဆွဲတွက်ချက်ပြီး ၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ်၊ စစ်ကိုင်းတိုင်းဒေသကြီးအစိုးရအဖွဲ့ ဖြည့်စွက်ရန်ပုံငွေမှာ တင်ပြတောင်းခံသွားမည်ဖြစ်ပါကြောင်းနဲ့ ရန်ပုံငွေရရှိမှုပေါ်မူတည်၍ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန၊ ရေအရင်းအမြစ်နှင့် မြစ်ချောင်းများဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ နည်းပညာကူညီပံ့ပိုးဆောင်ရွက်ပေးသွားမှာဖြစ်ပါကြောင်း စစ်ကိုင်းတိုင်းဒေသကြီးအစိုးရအဖွဲ့ကိုယ်စား ရှင်းလင်းဖြေကြားအပ်ပါတယ် ခင်ဗျား။ ကျေးဇူးတင်ပါတယ်။

**မြန်မာအမျိုးသားလေကြောင်းလိုင်းနှင့် ပုဂ္ဂလိကလေကြောင်းခရီးစဉ်တွင် လေကြောင်းဖြင့် လိုက်ပါမည့်ခရီးသည် ရပိုင်ခွင့်ထက်ပိုသောပစ္စည်းတင်ခကို လေယာဉ်ပျံသန်းချိန်၊ အကွာအဝေးနှင့် မိနစ်သတ်မှတ်နှုန်းထားဖြင့် ပြင်ဆင်ပေးရန်အစီအစဉ်ရှိ/မရှိနှင့်စပ်လျဉ်းသည့်မေးခွန်း**

**မူကြမ်း**

**ဥက္ကဋ္ဌ**။ ။ ပူတာအိုမဲဆန္ဒနယ်မှ ဦးမိုးရွှေ မေးမြန်းဖို့ဖြစ်ပါတယ်။

**ဦးမိုးရွှေ(ပူတာအိုမဲဆန္ဒနယ်)**။ ။ လေးစားရပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ဒုတိယဥက္ကဋ္ဌ၊ ပြည်ထောင်စုဒုတိယဝန်ကြီးများ၊ လွှတ်တော်ကိုယ်စားလှယ်များနှင့် ဧည့်သည်တော်များအားလုံး စိတ်၏ချမ်းသာခြင်း၊ ကိုယ်၏ကျန်းမာခြင်း ပြည့်စုံကြပါစေကြောင်း ဆုမွန်ကောင်းတောင်းရင်း နှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော်ကတော့ ကချင်ပြည်နယ်၊ ပူတာအိုမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးမိုးရွှေ ဖြစ်ပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော့်အနေနဲ့ မေးမြန်းလိုသည်မှာ မြန်မာအမျိုးသားလေကြောင်းနှင့် ပုဂ္ဂလိကလေကြောင်းခရီးစဉ်ဖြင့် လိုက်ပါမည့်ခရီးသည်၏ ရပိုင်ခွင့် ကီလို ၂၀ ထက်ပိုသော ခရီးသည်ပစ္စည်းတင်ခကို လေယာဉ်ပျံသန်းချိန်အကွာအဝေးနှင့် မိနစ်သတ်မှတ်နှုန်းထားဖြင့် ပြင်ဆင်ပေးပါရန်အစီအစဉ်ရှိ/မရှိနှင့်စပ်လျဉ်းပြီး မေးမြန်းသွားမှာဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော့်မဲဆန္ဒနယ် ပူတာအိုမြို့နှင့် မြစ်ကြီးနားကြား အဓိကအားဖြင့် ပြည်ထောင်စုကားလမ်းမကြီးနှင့် လေကြောင်းလိုင်းတစ်ခုသာရှိပါသော်လည်း ပြည်ထောင်စုကားလမ်းမကြီးသည် ခရီးသည်တင်ကားကြီး၊ ကားငယ်များသွားလာနိုင်ခြင်းမရှိသောကြောင့် ပူတာအိုခရိုင်ရှိ ပြည်သူများ၊ နိုင်ငံ့ဝန်ထမ်းများ၊ ကျောင်းသားကျောင်းသူများ၊ ခရီးသွားဧည့်သည်များသည် လေကြောင်းနှင့်သာ အဓိကထားသွားလာနေရခြင်းဖြစ်ပါတယ်။ သို့သော် မြစ်ကြီးနား-ပူတာအိုလေကြောင်းများဖြင့် လိုက်ပါသည့်ခရီးသည်များသည် လေကြောင်းပျံသန်းချိန်အကွာအဝေးနှင့် ညီမျှမှုမရှိသော ကီလိုနှုန်းထားကို ပေးဆောင်နေရတာကို တွေ့ရပါတယ်။ ထို့ကြောင့် ကျွန်တော့်မဲဆန္ဒနယ်ရှိ ပြည်သူများမှာ စားသုံးမှုပစ္စည်းများလည်း ဈေးကြီးစွာ ဝယ်ယူစားသုံးနေရခြင်းဖြစ်ပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။ လေကြောင်းခရီးသည်တစ်ဦး၏ရပိုင်ခွင့် ၂၀ ကီလိုထက်ပိုသော ပစ္စည်းတင်ခမှာ ရန်ကုန်-မြစ်ကြီးနား ပျံသန်းချိန် နှစ်နာရီ ၂၀ မိနစ် ခရီးသည်၏ရပိုင်ခွင့်ထက်ပိုသောပစ္စည်းတင်ခမှာ တစ်ကီလို ၂၀၀၀ ကျပ်ဖြစ်ပါတယ်။ ရန်ကုန်-မန္တလေး ပျံသန်းချိန် တစ်နာရီ ၁၀ မိနစ် ခရီးသည်၏ရပိုင်ခွင့်ထက်ပိုသောပစ္စည်းတင်ခမှာ တစ်ကီလို ၂၀၀၀ ကျပ်ဖြစ်ပါတယ်။ မန္တလေး-မြစ်ကြီးနား ပျံသန်းချိန် တစ်နာရီဖြစ်ပါတယ်။ ခရီးသည်၏ရပိုင်ခွင့်ထက်ပိုသောပစ္စည်းတင်ခမှာ တစ်ကီလိုကို ၂၀၀၀ ကျပ်ဖြစ်ပါတယ်။ မြစ်ကြီးနား-ပူတာအို ပျံသန်းချိန် ၃၅ မိနစ်ပဲရှိပါတယ်။ ဒါပေမဲ့ ခရီးသည်၏ရပိုင်ခွင့်ထက်ပိုသောပစ္စည်းတင်ခမှာ တစ်ကီလိုကို ၂၀၀၀ ကျပ်ဖြစ်သောကြောင့် ခရီးသည်၏ရပိုင်ခွင့်ထက်ပိုသောပစ္စည်း

တင်ခမှာ လေကြောင်းခရီးစဉ်ပျံသန်းချိန်နှင့်မညီမျှဖြစ်နေသလို ပျံသန်းချိန် အဝေးနှင့်အနီး အတူတူ ဖြစ်နေတာကို ယခုကျွန်တော်ဖော်ပြချက်အရ အားလုံးသိပြီးဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော့်ကို Power Point ပြခွင့်ပြုပါရန် မေတ္တာရပ်ခံအပ်ပါတယ်။ ဒါက တော့ မြစ်ကြီးနား-ပူတာအို ခရီးသည်များ မြစ်ကြီးနားလေဆိပ်ကောင်တာတွင် ပစ္စည်းချိန်ဖို့ စောင့်နေ တာဖြစ်ပါတယ်။ ဒါကတော့ ပစ္စည်းချိန်နေတာဖြစ်ပါတယ်။ သို့ဖြစ်ပါ၍ ကျွန်တော်မေးမြန်းလိုသည်မှာ မြစ်ကြီးနား-ပူတာအို မြန်မာ့အမျိုးသားလေကြောင်းနှင့် ပုဂ္ဂလိကလေကြောင်းခရီးစဉ်တွင် လိုက်ပါမည့် ခရီးသည်၏ရပိုင်ခွင့် ကီလို ၂၀ ထက်ပိုသောပစ္စည်းတင်ခကို လေယာဉ်ပျံသန်းချိန်အကွာအဝေးနှင့် မိနစ် သတ်မှတ်နှုန်းထားအတိုင်း အမြန်ဆုံးပြင်ဆင်ပေးရန် အစီအစဉ်ရှိ/မရှိ မေးမြန်းရခြင်းဖြစ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာနက ဖြေကြားရန်ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဦးကျော်မျိုး(ဒုတိယဝန်ကြီး၊ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန)**။ ။ ပြည်သူ့ လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်ကြီးများ မင်္ဂလာပါ။ ပူတာအိုမဲဆန္ဒနယ် ပြည်သူ့ လွှတ်တော်ကိုယ်စားလှယ် ဦးမိုးရွှေရဲ့ မြန်မာ့အမျိုးသားလေကြောင်းလိုင်းနှင့် ပုဂ္ဂလိကလေကြောင်း ခရီးစဉ်တွင် လိုက်ပါမည့်ခရီးသည်များ ရပိုင်ခွင့်ထက်ပိုသောပစ္စည်းတင်ခကို လေယာဉ်ပျံသန်းချိန်၊ အကွာအဝေးနှင့် မိနစ်သတ်မှတ်နှုန်းထားဖြင့် ပြင်ဆင်ပေးရန်အစီအစဉ်ရှိ/မရှိနှင့်စပ်လျဉ်းတဲ့ ကြယ်ပွင့်ပြမေးခွန်းအပေါ် ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး ကျွန်တော် ဦးကျော်မျိုးမှ ပြန်လည်ရှင်းလင်းဖြေကြားမှာဖြစ်ပါတယ်။

မြန်မာနိုင်ငံလေကြောင်းသယ်ယူပို့ဆောင်ရေးကဏ္ဍမှာ ပြည်တွင်းခရီးစဉ်များ ပျံသန်းပြေးဆွဲနေ တဲ့ နိုင်ငံတော်ပိုင်လေကြောင်းလိုင်းတစ်လိုင်းနှင့် ပုဂ္ဂလိကလေကြောင်းလိုင်းကိုးလိုင်း စုစုပေါင်း လေကြောင်းလိုင်း ၁၀ လိုင်း ရှိပါတယ်။ မြန်မာအမျိုးသားလေကြောင်းအနေနဲ့ စီးပွားရေးဆန်ဆန် ဆောင်ရွက်ပြီး နိုင်ငံတကာအဆင့်မီလေကြောင်းလိုင်းတစ်ခုအဖြစ် ရပ်တည်နိုင်ရန်ရည်ရွယ်ပြီး ၂၀၁၃- ၂၀၁၄ ဘဏ္ဍာရေးနှစ်မှစတင်၍ နိုင်ငံတော်ဘဏ္ဍာရန်ပုံငွေ တောင်းခံခြင်းမပြုတော့ဘဲ မိမိဝင်ငွေနဲ့ ရပ်တည်ဆောင်ရွက်လျက်ရှိရာ Boeing၊ ATR ကဲ့သို့ ခေတ်မီလေယာဉ်များကို ငှားရမ်းခြင်း၊ ဝယ်ယူခြင်းတို့ ပြုလုပ်၍ ယခင်အသုံးပြုခဲ့တဲ့ Fokker လေယာဉ်ဟောင်းများနေရာမှာ အစားထိုးခြင်း၊

ATR လေယာဉ်အကြီးစားပြုပြင်ထိန်းသိမ်းရေးအလုပ်ရုံတည်ဆောက်ခြင်းစတဲ့ ရင်းနှီးမြှုပ်နှံမှုများကို လေကြောင်းလိုင်းရဲ့ဝင်ငွေအပြင် ထပ်မံလိုအပ်တဲ့ ရင်းနှီးငွေများကို အမေရိကန်နိုင်ငံ GECAS Co.Ltd ထံမှ ချေးယူပြီး ရင်းနှီးမြှုပ်နှံမှုများ ဆောင်ရွက်နေတဲ့ကာလဖြစ်တဲ့အတွက် လေကြောင်းလိုင်း အရှုံးမပေါ်စေရန် ကြိုးစားဆောင်ရွက်လျက်ရှိပါတယ်။ မြန်မာအမျိုးသားလေကြောင်းလိုင်းက ခရီးသည်တစ်ဦးလျှင် လက်ဆွဲခုနစ်ကီလိုနဲ့ အပ်နှံပစ္စည်း(ဝန်စည်စလယ်)ကီလို ၂၀ ကို အခမဲ့ သယ်ဆောင်ခွင့်ပြုထားပြီး ၎င်းသတ်မှတ်ချက်ထက်ကျော်လွန်တဲ့ အပ်နှံပစ္စည်းများကို လေယာဉ်ရဲ့ တင်ဆောင်နိုင်တဲ့ အလေးချိန်နဲ့နေရာရရှိမှုအပေါ် မူတည်ပြီး ပေါင်ပိုတင်ဆောင်ခကျခံ၍ တင်ဆောင်နိုင်ပါတယ်။ မြန်မာအမျိုးသားလေကြောင်းအနေနဲ့ ပေါင်ပိုတင်ဆောင်ခ တစ်ကီလို ကျပ် ၂၀၀၀ ပုံသေသတ်မှတ်ကောက်ခံလျက်ရှိပါတယ်။ ဒါကတော့ လွှတ်တော်ကိုယ်စားလှယ်ကြီးတင်ပြသွားတဲ့ အတိုင်းပါပဲ။ ကုန်စည်တင်ဆောင်ခကိုတော့ တစ်ကီလို ၃၆၀ ကျပ်နဲ့လက်ခံတင်ဆောင်ပါတယ်။ ပုဂ္ဂလိကပိုင်လေကြောင်းလိုင်းများအနေနဲ့ ပေါင်ပိုတင်ဆောင်ခကို ခရီးစဉ်ပျံသန်းချိန်အပေါ်မူတည်၍ ပျံသန်းချိန်တစ်နာရီအောက် ခရီးစဉ်အတွက် ပေါင်ပိုတင်ဆောင်ခ တစ်ကီလို ကျပ် ၁၀၀၀၊ ပျံသန်းချိန် တစ်နာရီမှ နှစ်နာရီအတွင်း ခရီးစဉ်အတွက် ပေါင်ပိုတင်ဆောင်ခ တစ်ကီလိုလျှင် ကျပ် ၂၀၀၀ နှင့် ပျံသန်းချိန် နှစ်နာရီနဲ့အထက် ခရီးစဉ်အတွက် ပေါင်ပိုတင်ဆောင်ခ ကျပ် ၃၀၀၀ အသီးသီး ကောက်ခံလျက်ရှိပါတယ်။

ကမ္ဘာ့လေကြောင်းလိုင်းများအနေနဲ့ လေကြောင်းခရီးစဉ်များပျံသန်းဆောင်ရွက်ရာမှာ လိုက်နာကျင့်သုံးရမယ့်စံနှုန်းနဲ့ လုပ်ထုံးလုပ်နည်းများကို ချမှတ်တဲ့ အပြည်ပြည်ဆိုင်ရာလေကြောင်းပို့ဆောင်ရေးအသင်း(International Air Transport Association—IATA)ရဲ့ ခရီးသည်နဲ့ ဝန်စည်စလယ်ဆိုင်ရာစည်းကမ်းချက်များရဲ့ ပေါင်ပိုပစ္စည်းနဲ့ပတ်သက်တဲ့ ခရီးသည်တစ်ယောက်ဟာ သက်ဆိုင်ရာ လေကြောင်းလိုင်းရဲ့စည်းကမ်းချက်အလိုက် ၎င်း၏ရပိုင်ခွင့်ထက်ပိုသော အပ်နှံပစ္စည်းများကို သယ်ဆောင်ပါက ပေါင်ပိုသယ်ဆောင်ခပေးရမယ်လို့ဖော်ပြထားပါတယ်။ နိုင်ငံတကာ လေကြောင်းလိုင်းများအနေနဲ့ ခရီးသည်ရပိုင်ခွင့်ထက်ပိုသောပစ္စည်းအတွက် ပစ္စည်းအလေးချိန်၊ သေတ္တာအလုံးရေ၊ စက်သုံးဆီဈေးနှုန်း၊ ခရီးအကွာအဝေး သို့မဟုတ် ပျံသန်းချိန်တို့အပေါ်မူတည်ပြီး ပေါင်ပိုသယ်ဆောင်ခကို ကောက်ခံလျက်ရှိပြီး လေကြောင်းလိုင်းတစ်လိုင်းနှင့်တစ်လိုင်း တူညီမှုမရှိတဲ့ အတွက် ပြည်တွင်းမှာ ပေါင်ပိုတင်ဆောင်ခကောက်ခံနေတဲ့လုပ်ထုံးလုပ်နည်းများဟာ နိုင်ငံတကာနဲ့ ကိုက်ညီမှုရှိပါတယ်။ ဒီနေရာမှာ ကျွန်တော် ရှင်းလင်းတင်ပြလိုတာကတော့ ဒီပေါင်ပိုတင်ဆောင်ခ

ဆိုတာ ခရီးသည်တစ်ဦး သူ့လက်ဆွဲအပြင် သူအပ်နှံတဲ့ပစ္စည်း၊ ကိုယ်နဲ့တစ်ပါတည်းသယ်သွားမယ့် ပစ္စည်းတွေအတွက်ကို ကျွန်တော်တို့က သတ်မှတ်ထားတဲ့ ကီလို ၂၀ ထက်ပိုရင် ပေးဆောင်ရတဲ့ ပေါင်ပိုတင်ဆောင်ခပါ။ ဒီဟာက ကုန်စည်နဲ့မတူပါဘူးခင်ဗျား။ ကုန်စည်ကျတော့ ကျွန်တော်တို့က ခရီးသည်က သူနဲ့တစ်ပါတည်း သယ်မယ့်ဟာမဟုတ်တဲ့ဟာ ကုန်စည်ဖြစ်ပါတယ်။ အခုနက လွှတ်တော်ကိုယ်စားလှယ်ကြီးတင်ပြသွားတဲ့ပုံအရဆိုရင် ခရီးသည်တစ်ယောက်ဟာ သာမန်အားဖြင့် ကိုယ်နဲ့တစ်ပါတည်း လက်ဆွဲအပြင် အပ်နှံပြီးတော့ ကိုယ့်ရဲ့ပုဂ္ဂလိကဆိုင်ရာပစ္စည်းတွေ တင်ဆောင်တဲ့ ဟာဆိုရင်တော့ ကျွန်တော်တို့က အခုနက ပြောသလို ကီလို ၂၀ နှင့်အထက် ပေါင်ပိုတင်ရမှာ ဖြစ်ပါတယ်။ ကုန်စည်ဖြစ်တဲ့ဟာဆိုရင်တော့ ကုန်စည်နှုန်းနဲ့ တင်ဆောင်လို့ရပါတယ်ခင်ဗျား။ ဒီ့အပြင်ကို ကိုယ်ပိုင်ဝန်စည်စလယ်ပဲဖြစ်စေ မတင်နိုင်ဘူးဆိုရင် ကိုယ်နဲ့တစ်ပါတည်း သယ်သွားချင် တယ်ဆိုရင်တော့ အခုနက သတ်မှတ်ထားတဲ့နှုန်းထားအတိုင်း ပေးဆောင်ရမှာဖြစ်ပါတယ်။ ဒါပေမဲ့ ကိုယ်နဲ့တစ်ပါတည်း အဲဒီလေယာဉ်ခရီးစဉ်မှာမဟုတ်ဘဲ နောက်လေယာဉ်ခရီးစဉ်ကျမှ ကိုယ်နဲ့အတူ မပါတဲ့ ဝန်စည်စလယ်အနေနဲ့သယ်ဆောင်မယ်ဆိုရင်တော့ ကုန်စည်နှုန်းထားနဲ့ တင်ဆောင်ခွင့်ရှိပါ တယ်။ သို့ဖြစ်ပါ၍ လွှတ်တော်ကိုယ်စားလှယ်ကြီးမေးမြန်းထားတဲ့ လေကြောင်းခရီးစဉ်မှာ လေကြောင်းလိုင်းဖြင့် လိုက်ပါမယ့်ခရီးသည်ရပိုင်ခွင့်ထက်ပိုသော ပစ္စည်းတင်ခကို လေယာဉ်ပျံသန်း ချိန် အကွာအဝေးနှင့် မိနစ်သတ်မှတ်နှုန်းထားဖြင့် ပြင်ဆင်ပေးနိုင်ရန် အစီအစဉ်ရှိ/မရှိ မေးမြန်းချက်နဲ့ စပ်လျဉ်း၍ လောလောဆယ်မှာ အစီအစဉ်မရှိသေးပါကြောင်း ရှင်းလင်းဖြေကြားအပ်ပါတယ်ခင်ဗျား။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ မိုက်ပေးပါ။

**ဦးမိုးရွှေ(ပူတာအိုမဲဆန္ဒနယ်)**။ ။ ဆက်စပ်မေးခွန်းမေးခွင့်ပြုရန် မေတ္တာရပ်ခံအပ်ပါ တယ်။ အခုလို ဝန်ကြီး ပြည့်ပြည့်စုံစုံဖြေကြားပေးတဲ့အတွက် ကျေးဇူးတင်ပါတယ်။ အခု ကျွန်တော့် အနေနဲ့ ဆက်စပ်မေးခွန်းမေးမြန်းလိုသည်မှာ ပျံသန်းချိန် အဝေးနဲ့အနီးမတူညီတဲ့အတွက်ကြောင့်မို့ အဲဒီ အဝေးနဲ့အနီး အခုနက ဝန်ကြီးဖြေသွားတဲ့နေရာမှာ ပေါင်ပို၊ ခရီးသည်တစ်ဦးရဲ့ကီလိုပို ဆိုတာက မြစ်ကြီးနား-ပူတာအို ခရီးသည်တွေက ကီလို ၂၀ သပ်သပ်ယူသွားလို့မရဘူး။ အဲဒါကြောင့်မို့လို့ ၂၀ ကီလိုထက်ပိုတဲ့ဟာတွေ တစ်ကီလိုကို ၂၀၀၀ ကျပ်ဆောင်ရတဲ့အတွက်ကြောင့်မို့လို့ အဲဒါကို

လောလောဆယ်ပြင်ဆင်ဖို့မရှိပေမယ့် ပြန်လည်စိစစ်ပြီးတော့မှ အကောင်အထည်ဖော်ဆောင်ရွက်ပေးဖို့ အစီအစဉ်ရှိ/မရှိ မေးမြန်းရခြင်းဖြစ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ ပြန်လည်ဖြေကြားပေးပါ။

**ဦးကျော်မျိုး(ဒုတိယဝန်ကြီး၊ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန)**။ ။ လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်ကြီးများခင်ဗျား။ အခု လွှတ်တော်ကိုယ်စားလှယ်ကြီးမေးမြန်းသည့်ဟာ ခရီးသွားပြည်သူတွေကြုံတွေ့နေရတဲ့အခက်အခဲကိုလည်း ကျွန်တော်တို့ ဝန်ကြီးဌာနအနေနဲ့လည်း ကောင်းစွာသဘောပေါက်နားလည်ပါတယ်။ အဓိကအားဖြင့်ကတော့ ကျွန်တော်အခုနကတင်ပြသွားသလို ပုဂ္ဂလိကလေကြောင်းလိုင်းတွေကတော့ ပျံသန်းချိန် အကွာအဝေးအပေါ်မူတည်ပြီးတော့ နှုန်းထားခွဲခြားသတ်မှတ်တာရှိပါတယ်။ မြန်မာအမျိုးသားလေကြောင်းအနေနဲ့ကတော့ ပုံသေ တစ်ကီလိုကို ကျပ် ၂၀၀၀ သတ်မှတ်ထားတာရှိပါတယ်။ ဒီလိုပုံသေသတ်မှတ်ရတဲ့အကြောင်းရင်းတစ်ခုကတော့ ကျွန်တော်စောစောတင်ပြသွားသလို မြန်မာ့အမျိုးသားလေကြောင်းလိုင်းကဆိုနိုင်ငံတကာအဆင့်မီလေကြောင်းလိုင်းတစ်လိုင်းဖြစ်ဖို့ ပြည်တွင်းရော၊ ပြည်ပရော ကြိုးစားဆောင်ရွက်နေတဲ့အချိန်မှာ ကျွန်တော်တို့က လေယာဉ်ပျံလက်မှတ်ဝယ်တဲ့ အွန်လိုင်းစနစ်၊ ဒီအလေးချိန်တွေ၊ ကုန်စည်တွေ၊ ဝန်စည်စလယ်တွေကို အွန်လိုင်းစနစ်နဲ့ နိုင်ငံခြားကုမ္ပဏီကနေ အခကြေးငွေများစွာနဲ့ ကျွန်တော်တို့ကရယူပြီးတော့ အဲဒီစနစ်နဲ့ဆောင်ရွက်နေပါတယ်။ လောလောဆယ်ကတော့ မြန်မာ့အမျိုးသားလေကြောင်းအနေနဲ့က ဒီခရီးအကွာအဝေး သို့မဟုတ် ပျံသန်းချိန်အလိုက် စနစ်ထဲမှာအမျိုးမျိုး ဒီနှုန်းထားတွေကိုထည့်သွင်းပြီးတော့ ဆောင်ရွက်မယ်ဆိုရင် ဒီစနစ်ကို ပံ့ပိုးပေးတဲ့ကုမ္ပဏီကို၊ ဒီဟာ ပြန်ပြင်ဖို့အတွက်ကို ကျွန်တော်တို့က အခကြေးငွေတော်တော်များများလေးပေးရမှာ ဖြစ်ပါတယ်။ ဒါပေမဲ့ အခုနက လွှတ်တော်ကိုယ်စားလှယ်ကြီး မေတ္တာရပ်ခံထားသလို ကျွန်တော့်အနေနဲ့ လောလောဆယ်တော့ ကျွန်တော်တို့က ပြင်ဖို့အစီအစဉ်မရှိသေးပေမဲ့ ရေရှည်မှာ မြန်မာအမျိုးသားလေကြောင်းလိုင်းအနေနဲ့ ဘယ်လိုနည်းနဲ့ ဒီဟာလေးကို ပြောင်းလဲပြုပြင်ပေးလို့ရနိုင်မလဲဆိုတာ ကျွန်တော်တို့ဝန်ကြီးဌာနအနေနဲ့ ထပ်ပြီးတော့ ကျွန်တော်တို့က ညှိနှိုင်းဆောင်ရွက်ပေးသွားမှာဖြစ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**မြန်မာနိုင်ငံအတွင်း ပြေးဆွဲနေသော အဝေးပြေးမော်တော်ယာဉ်လိုင်းကားများအား ကားမထွက်မီ ကြံ့ခိုင်မှုရှိ/မရှိ စစ်ဆေးရန် မည်သို့စီမံဆောင်ရွက်ထားကြောင်း သိလိုခြင်းနှင့် စပ်လျဉ်းသည့်မေးခွန်း**

**မူကြမ်း**

**ဥက္ကဋ္ဌ**။ ။ မင်းတုန်းမဲဆန္ဒနယ်မှ ဒေါ်ခင်သန်းနု မေးမြန်းဖို့ဖြစ်ပါတယ်။

**ဒေါ်ခင်သန်းနု(မင်းတုန်းမဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီးနှင့် အားလုံးပဲမင်္ဂလာပါရှင်။ ကျွန်မကတော့ မကွေးတိုင်းဒေသကြီး၊ မင်းတုန်းမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါ်ခင်သန်းနု ဖြစ်ပါတယ်။ ဥက္ကဋ္ဌကြီးရှင်။ မြန်မာနိုင်ငံအတွင်း မှီတင်းနေထိုင်ကြသော နိုင်ငံသားအများစုမှာ တောင်သူလယ်သမားများ၊ အလုပ်သမားများဖြစ်ကြပြီး ခရီးသွားလာရေးအတွက် အဝေးပြေးမော်တော်ယာဉ်များကိုသာ မှီခိုအားထားနေရသူများဖြစ်ကြပါ တယ်။ မြန်မာပြည်အနှံ့အပြားကို ကိစ္စအမျိုးမျိုးဖြင့် ခရီးသွားလာနေသူများအတွက် အဝေးပြေး မော်တော်ယာဉ်များ ကြံ့ခိုင်မှုရှိမှ လိုရာခရီးကို အချိန်နှင့်တစ်ပြေးညီ ရောက်ရှိနိုင်မှာဖြစ်ပါတယ်။ မော်တော်ယာဉ်များကြံ့ခိုင်ရေးမကောင်းလျှင် လိုရာခရီးကို အောင်မြင်ချောမွေ့စွာ ရောက်နိုင်မှာ မဟုတ်သလို လမ်းခရီးတွင် အခက်အခဲများစွာ၊ အန္တရာယ်များစွာနှင့်လည်း ကြုံရနိုင်ပါတယ်။ မော်တော်ယာဉ်တိမ်းမှောက်ခြင်းများ၊ မော်တော်ယာဉ်ရဲ့ကြံ့ခိုင်မှုမကောင်းလို့ ဖြစ်နိုင်သလို ယာဉ်မောင်းရဲ့ပေါ့ဆမှုများ၊ လမ်းရဲ့အားနည်းချက်များကြောင့်လည်း ဖြစ်နိုင်ပါတယ်။ ယခုအချိန်တွင် အဝေးပြေးမော်တော်ယာဉ်များ တိမ်းမှောက်ခြင်းသတင်းကို မကြာခဏဆိုသလို ကြားသိနေရပါတယ်။ မြန်မာနိုင်ငံရှိ တိုင်းဒေသကြီးနှင့်ပြည်နယ်အလိုက် ယာဉ်မတော်တဆမှုဖြစ်ပွားစဉ်များကို လေ့လာရာ တွင် ရန်ကုန်တိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီးတို့မှာ ယာဉ်မတော်တဆမှု အများဆုံးဖြစ်ပွား ကြောင်း တွေ့ရှိရပါတယ်။ မြန်မာနိုင်ငံတွင် နေ့စဉ်ယာဉ်မတော်တဆမှုများဖြစ်နေပြီး ပျမ်းမျှအားဖြင့် နေ့စဉ် လူ ၁၁ ဦးခန့် သေဆုံးနေတယ်လို့ သိရပါတယ်။ အပြည်ပြည်ဆိုင်ရာစံနှုန်းဖြစ်သော မြန်မာနိုင်ငံ တွင် လူဦးရေ တစ်သိန်း၌ ၈.၄ ယောက်နှုန်း သေဆုံးနေတယ်လို့ သိရပါတယ်။ ဥက္ကဋ္ဌကြီးရှင်။ Power Point သုံးစွဲခွင့်ပြုပါ။ Power Point မှာပြထားတဲ့စာရင်းများဟာ ရန်ကုန်-မန္တလေးလမ်းမကြီးမှာ ဖြစ်ပွားခဲ့တဲ့ ယာဉ်မတော်တဆမှုများ၊ ထိခိုက်ဒဏ်ရာရရှိနေသူများနှင့် သေဆုံးသူများစာရင်းဖြစ်ပါ တယ်။ ၂၀၁၂ ခုနှစ်က စာရင်းဖြစ်ပါတယ်။ ၂၀၁၃ ခုနှစ်ကစာရင်းဖြစ်ပါတယ်။ ၂၀၁၄ ခုနှစ်ကစာရင်း ဖြစ်ပါတယ်။ ၂၀၁၅ ခုနှစ်ကစာရင်းဖြစ်ပါတယ်။ ၂၀၁၆ ခုနှစ်က စာရင်းဖြစ်ပါတယ်။ ဒါကတော့ မြန်မာ တစ်နိုင်ငံလုံးမှာရှိတဲ့ နှစ်စဉ်အလိုက် ယာဉ်မတော်တဆမှုများကို ဖော်ပြတဲ့ဇယားဖြစ်ပါတယ်။ ဒါကတော့ တိုင်းဒေသကြီးနှင့် ပြည်နယ်များအလိုက် ၂၀၁၂ ခုနှစ်မှ ၂၀၁၆ ခုနှစ်အထိ ယာဉ်မတော် တဆမှုများကို ဖော်ပြထားတဲ့ဇယားဖြစ်ပါတယ်။ ယခုလို ယာဉ်တိမ်းမှောက်ခြင်းသတင်း ကြားသိရတိုင်း မိသားစုနဲ့အတူ လွန်စွာစိတ်မကောင်းဖြစ်ရပါတယ်။ Power Point ပိတ်လို့ရပါပြီရှင်။ ခရီးသွားပြည်သူ

များအတွက် ဒုက္ခမျိုးစုံကြုံတွေ့ရပြီး ဒုက္ခိတများဖြစ်သွားခြင်းနှင့် အသက်အန္တရာယ်ဆုံးရှုံးခြင်းများမှာ ကျွန်မတို့တိုင်းပြည်အတွက် များစွာနစ်နာဆုံးရှုံးရပါတယ်။ ယခုမေလ ၁၄ ရက်နေ့ ညနေ ၄ နာရီခွဲ လောက်မှာ ရန်ကုန်မှစစ်တွေကိုထွက်လာတဲ့ အကယ်ဒမီခရီးသည်တင်မော်တော်ယာဉ်တစ်စီးဟာ ကျွန်မတို့ မင်းတုန်းမြို့နယ်အတွင်း ပုသိမ်-မုံရွာလမ်းပေါ်မှာ တိမ်းမှောက်ခဲ့ပါတယ်။ အဲဒီ မော်တော်ယာဉ်ထဲမှာ ခရီးသည် ၄၀ ဦးလိုက်ပါပြီး ၁၂ ဦး ဒဏ်ရာရတယ်လို့ ကြားသိရပါတယ်။ အဲဒီ မော်တော်ယာဉ်ပေါ်မှာ အင်္ဂလန်နိုင်ငံသားတစ်ဦးနှင့် ဆွီဒင်နိုင်ငံသူတစ်ဦးလည်း လိုက်ပါလာခဲ့ပါ တယ်။ အကယ်၍ နိုင်ငံခြားသားများ မတော်တဆ သေဆုံးခဲ့မယ်ဆိုရင် သူတို့ရဲ့အသက်အာမခံ လျော်ကြေးများစွာ ကုန်ကျမှာဖြစ်လို့ နိုင်ငံတော်အတွက် ဆုံးရှုံးမှုတွေရှိလာပါတယ်။ အလားတူ ယာဉ်တိမ်းမှောက်မှုများကို နေ့စဉ်ကြားနေရခြင်းမှာ လွန်စွာစိတ်မကောင်းဖြစ်မိပါ၍ နိုင်ငံတော်အစိုးရ အနေဖြင့် ယာဉ်တိမ်းမှောက်မှုအန္တရာယ်ကို လျှော့နည်းအောင် မည်သို့စီမံဆောင်ရွက်ထားသလဲဆိုတာ ကို သိရှိလိုပါသဖြင့် အောက်ပါမေးခွန်းများကို မေးမြန်းရခြင်းဖြစ်ပါတယ်။ မြန်မာနိုင်ငံအတွင်း တစ်မြို့နှင့်တစ်မြို့ စဉ်ဆက်မပြတ်ကူးသန်းသွားလာရန် ပြေးဆွဲနေသော မော်တော်ယာဉ်လိုင်းများအား ကြံ့ခိုင်မှုကောင်းစေရန် မည်သူတို့က စစ်ဆေးပါသလဲ။ မော်တော်ယာဉ်လိုင်စင်များကိုစစ်ဆေးသော ကညန ရုံးများမှာ သေချာစွာစစ်ဆေးမှုရှိပါသလား။ မော်တော်ယာဉ်လိုင်စင်စစ်သကဲ့သို့ တစ်နှစ်တစ်ခါ စစ်ရုံမျှဖြင့် လုံလောက်မှုရှိပါသလား။ ထို့နောက် အဝေးပြေးယာဉ်များကို မောင်းနှင်နေသော ယာဉ်မောင်းသူများမှ အရက်၊ ဘီယာများ အလွန်အကျွံသောက်ပြီးမှ မောင်းနှင်ခြင်း၊ အရေးကြီးကိစ္စ များ မဟုတ်ပါဘဲ လက်ကိုင်ဖုန်းကို ကြာရှည်စွာပြောဆိုပြီး မောင်းနှင်ခြင်းများအပေါ် မည်သို့အရေးယူ ဆောင်ရွက်ပါမည်လဲ သိရှိလိုပါသဖြင့် ခရီးသွားပြည်သူများကိုယ်စား မေးမြန်းရခြင်းဖြစ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်ရှင်။

**ဥက္ကဋ္ဌ**။ ။ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာနက ဖြေကြားရန် ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဦးကျော်မျိုး(ဒုတိယဝန်ကြီး၊ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန)**။ ။ လေးစား အပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်ကြီးများ မင်္ဂလာပါခင်ဗျား။ မင်းတုန်းမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါ်ခင်သန်းနုရဲ့ မြန်မာနိုင်ငံအတွင်း ပြေးဆွဲ

နေတဲ့ အဝေးပြေးမော်တော်ယာဉ်လိုင်းကားများအား ကားမထွက်မီ ကြံ့ခိုင်မှုရှိ/မရှိကို စစ်ဆေးရန် မည်သို့စီမံဆောင်ရွက်ထားကြောင်း သိရှိလိုခြင်း ကြယ်ပွင့်ပြမေးခွန်းနှင့်စပ်လျဉ်းပြီး ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဝန်ကြီး ကျွန်တော် ဦးကျော်မျိုးက ရှင်းလင်းဖြေကြားမှာဖြစ်ပါတယ်။ အဝေးပြေးမော်တော်ယာဉ်လိုင်းကားများပေါ် လိုက်ပါစီးနင်းတဲ့ခရီးသည်များ လုံခြုံစိတ်ချမှုရှိရေး၊ ဘေးအန္တရာယ်ကင်းရှင်းရေး၊ သက်တောင့်သက်သာ စီးနင်းနိုင်ရေး၊ ယာဉ်အန္တရာယ်၊ လမ်းအန္တရာယ်ကင်းရှင်းစေရေးနှင့် မတော်တဆဖြစ်ပွားမှုများမှ ကြိုတင်ကာကွယ်နိုင်ရေးတို့အတွက် ခရီးသည်တင်ယာဉ် စတင်ထွက်ခွာသည့်ဂိတ်နှင့်လမ်းခရီးရှိ စစ်ဆေးရေးစခန်းများ၌ ဒေသအလိုက် အမျိုးသားယာဉ်အန္တရာယ်၊ လမ်းအန္တရာယ် ကင်းရှင်းရေးကောင်စီရဲ့ ညှိနှိုင်းစီစဉ်မှုဖြင့် ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ ယာဉ်ထိန်းရဲတပ်ဖွဲ့၊ အမြန်လမ်းရဲတပ်ဖွဲ့၊ မီးသတ်ဦးစီးဌာန၊ ယာဉ်စည်းကမ်းထိန်းသိမ်းရေးကြီးကြပ်ရေးဆိုင်ရာ ဒေသအဖွဲ့အစည်းများမှ ကိုယ်စားလှယ်များပါဝင်တဲ့ ပူးပေါင်းစစ်ဆေးရေးအဖွဲ့များနဲ့ အလေးထားစစ်ဆေးကြပ်မတ်ဆောင်ရွက်လျက်ရှိပါတယ်။ စစ်ဆေးတဲ့အချက်များကို Power Point အသုံးပြု၍ တင်ပြခွင့်ပြုပါခင်ဗျား။ အဓိကကတော့ ကျွန်တော်တို့စစ်ဆေးတဲ့အခါမှာ စတီယာရင်၊ ဘရိတ်၊ မီးစနစ် စတဲ့စနစ်တွေ၊ နောက် ကိုယ်ထည်၊ တာယာတွေ၊ နောက်တစ်ခါ လူစီးထိုင်ခုံအရေအတွက် သတ်မှတ်ထားတာထက် ပိုပြီး တပ်ထားခြင်းရှိ/မရှိ၊ နောက် ထိုင်ခုံခါးပတ်ပြည့်စုံခြင်းရှိ/မရှိ၊ နောက် ယာဉ်မထွက်ခွာမီဖြစ်တဲ့အတွက် ခရီးသည်နှင့် ယာဉ်မောင်းတွေဟာ ထိုင်ခုံခါးပတ်ပတ်ထားခြင်းရှိ/မရှိ၊ နောက် ခရီးသည် အရေအတွက်နှင့် ကုန်ပစ္စည်းတွေဟာ သတ်မှတ်ချက်များနှင့်ကိုက်ညီမှုရှိ/မရှိ၊ (Over Load) တင်ထားတာရှိ/မရှိ၊ သတ်မှတ်ထားတဲ့အတိုင်း မီးသတ်ဆေးဗူးတွေ သတ်မှတ်ထားတဲ့အတိုင်းရှိ/မရှိ၊ အရေးပေါ်ထွက်ပေါက် အသုံးပြုလို့ရ/မရ၊ ပါ/မပါ၊ လေကာမှန်၊ ရေသုတ်တံတွေ၊ နောက်တစ်ခါ လိုအပ်တဲ့ရောင်ပြန်ပြားတွေတပ်ထားခြင်းရှိ/မရှိ၊ နောက်အရေးပေါ်အချိန်မှာ မှန်ခွဲနိုင်မယ့်ပုဆိန်တွေ၊ တူတွေ ပါရှိခြင်းရှိ/မရှိ၊ နောက်အလွယ်တကူရယူနိုင်တဲ့နေရာမှာရှိ/မရှိ၊ နောက်ပြီးတော့ ရှေ့နေကာမှန် နှင့် ဘေးပြတင်းမှန်များ (Safety Glass) ဖြစ်ပြီး ကောင်းမွန်ပြည့်စုံမှုရှိ/မရှိ၊ နောက်မြင်ကွင်းကို ကောင်းစွာ၊ လွယ်ကူရှင်းလင်းစွာတွေ့မြင်နိုင်မှုရှိ/မရှိ၊ လုပ်ငန်းလိုင်စင်စည်းကမ်းချက်များနှင့် ညီညွတ်မှုရှိ/မရှိ၊ နောက်တစ်ခါ ယာဉ်မောင်းချိန် (၈)နာရီထက်ကျော်လွန်တဲ့ခရီးစဉ်မှာ ယာဉ်မောင်းနှစ်ဦးပါရှိခြင်းရှိ/မရှိ၊ ယာဉ်အကူ၊ လိုအပ်တဲ့ယာဉ်အကူဝန်ထမ်းများပါရှိခြင်းရှိ/မရှိ၊ ယာဉ်မောင်း၊ ယာဉ်အကူနှင့်ယာဉ်လုပ်သားများ အရက်သေစာသောက်စားထားခြင်းရှိ/မရှိ တို့ကို ကျွန်တော်တို့က

ပူးပေါင်းအဖွဲ့နှင့်စစ်ဆေးပါတယ်။ ခရီးစဉ်မထွက်ခွာမီပူးပေါင်းအဖွဲ့နဲ့ စစ်ဆေးစဉ် စည်းကမ်းလိုက်နာရန်ပျက်ကွက်တဲ့ ယာဉ်နှင့်ယာဉ်အသင်းများကို အရေးယူတဲ့နေရာမှာ ကျွန်တော်တို့က လုပ်ငန်းလိုင်စင်မရှိခြင်း၊ ယာဉ်မောင်းအရက်သေစာသောက်စားထားခြင်းများကို စစ်ဆေးတွေ့ရှိလျှင် ယာဉ်ကိုချက်ချင်းရပ်တန့်စေပြီး၊ အခြားပြည့်စုံတဲ့ ယာဉ်များဖြင့်အစားထိုးပြီးမှသာ ထွက်ခွာစေပါတယ်။ ယာဉ်မထွက်ခွာမီ သတ်မှတ်ထားတဲ့အချက်များ ပြည့်စုံစေပြီးမှသာ ယာဉ်ကိုထွက်ခွာစေပါတယ်။ စည်းကမ်းနှင့်မညီညွတ်တဲ့ယာဉ်တွေကို မှတ်တမ်းတင်ထားရှိခြင်း၊ မှတ်တမ်းသုံးကြိမ်တင်ခံရတဲ့ယာဉ်တွေကိုတော့ ပြေးဆွဲခွင့်ယာယီရပ်ဆိုင်းနိုင်ရန် ဒေသအုပ်ချုပ်ရေးအဖွဲ့ထံ တင်ပြဆောင်ရွက်ပါတယ်။ ယာယီရပ်ဆိုင်းတဲ့ယာဉ်သုံးစီးပြည့်တဲ့ ယာဉ်အသင်းများကိုတော့ ပြေးဆွဲခွင့်ယာယီရပ်ဆိုင်းနိုင်ရန် ဒေသအုပ်ချုပ်ရေးအဖွဲ့ထံ တင်ပြဆောင်ရွက်ခြင်းတို့ကို ဆောင်ရွက်ပါတယ်။ အဲဒီအပြင် ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန၊ ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန အနေနဲ့လည်း အမျိုးသားယာဉ်အန္တရာယ်၊ လမ်းအန္တရာယ်ကင်းရှင်းရေးကောင်စီရဲ့ တိုင်းဒေသကြီးနဲ့ ပြည်နယ်ကောင်စီခွဲများအနေနဲ့လည်းကောင်း၊ ပူးပေါင်းစစ်ဆေးရေးအဖွဲ့များအနေနဲ့လည်းကောင်း၊ ယာဉ်အသင်းများရဲ့ဂိတ်မှူး၊ ဂိတ်စာရေး၊ ယာဉ်မောင်းနှင့်ယာဉ်အကူများကို အဝေးပြေးခရီးသည်တင် ယာဉ်ရပ်နားစခန်းအသီးသီးမှာ လစဉ်တစ်လ နှစ်ကြိမ် ပညာပေးဟောပြောခြင်းများကို ပြုလုပ်ပေးလျက်ရှိပါတယ်။

အဝေးပြေးမော်တော်ယာဉ်လိုင်းကားများကို မောင်းနှင်နေတဲ့ ယာဉ်မောင်းများအနေနဲ့ အရက်၊ ဘီယာများသောက်ပြီး မောင်းနှင်ခြင်း၊ စိတ်ကိုပြောင်းလဲစေတတ်တဲ့ ဆေးဝါးများသုံးစွဲပြီး မောင်းနှင်ခြင်း၊ လက်ကိုင်ဖုန်းများပြောဆိုပြီး မောင်းနှင်ခြင်းစတာတွေ မရှိစေရေးအတွက် စီမံချက်များချမှတ်ပြီး ပူးပေါင်းစစ်ဆေးရေးအဖွဲ့များနဲ့ ပညာပေးခြင်း၊ စစ်ဆေးကြပ်မတ် အရေးယူခြင်းတွေကို စဉ်ဆက်မပြတ် ဆောင်ရွက်လျက်ရှိပါတယ်။ အဲဒီလို စစ်ဆေးဆောင်ရွက်တဲ့နေရာမှာ ခရီးစဉ်ထွက်ခွာမယ့်ခရီးသည်ပို့ဆောင်ရေး မော်တော်ယာဉ်များကို စစ်ဆေးလျက်ရှိရာ ၂၀၁၆ ခုနှစ်၊ ဧပြီလမှ ၂၀၁၇ ခုနှစ်၊ ဧပြီလကုန်အထိ ခရီးသည်ပို့ဆောင်ရေးယာဉ် ၁၄၂၄၁၆ စီးကို စစ်ဆေးနိုင်ခဲ့ပြီး ယာဉ်အန္တရာယ်၊ လမ်းအန္တရာယ် လျော့နည်းကျဆင်းစေရေးအတွက် ညွှန်ကြားချက်များနဲ့မညီညွတ်တဲ့ မော်တော်ယာဉ် ၂၄၄၃ စီးကို ယာဉ်အစားထိုးထွက်ခွာစေခြင်း၊ စစ်ဆေးတွေ့ရှိတဲ့ ချို့ယွင်းချက်များကို ပြည့်စုံစွာ ပြုပြင်ဆောင်ရွက်စေပြီးမှသာ ယာဉ်ထွက်ခွာစေခြင်းတို့ ဆောင်ရွက်နိုင်ခဲ့ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်ကြီးပြောသွားတဲ့အတိုင်း ဒီ ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနအနေနဲ့ ယာဉ်တွေကြံ့ခိုင်အောင် ဘယ်လိုစစ်ဆေးလဲဆိုတော့ ကျွန်တော်တို့က ဒီကနဦးလိုင်စင်လုပ်တဲ့နေရာမှာနှစ်လည်း

သက်တမ်းတိုးစစ်ဆေးရာမှာရော ခုနပြောထားတဲ့အချက်တွေအားလုံးနီးပါးပေါ့လေ။ ခုနဟာကတော့ ခုန လမ်းပေါ်ယာဉ်ထွက်ခွာမယ့် အချက်တွေကလွဲလို့ ဒါတွေကို ကျွန်တော်တို့က တစ်နှစ်တစ်ခါ လိုင်စင်သက်တမ်းတိုးတဲ့အခါမှာ ကျွန်တော်တို့က အမြဲတစေစစ်ဆေးပြီး ကျေနပ်မှသာ ကျွန်တော်တို့က လိုင်စင်ထုတ်ပေးခြင်း၊ သက်တမ်းတိုးပေးခြင်းကို ကျွန်တော်တို့ဆောင်ရွက်ပါတယ်။ ထို့အပြင် လွှတ်တော်ကိုယ်စားလှယ်ကြီးတင်ပြသွားသလို မှန်ပါတယ်။ ကျွန်တော်တို့မြန်မာနိုင်ငံရဲ့ ယာဉ်မတော်တဆဖြစ်မှုကြောင့် သေဆုံးဒဏ်ရာရရှိတဲ့နှုန်းဟာဆိုရင် နိုင်ငံတကာရဲ့နှုန်းတွေထက် တော်တော်လေးများနေပါတယ်။ အဲဒီအတွက်ကြောင့် ကျွန်တော်တို့က ဒုတိယသမ္မတ(၂) ဦးဆောင်တဲ့ ယာဉ်အန္တရာယ်၊ လမ်းအန္တရာယ်ကင်းရှင်းရေးကောင်စီကို ကျွန်တော်တို့က ဖွဲ့စည်းဆောင်ရွက်ထားပြီး ကျွန်တော်တို့က တိုင်းဒေသကြီး/ပြည်နယ်တွေမှာလည်း ဒီ ယာဉ်အန္တရာယ်၊ လမ်းအန္တရာယ်ကော်စီတွေ ကျွန်တော်တို့က အသီးသီးဖွဲ့စည်းထားပြီးဖြစ်ပါတယ်။ ထို့အပြင် ကျွန်တော်တို့က ကုလသမဂ္ဂရဲ့ ယာဉ်အန္တရာယ်၊ လမ်းအန္တရာယ်ဆိုင်ရာအဖွဲ့အစည်း၊ နောက်တစ်ခါ ကျွန်တော်တို့က ဆုဖောင်ဒေးရှင်း၊ နောက်တစ်ခါ ကမ္ဘာ့ကျန်းမာရေးအဖွဲ့ချုပ်(WHO)တို့ရဲ့ အကူအညီနဲ့ ကျွန်တော်တို့က မြန်မာနိုင်ငံရဲ့ ယာဉ်အန္တရာယ်၊ လမ်းအန္တရာယ်ကြောင့် သေဆုံးမှု ဒဏ်ရာရရှိမှုနှုန်းတွေကျဆင်းဖို့အတွက် ကျွန်တော်တို့က အဘက်ဘက်က ဆောင်ရွက်လျက်ရှိပါတယ်။ သို့ဖြစ်ပါ၍ မင်းတုန်းမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါ်ခင်သန်းနုရဲ့ ကြယ်ပွင့်ပြမေးခွန်းနဲ့စပ်လျဉ်းပြီး ခရီးသည်ပို့ဆောင်ရေး မော်တော်ယာဉ်လိုင်းကားများကို ပူးပေါင်းစစ်ဆေးရေးအဖွဲ့များအနေနဲ့ ကြီးကြပ်စစ်ဆေးဆောင်ရွက်သွားရန် လက်အောက်ခံရုံးများသို့လည်းကောင်း၊ အမျိုးသားယာဉ်အန္တရာယ်၊ လမ်းအန္တရာယ်ကင်းရှင်းရေးကောင်စီအနေနဲ့ နေပြည်တော်နဲ့ တိုင်းဒေသကြီး/ပြည်နယ် ယာဉ်အန္တရာယ်၊ လမ်းအန္တရာယ်ကင်းရှင်းရေးကောင်စီများသို့လည်းကောင်း ညွှန်ကြားထားပြီးဖြစ်တာနဲ့အညီ အဆိုပါပူးပေါင်းစစ်ဆေးရေးအဖွဲ့များက ခရီးသည်ပို့ဆောင်ရေးယာဉ်များ ခရီးစဉ်မထွက်ခွာမီ ယာဉ်အန္တရာယ်၊ လမ်းအန္တရာယ်လျော့နည်းကျဆင်းစေရေးအတွက် စစ်ဆေးခြင်းများကို ဆောင်ရွက်လျက်ရှိပါကြောင်း ရှင်းလင်းဖြေကြားအပ်ပါတယ်ခင်ဗျား။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒီနေ့အတွက် မေးခွန်းများ မေးမြန်းခြင်း၊ ဖြေကြားခြင်း အစီအစဉ် ပြီးပါပြီ။

**မူကြမ်း**

## ပြည်သူ့လွှတ်တော် ဥပဒေကြမ်းကော်မတီ၏ အစီရင်ခံစာကို သဘောတူလက်ခံရန် အဆိုတင်သွင်းခြင်းနှင့် လွှတ်တော်၏ အတည်ပြုချက်ရယူခြင်း

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ပဉ္စမပုံမှန်အစည်းအဝေး ဒုတိယနေ့တွင်တင်သွင်းခဲ့တဲ့ ဥပဒေကြမ်းကော်မတီရဲ့အစီရင်ခံစာနှင့် စပ်လျဉ်းပြီး ဆွေးနွေးလိုတဲ့လွှတ်တော်ကိုယ်စားလှယ်များရှိပါက ၂၂-၅-၂၀၁၇ ရက်(တနင်္လာနေ့)ညနေ ၄း၀၀ နာရီနောက်ဆုံးထားပြီး အမည်စာရင်းတင်သွင်းရန် တောင်းခံခဲ့သော်လည်း အမည်စာရင်း တင်သွင်းသူကိုယ်စားလှယ်တစ်ဦးမျှမရှိပါ။ ယခုဥပဒေကြမ်း ကော်မတီရဲ့အစီရင်ခံစာကို လွှတ်တော်က သဘောတူလက်ခံရန်အဆို တင်သွင်းခြင်းနှင့် အတည်ပြုချက်ရယူခြင်းများ ဆောင်ရွက်မှာဖြစ်ပါတယ်။ အဆိုတင်သွင်းရန် ဥပဒေကြမ်းကော်မတီကို ဖိတ်ခေါ်ပါတယ်။

**ဦးကျော်စိုးလင်း(အတွင်းရေးမှူး၊ ဥပဒေကြမ်းကော်မတီ)**။ ။ လေးစားရပါသော ပြည်သူ့ လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်ထောင်စုဒုတိယဝန်ကြီးများ၊ လွှတ်တော်ကိုယ်စားလှယ်များနှင့် လွှတ်တော်သို့တက်ရောက်ကြတဲ့ ဧည့်သည်တော်များအားလုံး မင်္ဂလာအပေါင်းနှင့်ပြည့်စုံပါစေကြောင်း ဦးစွာနှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော်ကတော့ မန္တလေးတိုင်းဒေသကြီး၊ ပြည်ကြီးတံခွန် မဲဆန္ဒနယ်က ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ပြည်သူ့လွှတ်တော် ဥပဒေကြမ်းကော်မတီရဲ့ အတွင်းရေးမှူး ဦးကျော်စိုးလင်း ဖြစ်ပါတယ်။ လေးစားရပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ပြည်သူ့လွှတ်တော်ဥပဒေကြမ်းကော်မတီ၏ နှစ်ပတ်လည် အစီရင်ခံစာကို ဒုတိယအကြိမ်ပြည်သူ့လွှတ်တော် ပဉ္စမပုံမှန်အစည်းအဝေး ဒုတိယနေ့ဖြစ်သည့် ၁၉-၅-၂၀၁၇ ရက်(သောကြာနေ့)မှာ ပြည်သူ့လွှတ်တော်ဥပဒေကြမ်းကော်မတီက တင်သွင်းခဲ့ပါတယ်။ ဥပဒေကြမ်းကော်မတီ၏နှစ်ပတ်လည်အစီရင်ခံစာကို ပြင်ဆင်လိုသည့်လွှတ်တော်ကိုယ်စားလှယ်များ ရှိပါက ၁၉-၅-၂၀၁၇ ရက်နေ့မှ ၂၁-၅-၂၀၁၇ ရက်နေ့ထိ နောက်ဆုံးထား၍ အမည်စာရင်း တင်သွင်းနိုင်ကြောင်း ကြေညာခဲ့ရာ ပြင်ဆင်လိုသည့်ကိုယ်စားလှယ်တစ်ဦးမျှမရှိခဲ့ပါ။ သို့ဖြစ်ပါ၍ ပြည်သူ့ လွှတ်တော် ဥပဒေကြမ်းကော်မတီ၏နှစ်ပတ်လည်အစီရင်ခံစာအား သဘောတူလက်ခံပြီးအတည်ပြု ပေးနိုင်ပါရန် လွှတ်တော်သို့လေးစားစွာ တင်သွင်းအပ်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ သဘောတူညီချက်မယူခင် ဥပဒေကြမ်းကော်မတီရဲ့တင်သွင်းတဲ့အပေါ်မှာ အထူးသတိပြုဖို့ ကျွန်တော်ပြောပါမယ်။ ကော်မတီရဲ့အစီရင်ခံစာကို ဆွေးနွေးလို့ပဲရမယ်။ ပြင်ဆင်လို့

မရဘူး။ အဲဒါက ကော်မတီတိုင်းသိဖို့လိုတယ်။ ကော်မတီရဲ့အစီရင်ခံစာအပေါ်မှာ အားသာချက်၊ အားနည်းချက်ဆွေးနွေးခွင့်ရှိတယ်။ ကော်မတီရဲ့တာဝန်နဲ့လုပ်ပိုင်ခွင့်ကို ပြန်ကြည့်။ အခုနက နှစ်ခါလောက်သုံးခါလောက်ပြောပါတယ်။ ပြင်ဆင်လိုတဲ့ ကိုယ်စားလှယ်များ ပြင်ဆင်မှုဖို့တင်ဖို့ ပြင်ဆင်ဖို့မဟုတ်ဘူး။ ဆွေးနွေးဖို့။ ပြင်ဆင်လို့မရဘူး။ ဘယ်ကော်မတီရဲ့အစီရင်ခံစာပဲဖြစ်ဖြစ် ကိုယ်စားလှယ်တွေဆွေးနွေးခွင့်ရှိတယ်။ အဲဒီကော်မတီရဲ့အစီရင်ခံအပေါ်မှာ လိုက်ပြင်ဆင်လို့မရဘူး။ အဲဒါကို သဲသဲကွဲကွဲသိဖို့လိုတယ်။ ဒါကြောင့်မို့လို့ ခုနက ပြောတဲ့ပြင်ဆင်လိုတဲ့ကိုယ်စားလှယ်များ တောင်းတယ်ဆိုတာမဟုတ်ဘူး။ ဆွေးနွေးလိုတဲ့ကိုယ်စားလှယ်များသာ တောင်းတာ။ အဲဒါသဲကွဲဖို့ လိုတယ်။ အဓိပ္ပာယ်အများကြီးကွာတယ်။ လုပ်ပိုင်ခွင့်အများကြီးကွာတယ်။ ကော်မတီကို လုပ်ပိုင်ခွင့် ပေးထားတာ။ ဒါကော်မတီရဲ့အစီရင်ခံစာပဲ။ အားသာချက်ရှိရှိ၊ အားနည်းချက်ရှိရှိ ကော်မတီ ရဲ့အစီရင်ခံစာပဲ။ အဲဒီအားသာချက်၊ အားနည်းချက်အပေါ်မှာ ကျန်တဲ့ကိုယ်စားလှယ်တွေဆွေးနွေးခွင့် ရှိတယ်။ အဲဒီကော်မတီရဲ့အစီရင်ခံစာအပေါ်မှာ ကိုယ်ကြိုက်သလိုလိုက်ပြင်ဆင်လို့မရဘူး။ မတူဘူး။ အဲဒါနည်းနည်းသဲကွဲဖို့လိုတယ်။

လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ အဆိုကိုအတည်ပြုနိုင်ဖို့ လွှတ်တော်ရဲ့သဘောထား ရယူပါမယ်။ ပြည်သူ့လွှတ်တော်ဥပဒေကြမ်းကော်မတီရဲ့ အစီရင်ခံစာကို အတည်ပြုရန် လွှတ်တော်က သဘောတူပါသလားခင်ဗျား။

သုံးကြိမ်တိုင်တိုင်မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်က သဘောတူတဲ့အတွက် ပြည်သူ့လွှတ်တော်ဥပဒေကြမ်း ကော်မတီရဲ့ အစီရင်ခံစာကို လွှတ်တော်က အတည်ပြုကြောင်း ကြေညာပါတယ်။ (ဩဘာသံများ)

**ဦးဝင်းဝင်း၊ မင်းဘူးမဲဆန္ဒနယ်က ပြည်တွင်း၌ ထုတ်လုပ်နေသော ယူရီးယားဓာတ်မြေဩဇာများ အား အရည်အသွေးကိုထိန်းသိမ်းနိုင်ရန် စနစ်တကျထုတ်ပိုးပြီး တောင်သူများလက်ဝယ်သို့ သင့်တင့်မျှတသော ဈေးနှုန်းဖြင့် အဆင်ပြေချောမွေ့စွာ ဖြန့်ဖြူးပေးပါရန် ပြည်ထောင်စု**

**မူကြမ်း**

## အစိုးရအား တိုက်တွန်းကြောင်းအဆိုကို တင်သွင်းခြင်းနှင့် လက်ခံဆွေးနွေးရန် သင့်/မသင့် အဆုံးအဖြတ်ရယူခြင်း

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ မင်းဘူးမဲဆန္ဒနယ်မှ ဦးဝင်းဝင်းက အဆိုတစ်ရပ်တင်သွင်းထားပါတယ်။ ဦးဝင်းဝင်းအား အဆိုတင်သွင်းဖို့ ဖိတ်ခေါ်ပါတယ်။

**ဦးဝင်းဝင်း(မင်းဘူးမဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ၊ ဧည့်သည်တော်များအားလုံး မင်္ဂလာအပေါင်းနှင့် ပြည့်စုံကြပါစေလို့ မင်းဘူးမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးဝင်းဝင်းမှ ရှေးဦး ဆုတောင်းမေတ္တာများ ပို့သအပ်ပါတယ်။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ပြည်တွင်း၌ ထုတ်လုပ်နေသော ယူရီးယားဓာတ်မြေဩဇာများ အား အရည်အသွေးကိုထိန်းသိမ်းနိုင်ရန် စနစ်တကျထုတ်ပိုးပြီး တောင်သူများလက်ဝယ်သို့ သင်တင့်မျှ တသော ဈေးနှုန်းဖြင့် အဆင်ပြေချောမွေ့စွာ ဖြန့်ဖြူးပေးပါရန် ပြည်ထောင်စုအစိုးရအား တိုက်တွန်း ကြောင်းအဆိုကို တင်သွင်းသွားမှာဖြစ်ပါတယ်။ ဒီအဆိုကို တင်သွင်းရခြင်းရဲ့ ရည်ရွယ်ချက်ကတော့ ကျွန်တော်တို့မြန်မာနိုင်ငံဟာ စိုက်ပျိုးရေးနိုင်ငံဖြစ်သည့်နှင့်အညီ နိုင်ငံလူဦးရေရဲ့ ၇၀ ရာခိုင်နှုန်းသော ကျေးလက်နေပြည်သူများ တစ်နည်းအားဖြင့် စိုက်ပျိုးရေးဖြင့်အသက်မွေးဝမ်းကျောင်းပြုနေကြတဲ့ တောင်သူလယ်သမားဦးကြီးများရဲ့ဘဝတွေကို ပိုမိုဖွံ့ဖြိုးတိုးတက်လာစေရန်အတွက် လိုအပ်ချက်တွေ များစွာထဲက တစ်စိတ်တစ်ပိုင်းကို ဖြည့်ဆည်းပေးရန်၊ အထောက်အကူပြုပေးနိုင်ရန်ဆိုပြီးတော့ ရည်ရွယ်ခြင်းဖြစ်ပါတယ်ခင်ဗျား။

ဥက္ကဋ္ဌကြီးခင်ဗျား။ နိုင်ငံအနှံ့အပြားမှာရှိတဲ့ တောင်သူလယ်သမားတွေဟာ သီးနှံမျိုးစုံကို စိုက်ပျိုးထုတ်လုပ်လျက်ရှိပြီး အဲဒီလို စိုက်ပျိုးထုတ်လုပ်လိုက်တဲ့အခါမှာ အောင်မြင်ဖြစ်ထွန်းကာ အရည်အသွေးပြည့်ဝတဲ့သီးနှံတွေရရှိဖို့နှင့် အထွက်နှုန်းတွေတိုးဖို့အတွက် အပင်အားဆေးတွေ၊ အသီး အပွင့်အားဆေးတွေ၊ ပိုးသတ်ဆေးတွေ၊ မှိုသတ်ဆေးတွေစတာတွေကို နှစ်စဉ်သုံးစွဲနေကြရပါတယ်။ အဲဒီအထဲမှာ တောင်သူတွေအတွက် မဖြစ်မနေသုံးစွဲနေကြရတာကတော့ ပုလဲလို့ခေါ်တဲ့ ယူရီးယား ဓာတ်မြေဩဇာပဲ ဖြစ်ပါတယ်။ ယူရီးယားဓာတ်မြေဩဇာဟာ စိုက်ပျိုးထားတဲ့သီးနှံပင်များ သန်မာ ထွားကြိုင်းရေးအတွက် အဓိကအားထားရတဲ့ အားဆေးတစ်မျိုးလည်းဖြစ်ပါတယ်။ ဒါကြောင့် ကျွန်တော်တို့နိုင်ငံမှာ ဓာတ်မြေဩဇာထုတ်လုပ်တဲ့စက်ရုံကြီးများတည်ဆောက်ပြီး ထုတ်လုပ်ဖြန့်ဖြူး

ပေးခဲ့ကြောင်း လေ့လာသိရှိရပါတယ်။ ၎င်းစက်ရုံများမှာ စလေဝတ်မြေသြဇာစက်ရုံ၊ ကျွန်းချောင်းဓာတ်မြေသြဇာစက်ရုံ၊ ကျော်စွာဓာတ်မြေသြဇာစက်ရုံ၊ ကန်ကြီးထောင့်ဓာတ်မြေသြဇာစက်ရုံနှင့် မြောင်းတကာဓာတ်မြေသြဇာစက်ရုံဆိုပြီးတော့ မူလကဓာတ်မြေသြဇာစက်ရုံငါးရုံဖြင့် ထုတ်လုပ်ဖြန့်ဖြူးပေးခဲ့သော်လည်း လက်ရှိအနေအထားမှာတော့ အကြောင်းအမျိုးမျိုးကြောင့် ကျွန်းချောင်းဓာတ်မြေသြဇာစက်ရုံနှင့် ကျော်စွာဓာတ်မြေသြဇာစက်ရုံတို့က လည်ပတ်နိုင်ခြင်းမရှိတော့ဘဲ ကျန်စက်ရုံသုံးရုံကသာ ထုတ်လုပ်ဖြန့်ဖြူးပေးလျက်ရှိကြောင်း လေ့လာသိရှိရပါတယ်။ ၎င်းစက်ရုံများမှထုတ်လုပ်လိုက်တဲ့ ယူရီးယားဓာတ်မြေသြဇာများဟာ ပြည်တွင်းမှာရှိတဲ့ တောင်သူများအသုံးပြုနိုင်ရန်အတွက် လုံလောက်စွာထုတ်ပေးနိုင်ခြင်းမရှိတဲ့အတွက် အိမ်နီးချင်းပြည်ပနိုင်ငံများမှ မှာယူတင်သွင်းနေရတဲ့အတွက် ကျွန်တော်တို့တောင်သူတွေဟာ ဈေးနှုန်းကြီးမြင့်စွာဖြင့် ဝယ်ယူသုံးစွဲနေကြရပါတယ်။

ပြည်တွင်းစက်ရုံများမှထုတ်လုပ်တဲ့ ယူရီးယားဓာတ်မြေသြဇာတွေဟာ နိုက်ထရိုဂျင် ၄၆ ရာခိုင်နှုန်းအပြည့်အဝပါရှိပြီး အရည်အသွေးပြည့်ဝတဲ့အတွက် သီးနှံပင်များသန်မာထွားကျိုင်းစေရန် များစွာအထောက်အကူပြုလျက်ရှိပါတယ်။ သို့သော်လည်းပဲ ပြည်တွင်းစက်ရုံများကထုတ်လုပ်တဲ့ ယူရီးယားဓာတ်မြေသြဇာများရဲ့ထုတ်ပိုးမှုစနစ်ဟာ စနစ်မကျအားနည်းနေတဲ့အတွက် အရည်အသွေးကိုကောင်းစွာထိန်းသိမ်းနိုင်ခြင်းမရှိဘဲ ဓာတ်ပျံခြင်း၊ အလွယ်တကူထုချေ၍မရအောင် အခက်အခဲများဖြစ်နေခြင်းတို့ကြောင့် တောင်သူတွေသုံးစွဲရအဆင်မပြေခြင်းများ ကြုံတွေ့နေရပါတယ်။ ဒါကြောင့် တောင်သူတွေဟာ စနစ်တကျထုပ်ပိုးထားတဲ့၊ သုံးစွဲရလွယ်ကူတဲ့ နိုင်ငံခြားထုတ်ဓာတ်မြေသြဇာများကို ဈေးကြီးပေးပြီးတော့ ဝယ်ယူသုံးစွဲနေကြပါတယ်။ သို့ဖြစ်ပါ၍ ပြည်တွင်းမှာထုတ်လုပ်တဲ့ ယူရီးယားဓာတ်မြေသြဇာများအား အရည်အသွေးကိုထိန်းသိမ်းနိုင်ရန် စနစ်တကျထုပ်ပိုးဖို့လည်း လိုအပ်လျက်ရှိနေပါတယ်။ ပြည်တွင်းစက်ရုံများကထုတ်လုပ်တဲ့ ယူရီးယားဓာတ်မြေသြဇာ ၅၀ ကီလိုဂရမ်တစ်အိတ်ရဲ့တန်ဖိုးမှာ စက်ရုံထုတ်ဈေးအနေနဲ့ ၁၄၄၀၀ ကျပ်နဲ့ ထုတ်လုပ်ရောင်းချနေကြောင်း သိရှိရပြီး အမှန်တကယ်တောင်သူတွေရဲ့ လက်ထဲကိုရောက်ဖို့အတွက် တောင်သူတွေဝယ်ယူရတဲ့ဈေးကတော့ ကျပ် ၁၆၅၀၀ မှကျပ် ၁၇၀၀၀ ဝန်းကျင်ခန့်အထိ ရှိနေတဲ့အတွက် စက်ရုံထုတ်ဈေးနှင့် ကွာခြားလွန်းနေပါတယ်။ နိုင်ငံခြားဖြစ် ယူရီးယားဓာတ်မြေသြဇာများကို ဝယ်ယူသုံးစွဲမည်ဆိုရင် ၅၀ ကီလိုဂရမ်အိတ်တစ်အိတ်ကို ၂၂၀၀၀ ကျပ်ဝန်းကျင်မှ ၂၅၀၀၀ ကျပ်ဝန်းကျင်အထိရှိနေတဲ့အတွက် ပြည်တွင်းစက်ရုံတွေက ထုတ်လုပ်တဲ့ဈေးနှုန်းထက် အဆပေါင်းများစွာကြီးမြင့်ပြီးတော့ ဝယ်ယူသုံးစွဲနေရကြောင်း

လည်း လေ့လာသိရှိရပါတယ်။ ဒါကြောင့် အရည်အသွေးကိုထိန်းသိမ်းရန် စနစ်တကျပြန်လည်ထုတ်ပိုး လိုက်မယ်ဆိုရင် ကုန်ကျစရိတ်တွေကတော့ တက်လာနိုင်ပါတယ်။

ဒါကြောင့် မူလစက်ရုံကထုတ်တဲ့ ၁၄၄၀၀ ကျပ်မှ ထုတ်ပိုးမှုကုန်ကျစရိတ်တိုးမြှင့်လာတဲ့အတွက် ၁၄၅၀၀ ကျပ် သို့မဟုတ် ၁၅၀၀၀ ကျပ် စသဖြင့် သင့်တင့်မျှတသောဈေးနှုန်းများကို ပြုပြင်သတ်မှတ် ပြီး ရောင်းချမယ်ဆိုရင် မူလက ပြည်တွင်းစက်ရုံတွေက အရှုံးခံပြီးတော့ ရောင်းချနေရသော်လည်းပဲ အဲဒီလို ထုတ်ပိုးမှုပြင်ပြီးတော့ ဈေးနှုန်းပြင်ဆင်သတ်မှတ်လိုက်တဲ့အတွက် ကျွန်တော်တို့စက်ရုံတွေက နိုင်ငံတော်အနေနဲ့ အရင်းမရှုံးရမယ့်အနေအထားသို့ ပြန်လည်ရောက်ရှိလာနိုင်မှာဖြစ်ပါတယ်။ ဒါဆိုရင် ထုတ်ပိုးမှုပြုပြင်လိုက်တဲ့အတွက် ဈေးနှုန်းအနည်းငယ်တက်သွားသော်လည်းပဲ နိုင်ငံခြားဖြစ် ယူရီးယားဓာတ်မြေသြဇာဈေးနှုန်းများထက် များစွာသက်သာနေမှာဖြစ်တဲ့အတွက် အရည်အသွေး ပြည့်ဝတဲ့ဓာတ်မြေသြဇာတွေကို အဆင်ပြေလွယ်ကူချောမောစွာ အသုံးပြုလို့ရမှာဖြစ်တဲ့အတွက် ကျွန်တော်တို့ တောင်သူများ များစွာပိုမိုအကျိုးရှိသွားမှာဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ နောက်တစ်ပိုင်းအနေနဲ့ကတော့ ဖြန့်ဖြူးမှုအပိုင်းပဲဖြစ်ပါတယ်။ ကျွန်တော်တို့ ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ်မှာ စလေဓာတ်မြေသြဇာစက်ရုံက ၅၀ ကီလိုဂရမ် အိတ် ၁၅၅၆၀ အိတ်၊ ကျွန်းချောင်းဓာတ်မြေသြဇာစက်ရုံမှ ၅၀ ကီလိုဂရမ် အိတ် ၈၀၀၀ အိတ်၊ မြောင်းတကာဓာတ်မြေ သြဇာစက်ရုံမှ ၅၀ ကီလိုဂရမ် အိတ် ၈၇၅၄၂ အိတ်နဲ့ ကန်ကြီးထောင့် ဓာတ်မြေသြဇာစက်ရုံမှ ၅၀ ကီလိုဂရမ် အိတ် ၁၅၆၉၆၄၄ အိတ်ကို အသီးသီးထုတ်လုပ်ဖြန့်ဖြူးပေးခဲ့သော်လည်းပဲ တောင်သူတွေ ကို အမှန်တကယ်စိုက်ပျိုးရေးလုပ်ကိုင်တဲ့တောင်သူတွေလက်ထဲကို ဘယ်လောက်ရောက်သလဲဆိုတာ မေးခွန်းထုတ်စရာဖြစ်ခဲ့ပါတယ်။ အမှန်တကယ်တော့ တောင်သူတွေလက်ဝယ်ကို အဆင်ပြေချောမွေ့ စွာမရောက်ခဲ့ကြောင်းလည်း လေ့လာသိရှိရပါတယ်။ ယခု ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ်မှာ ၃၁-၃- ၂၀၁၇ အထိ စာရင်းအရဆိုလျှင် စလေဓာတ်မြေသြဇာစက်ရုံမှ ၁၇၄၁၇၆ အိတ်၊ မြောင်းတကာ ဓာတ်မြေသြဇာစက်ရုံမှ ၆၈၄၀၀၄ အိတ်နှင့် ကန်ကြီးထောင့်ဓာတ်မြေသြဇာစက်ရုံမှ ၅၀ ကီလိုဂရမ် အိတ် ၇၉၁၈၆၃ အိတ် စုစုပေါင်း ၁၆၅၀၀၄၃ အိတ်ခန့် ထုတ်လုပ်ပြီးခဲ့ကြောင်းလည်း သိရှိရပါတယ်။ ၎င်းဓာတ်မြေသြဇာတွေကို အမှန်တကယ်စိုက်ပျိုးရေးလုပ်ကိုင်ကြတဲ့ တောင်သူများလက်ဝယ်သို့ အဆင်ပြေချောမွေ့စွာရောက်ရှိအောင် ဖြန့်ဖြူးပေးနိုင်ရန်အတွက် သက်ဆိုင်ရာဝန်ကြီးဌာနများနှင့် ချိတ်ဆက်ပေါင်းစပ်ညှိနှိုင်းပြီး ပွင့်လင်းမြင်သာစွာ ဖြန့်ဖြူးပေးဖို့လည်း လိုအပ်လျက်ရှိနေပါတယ်။

**မူကြမ်း**

သို့ဖြစ်ပါ၍ ပြည်တွင်းစက်ရုံများက ထုတ်လုပ်နေသော ယူရီးယားဓာတ်မြေဩဇာများကို အရည်အသွေးကိုထိန်းသိမ်းနိုင်ရန် စနစ်တကျထုတ်ပိုးပြီး တောင်သူများလက်ဝယ်သို့ သင့်တင့်မျှတ သောဈေးနှုန်းဖြင့် အဆင်ပြေချောမွေ့စွာ ဖြန့်ဖြူးပေးမည်ဆိုပါက စိုက်ပျိုးရေးလုပ်ကိုင်ကြသော တောင်သူဦးကြီးများအတွက် သွင်းအားစုကုန်ကျစရိတ်များသက်သာပြီး ကျေးလက်နေ တောင်သူ လယ်သမားတွေရဲ့ဘဝကို ပိုမိုဖွံ့ဖြိုးတိုးတက်လာစေရန် များစွာအထောက်အကူပြုမည်ဖြစ်ပါသဖြင့် အဆိုအား ပြည်သူ့လွှတ်တော်ကြီးမှ လက်ခံဆွေးနွေးအတည်ပြုပေးနိုင်ပါရန် လေးစားစွာဖြင့် တင်သွင်း အပ်ပါတယ်ခင်ဗျား။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ ဦးဝင်းဝင်း တင်သွင်းတဲ့အဆိုကို ထောက်ခံမယ့်လွှတ်တော်ကိုယ်စားလှယ် တစ်ဦးအား ဖိတ်ခေါ်ပါတယ်။

**ဦးမြင့်ဦး(မကွေးမဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ၊ ဧည့်သည်တော်များ မင်္ဂလာပါခင်ဗျား။ ကျွန်တော်ကတော့ မကွေးမဲဆန္ဒနယ် ပြည်သူ့လွှတ်တော် ကိုယ်စားလှယ် ဦးမြင့်ဦး ဖြစ်ပါတယ်။ မင်းဘူးမဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးဝင်းဝင်းတင်သွင်းသွားတဲ့ ပြည်တွင်းမှာ ထုတ်လုပ်နေတဲ့ ယူရီးယားဓာတ်မြေဩဇာအား အရည်အသွေးကိုထိန်းသိမ်းရန် စနစ်တကျထုပ်ပိုးပြီး တောင်သူများ လက်ဝယ်သို့ သင့်တင့်မျှတတဲ့ဈေးနှုန်းနဲ့ အဆင်ပြေချောမွေ့စွာ ဖြန့်ဖြူးပေးရန် ပြည်ထောင်စုအစိုးရ အားတိုက်တွန်းကြောင်းအဆိုကို ထောက်ခံဆွေးနွေးသွားမှာဖြစ်ပါတယ်။

လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ အဆိုမှာ ပြည်တွင်းထုတ် ဓာတ်မြေ ဩဇာများရဲ့ထုတ်ပိုးမှုအပိုင်း၊ ဈေးနှုန်းအပိုင်း၊ ဖြန့်ဖြူးမှုအပိုင်းဆိုပြီးတော့ အပိုင်းသုံးပိုင်းတွေ့ရပါ တယ်။ အဆိုရှင်ရဲ့ရည်ရွယ်ချက်ကို ကြည့်လိုက်တဲ့အခါကျတော့ စိုက်ပျိုးရေးနိုင်ငံဖြစ်တဲ့ ကျွန်တော်တို့ နိုင်ငံရဲ့ အခြေခံအုတ်မြစ်ဖြစ်တဲ့ တောင်သူလယ်သမားဦးကြီးများရဲ့ ဘဝတွေပိုမိုဖွံ့ဖြိုးတိုးတက်လာဖို့ အတွက် လိုအပ်ချက်တွေထဲမှာ တစ်စိတ်တစ်ပိုင်းကို ဖြည့်ဆည်းအထောက်အကူပြုနိုင်ဖို့ ရည်ရွယ်ချက် တွေနဲ့ တင်ပြထားတာ အင်မတန်ကောင်းမွန်တဲ့အတွက် ထောက်ခံရခြင်းဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ နိုင်ငံတော်ရဲ့ ၂၀၀၈ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေ အခန်း(၁) အပိုဒ် ၂၃ အပိုဒ်ခွဲ(က)မှာဆိုရင် နိုင်ငံတော်သည် တောင်သူလယ်သမားများ၏အခွင့်အရေးများ ကာကွယ်စောင့် ရှောက်ရန် လိုအပ်သည့်ဥပဒေများ ပြဋ္ဌာန်းဆောင်ရွက်မည်လို့ပါရှိတဲ့အတွက်လည်းကောင်း၊ ၂၀၁၃

ခုနှစ်မှာ တောင်သူလယ်သမားများအခွင့်အရေးနှင့် အကျိုးစီးပွားမြှင့်တင်ရေးဥပဒေကို ပြဋ္ဌာန်းခဲ့ပြီး လည်းဖြစ်ပါတယ်။ ဒီဥပဒေရဲ့အခန်း(၂) ပုဒ်မ ၃ ပုဒ်မခွဲ(ခ)မှာဆိုရင် ထုတ်လုပ်မှုတိုးတက်ရေးအတွက် တောင်သူလယ်သမားများအား နည်းပညာ၊ သွင်းအားစုနှင့် ထုတ်လုပ်မှုလုပ်ငန်းဆိုင်ရာတို့ကို လွယ်ကူ အဆင်ပြေချောမွေ့ရန် ပံ့ပိုးပေးနိုင်ရေးစီမံဆောင်ရွက်ရန်ဆိုပြီးတော့ ရည်ရွယ်ထားကြောင်းကိုလည်း လေ့လာသိရှိရပါတယ်။ ဒါကြောင့်လည်း အဆိုရှင်တင်သွင်းသလို တောင်သူလယ်သမားတွေအတွက် လိုအပ်နေတဲ့ နည်းပညာအပြင် သွင်းအားစုဖြစ်တဲ့ ဓာတ်မြေဩဇာတွေကိုလည်း လွယ်ကူအဆင်ပြေ ချောမွေ့စွာ ပံ့ပိုးပေးနိုင်ရန်စီမံဆောင်ရွက်ဖို့အတွက် လိုအပ်လျက်ရှိပါတယ်ခင်ဗျား။

ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ပြည်တွင်းစက်ရုံများကထုတ်လိုက်တဲ့ ယူရီးယား ဓာတ်မြေဩဇာများဟာ ထုတ်ပိုးမှုအားနည်းခဲ့တဲ့အတွက် တောင်သူများသုံးစွဲရအဆင်မပြေဖြစ်ခဲ့ရသလို တောင်သူဦးကြီးများ အဆင်ပြေသက်သာပါစေဆိုပြီးတော့ ထုတ်လုပ်ပေးခဲ့တဲ့ နိုင်ငံတော်မှာလည်းပဲ နှစ်စဉ်အရှုံးနှင့်ရင်ဆိုင်နေရကြောင်း လေ့လာသိရှိရပါတယ်။ ထုတ်လုပ်လိုက်တဲ့ ယူရီယားဓာတ်မြေ ဩဇာထဲမှာပါတဲ့ နိုက်ထရိုဂျင် ၄၆ ရာခိုင်နှုန်းအပြည့်အဝပါရှိပြီး အဲဒီအရည်အသွေးအပြည့်အဝပါရှိ ပါလျက်နဲ့ ထုတ်ပိုးမှုအားနည်းချက်ကြောင့် အရှုံးခံနေရသလို တောင်သူတွေမှာလည်း အဆင်မပြေ ဖြစ်နေရပါတယ်။ အဲဒီတော့ ဒီကြားထဲမှာ ဓာတ်မြေဩဇာနှင့်ပတ်သက်ပြီးတော့ စီးပွားရှာသူအချို့ ကတော့ အဆင်ပြေနေတယ်လို့လည်း ကြားသိရပါတယ်။ ဘာဖြစ်လို့လဲဆိုတော့ စက်ရုံကထုတ်လုပ် လိုက်တဲ့ ဓာတ်မြေဩဇာအိတ်တွေကို ကုန်သည်တွေနဲ့ကမ်းလှမ်းပြီး ရောင်းချပေးနေတဲ့အခါမှာ ကုန်သည်အချို့ကတော့ ဒီ Compound ဓာတ်မြေဩဇာ လုပ်ပစ်လိုက်တာကတစ်မျိုး၊ ဒီအိတ်ကို ပြုပြင်ပြီးတော့ လုပ်လိုက်တာကတစ်မျိုး ဒီကြားထဲမှာ ဓာတ်မြေဩဇာကိုရောင်းတဲ့ ဒီကုန်သည်ကြီးများ အတွက် အကျိုးရှိပြီးတော့ သူတို့အတွက် အကျိုးရှိပြီးတော့ နိုင်ငံတော်ကတော့ ရှုံးနေတယ်။ သူတို့ အတွက် ဆောင်ရွက်ပေးသလိုဖြစ်နေကြောင်းကိုလည်း ကြားသိရပါတယ်ခင်ဗျား။ အခုနှစ်ဆိုရင် ပြည်တွင်းစက်ရုံများဖြစ်တဲ့ စလေဓာတ်မြေဩဇာစက်ရုံ၊ ကန်ကြီးထောင့်ဓာတ်မြေဩဇာစက်ရုံ၊ မြောင်းတကာဓာတ်မြေဩဇာစက်ရုံတွေကနေပြီးတော့ ၅၀ ကီလိုဂရမ် ဓာတ်မြေဩဇာအိတ်ပေါင်း ၁၆ သိန်း၊ ၅ သိန်းကျော်ကျော် ထုတ်လုပ်ပြီးပြီးလို့လည်း သိရှိရပါတယ်။ အဲဒီသိရှိရတဲ့ ထုတ်လုပ်လိုက်တဲ့ ဒီဓာတ်မြေဩဇာတွေကို အရောင်းကိုယ်စားလှယ်တွေလက်ထဲကို လွှဲပြောင်းပေးဖို့လည်း စီစဉ်နေ ကြောင်း ကြားသိနေရပါတယ်။

အကယ်၍သာ ဒီခာတ်မြေသြဇာတွေကို သက်ဆိုင်ရာပြည်ထဲရေးဝန်ကြီးဌာန၊ အထွေထွေ အုပ်ချုပ်ရေးဦးစီးဌာန၊ စိုက်ပျိုးရေးဌာန ဒီဌာနတွေနဲ့ ပေါင်းစပ်ပြီးတော့မှ တောင်သူတွေရဲ့လက်ထဲကို အဆင်ပြေချောမွေ့အောင် ဆောင်ရွက်ပေးမယ်ဆိုရင် ကျွန်တော်တို့တောင်သူများအနေနဲ့ သွင်းအားစု ကုန်ကျစရိတ်တွေလည်းသက်သာမယ်။ စစ်မှန်တဲ့ယူရီးယားခာတ်မြေသြဇာတွေလည်း များစွာအကျိုးရှိ ခံစားနိုင်မှာဖြစ်ပါတယ်။ အဲဒါကြောင့် မင်းဘူးမဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးဝင်းဝင်းရဲ့ ပြည်တွင်း၌ထုတ်လုပ်နေတဲ့ ယူရီးယားခာတ်မြေသြဇာအရည်အသွေးကို ထိန်းသိမ်းနိုင်ရန် စနစ်တကျထုပ်ပိုးပြီးတော့ တောင်သူများ လက်ဝယ်သို့ သင့်တင့်မျှတတဲ့ဈေးနှုန်းဖြင့် အဆင်ပြေ ချောမွေ့စွာဖြန့်ဖြူးပေးပါရန် ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်းအဆိုကို လေးလေးနက်နက် ထောက်ခံအပ်ပါတယ်ခင်ဗျား။ အားလုံးကိုကျေးဇူးတင်ပါတယ်။

## ဦးဝင်းဝင်း၊ မင်းဘူးမဲဆန္ဒနယ်က တင်သွင်းသောအဆိုနှင့်စပ်လျဉ်း၍ ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်များရှိလျှင် အမည်စာရင်းတင်သွင်းနိုင်ကြောင်း ဥက္ကဋ္ဌကကြေညာခြင်း

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ မင်းဘူးမဲဆန္ဒနယ်မှ ဦးဝင်းဝင်း တင်သွင်းတဲ့အဆိုကို လွှတ်တော်ကိုယ်စားလှယ်တစ်ဦးက ထောက်ခံထားပါတယ်။ ဒီအဆိုနှင့် စပ်လျဉ်းပြီး ၂၀၁၃ ခုနှစ်၊ ပြည်သူ့လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၁၆၈ နည်းဥပဒေခွဲ(ခ) နည်းဥပဒေခွဲငယ်(၃) အရ လက်ခံဆွေးနွေးရန်သင့်/မသင့် လွှတ်တော်ရဲ့ဆန္ဒရယူပါမယ်။ ဦးဝင်းဝင်း တင်သွင်းတဲ့အဆိုကို လက်ခံဆွေးနွေးရန် လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင်မေးမြန်းပါသည်။ လွှတ်တော်ကသဘောတူပါသည်။]

**ဥက္ကဋ္ဌ**။ ။ သဘောမတူတဲ့သူရှိပါသလားခင်ဗျား။ သဘောမတူသူမရှိတဲ့အတွက် ဦးဝင်းဝင်း မင်းဘူးမဲဆန္ဒနယ်ကတင်သွင်းသော ပြည်တွင်း၌ထုတ်လုပ်နေသော ယူရီးယား ခာတ်မြေသြဇာများအား အရည်အသွေးကိုထိန်းသိမ်းနိုင်ရန် စနစ်တကျထုပ်ပိုးပြီး တောင်သူများ လက်ဝယ်သို့ သင့်တင့်မျှတသောဈေးနှုန်းဖြင့် အဆင်ပြေ ချောမွေ့စွာဖြန့်ဖြူးပေးပါရန် ပြည်ထောင်စု အစိုးရအား တိုက်တွန်းကြောင်းအဆိုကို လက်ခံဆွေးနွေးရန် ဆုံးဖြတ်ကြောင်းကြေညာပါတယ်။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ ယင်းအဆိုနှင့်စပ်လျဉ်းပြီး ၂၀၁၃ ခုနှစ်၊ ပြည်သူ့လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၁၆၈ နည်းဥပဒေခွဲ(ခ) နည်းဥပဒေခွဲငယ်(၅) အရ ဆွေးနွေးမယ့်လွှတ်တော်ကိုယ်စားများအနေနဲ့

၃၀-၅-၂၀၁၇ ရက်(အင်္ဂါနေ့)ညနေ ၄ နာရီနောက်ဆုံးထားပြီး ပြည်သူ့လွှတ်တော်ရုံး ညွှန်ကြားရေးမှူးချုပ်ထံ အမည်စာရင်းတင်သွင်းကြရန်ဖြစ်ပါတယ်။

**အမျိုးသားလွှတ်တော်က ပြင်ဆင်ချက်မရှိ အတည်ပြု၍ ပေးပို့လာသော ပြည်တွင်းရေကြောင်း ပို့ဆောင်ရေးဥပဒေကြမ်းကို လက်ခံရရှိကြောင်း လွှတ်တော်သို့ အသိပေးခြင်း၊ ဥပဒေကြမ်း ကော်မတီက အစီရင်ခံစာ တင်သွင်းခြင်းနှင့် ပြင်ဆင်ချက်အဆို တင်သွင်းလိုသည့် ကိုယ်စားလှယ်များ အမည်စာရင်းတင်သွင်းနိုင်ကြောင်း လွှတ်တော်သို့ တင်ပြခြင်း**

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ အမျိုးသားလွှတ်တော်တွင် စတင် တင်သွင်းပြီး ပြင်ဆင်ချက်မရှိ အတည်ပြု၍ ပေးပို့လာသော ပြည်တွင်းရေကြောင်း ပို့ဆောင်ရေး ဥပဒေကြမ်းကို ၇-၃-၂၀၁၇ ရက်နေ့တွင် လက်ခံရရှိခဲ့ပါတယ်။ ကိုယ်စားလှယ်များလေ့လာနိုင်ရန် ဥပဒေကြမ်းမိတ္တူကိုလည်း ဖြန့်ဝေထားပြီးဖြစ်ပါတယ်။ ယင်းဥပဒေကြမ်းနှင့်စပ်လျဉ်းပြီး ပြည်သူ့ လွှတ်တော်ဥပဒေကြမ်းကော်မတီက အစီရင်ခံစာ တင်သွင်းဖို့ဖြစ်ပါတယ်။ အစီရင်ခံစာ တင်သွင်းရန် ဥပဒေကြမ်းကော်မတီအား ဖိတ်ခေါ်ပါတယ်။

**ဦးစိုင်းဖိုးမြတ်(အဖွဲ့ဝင်၊ ဥပဒေကြမ်းကော်မတီ)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ၊ ပြည်ထောင်စုဝန်ကြီးများ၊ ဧည့်သည်တော်များ အားလုံး မင်္ဂလာပါလို့ ဦးစွာဂါရဝပြုနှုတ်ခွန်းဆက်ပါရစေ။ ကျွန်တော်ကတော့ မူဆယ်မဲဆန္ဒနယ်က ပြည်သူ့ လွှတ်တော်ကိုယ်စားလှယ် ဦးစိုင်းဖိုးမြတ် ဖြစ်ပါတယ်။ ပြည်သူ့လွှတ်တော် ဥပဒေကြမ်း ကော်မတီဝင်တစ်ဦးလည်းဖြစ်ပါတယ်။ ပြည်သူ့လွှတ်တော်ဥပဒေကြမ်းကော်မတီဥက္ကဋ္ဌရဲ့ တာဝန်ပေး ချက်အရ ပြည်တွင်းရေကြောင်း ပို့ဆောင်ရေးဥပဒေကြမ်းနှင့်စပ်လျဉ်းတဲ့ အစီရင်ခံစာကို လွှတ်တော် သို့ ကျွန်တော် ဖတ်ကြားတင်ပြသွားပါ့မယ်။

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

# ပြည်သူ့လွှတ်တော်

# ဥပဒေကြမ်းကော်မတီ

စာအမှတ်၊ ၀၅/ပသ(ကမတ-ဥပဒေကြမ်း)၁/၂၀၁၇ - ၉၂
ရက်စွဲ ၊ ၂၀၁၇ ခုနှစ်၊ မေလ ၁၈ ရက်

သို့

ဥက္ကဋ္ဌ

ပြည်သူ့လွှတ်တော်

အကြောင်းအရာ။ **ပြည်တွင်းရေကြောင်း ပို့ဆောင်ရေးဥပဒေကြမ်းနှင့်စပ်လျဉ်း၍ ပြည်သူ့လွှတ်တော်ဥပဒေကြမ်းကော်မတီ၏ လေ့လာတွေ့ရှိချက် အစီရင်ခံစာတင်ပြခြင်း**

ရည် ညွှန်း ချက် ။ အမျိုးသားလွှတ်တော်၏ ၇-၃-၂၀၁၇ ရက်စွဲပါ စာအမှတ်၊ ၁/အမ(ကော်မတီ-၁)၁/၂၀၁၇ - ၁၁၁

၁။ ပြည်ထောင်စုအစိုးရအဖွဲ့ရုံးက ပေးပို့လာသော ပြည်တွင်းရေကြောင်းပို့ဆောင်ရေးဥပဒေကြမ်းကို အမျိုးသားလွှတ်တော်၌ ၂၃-၂-၂၀၁၇ ရက်နေ့တွင် စတင်တင်သွင်းခဲ့ပြီး ၇-၃-၂၀၁၇ ရက်နေ့ အမျိုးသားလွှတ်တော်အစည်းအဝေး၌ ပြင်ဆင်ချက်မရှိ အတည်ပြုခဲ့ပြီး ပြည်သူ့လွှတ်တော်တွင် ဆွေးနွေးနိုင်ရန် အထက်ရည်ညွှန်းပါစာဖြင့် ပေးပို့လာပါသည်။

၂။ ပြည်တွင်းရေကြောင်း ပို့ဆောင်ရေးဥပဒေကြမ်းကို အောက်ဖော်ပြပါရည်ရွယ်ချက်များဖြင့် ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာနက ရေးဆွဲထားခြင်းဖြစ်ကြောင်း လေ့လာတွေ့ရှိရပါသည်။

(က) ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာနလက်အောက်ရှိ ပြည်တွင်းရေကြောင်း ပို့ဆောင်ရေးကို ဈေးကွက်စီးပွားရေးစနစ်နှင့်အညီ ပုဂ္ဂလိကကဏ္ဍသို့ ကူးပြောင်းနိုင်ရေးအတွက် ပြည်တွင်းရေကြောင်းပို့ဆောင်ရေးအဖွဲ့ဥပဒေအဖြစ် ပြည်ထောင်စုလွှတ်တော် ဥပဒေအမှတ် (၅၁/၂၀၁၄)ဖြင့် ထုတ်ပြန်ပြဋ္ဌာန်း၍ ဆောင်ရွက်ခဲ့ခြင်း၊

(ခ) ပြည်တွင်းရေကြောင်းပို့ဆောင်ရေးလုပ်ငန်းသည် အကျိုးအမြတ်အပေါ်အခြေခံရမယ့် လုပ်ငန်းမဟုတ်ဘဲ ပြည်သူများ ဘေးအန္တရာယ်ကင်းရှင်းပြီး လုံခြုံစိတ်ချစွာ ခရီးသွားလာနိုင်ရန်နှင့် ကုန်စည်များ ကူးသန်းပို့ဆောင်နိုင်ရန် ဆောင်ရွက်သင့်သည့် ပို့ဆောင်ရေးလုပ်ငန်းတစ်ခုဖြစ်ခြင်း၊

(ဂ) အကျိုးအမြတ်အတွက် စီးပွားရေးဆန်ဆန် ဆောင်ရွက်ခြင်းထက် ပြည်ထောင်စုဘဏ္ဍာရန်ပုံငွေမှ သုံးစွဲဆောင်ရွက်ခြင်းကသာ ပြည်သူများ၏ ပြည်တွင်းရေကြောင်းခရီးသွားလာမှုနှင့် ကုန်စည်စီးဆင်းမှုမြန်ဆန်ပြီး ကုန်ဈေးနှုန်းတည်ငြိမ်ရေးကိုပါ တစ်ဖက်တစ်လမ်းက အကျိုးပြုဆောင်ရွက်နိုင်မယ့်လုပ်ငန်းဖြစ်ခြင်း၊

(ဃ) တည်ဆဲပြည်တွင်းရေကြောင်းပို့ဆောင်ရေးအဖွဲ့ဥပဒေကို ရုပ်သိမ်းပြီး အများပြည်သူအကျိုးစီးပွားအတွက် ဥပဒေနှင့်အညီ လုပ်ငန်းများဆောင်ရွက်နိုင်ရန် ယင်းဥပဒေကြမ်းကို ပြုစုရေးဆွဲတင်ပြရခြင်းဖြစ်ခြင်း။

၃။ ပြည်သူ့လွှတ်တော်ဥပဒေကြမ်းကော်မတီသည် ၁၃-၅-၂၀၁၇ ရက်နေ့တွင် ပြည်ထောင်စုလွှတ်တော် ဥပဒေရေးရာနှင့် အထူးကိစ္စရပ်များ လေ့လာဆန်းစစ်သုံးသပ်ရေးကော်မရှင်၊ ပြည်ထောင်စုရှေ့နေချုပ်ရုံးနှင့် ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာနတို့မှ တာဝန်ရှိပုဂ္ဂိုလ်များနှင့်အတူ ညှိနှိုင်းအစည်းအဝေးကျင်းပခဲ့ပြီး ၂၀၁၃ ခုနှစ်၊ ပြည်သူ့လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၅၉ အရ အခြေခံရမည့်မူ ၁၂ ချက်နှင့်အညီ စိစစ်လေ့လာခဲ့ရာ အောက်ပါအတိုင်း တွေ့ရှိရပါသည် -

ပြည်သူ့လွှတ်တော် ဥပဒေကြမ်းကော်မတီရဲ့ စိစစ်ချက်ဇယားကို လွှတ်တော်ကိုယ်စားလှယ်များထံ ကြိုတင်ဖြန့်ဝေထားပြီးဖြစ်တဲ့အတွက် အချိန်ကိုငဲ့ညှာသောအားဖြင့် ဖတ်ကြားတင်ပြခြင်းမပြုတော့ပါ။

၄။ သို့ဖြစ်ပါ၍ ပြည်တွင်းရေကြောင်းပို့ဆောင်ရေးဥပဒေကြမ်းကို လွှတ်တော်က အတည်ပြုပေးနိုင်ပါရန် ၂၀၁၃ ခုနှစ်၊ ပြည်သူ့လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၆၁ အရ စိစစ်ခဲ့ပြီး နည်းဥပဒေ ၆၃ နှင့်အညီ လွှတ်တော်သို့ အစီရင်ခံတင်ပြအပ်ပါသည် -

အစီရင်ခံစာအပြည့်အစုံမှာ အောက်ပါအတိုင်းဖြစ်ပါသည်။

**မူကြမ်း**

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

# ပြည်သူ့လွှတ်တော်

# ဥပဒေကြမ်းကော်မတီ

စာအမှတ်၊ ၀၅/ပသ(ကမတ-ဥပဒေကြမ်း)၁/၂၀၁၇ - ၉၂
ရက်စွဲ ၊ ၂၀၁၇ ခုနှစ်၊ မေလ ၁၈ ရက်

သို့

ဥက္ကဋ္ဌ

ပြည်သူ့လွှတ်တော်

အကြောင်းအရာ။ **ပြည်တွင်းရေကြောင်း ပို့ဆောင်ရေးဥပဒေကြမ်းနှင့်စပ်လျဉ်း၍ ပြည်သူ့လွှတ်တော်ဥပဒေကြမ်းကော်မတီ၏ လေ့လာတွေ့ရှိချက် အစီရင်ခံစာတင်ပြခြင်း**

ရည် ညွှန်း ချက် ။ အမျိုးသားလွှတ်တော်၏ ၇-၃-၂၀၁၇ ရက်စွဲပါ စာအမှတ်၊ ၁/အမ(ကော်မတီ-၁)၁/၂၀၁၇ - ၁၁၁

၁။ ပြည်ထောင်စုအစိုးရအဖွဲ့ရုံးက ပေးပို့လာသော ပြည်တွင်းရေကြောင်းပို့ဆောင်ရေးဥပဒေကြမ်းကို အမျိုးသားလွှတ်တော်၌ ၂၃-၂-၂၀၁၇ ရက်နေ့တွင် စတင်တင်သွင်းခဲ့ပြီး ၇-၃-၂၀၁၇ ရက်နေ့ အမျိုးသားလွှတ်တော်အစည်းအဝေး၌ ပြင်ဆင်ချက်မရှိ အတည်ပြုခဲ့ပြီး ပြည်သူ့လွှတ်တော်တွင် ဆွေးနွေးနိုင်ရန် အထက်ရည်ညွှန်းပါစာဖြင့် ပေးပို့လာပါသည်။

၂။ ပြည်တွင်းရေကြောင်း ပို့ဆောင်ရေးဥပဒေကြမ်းကို အောက်ဖော်ပြပါရည်ရွယ်ချက်များဖြင့် ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာနက ရေးဆွဲထားခြင်းဖြစ်ကြောင်း လေ့လာတွေ့ရှိရပါသည်။

(က) ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာနလက်အောက်ရှိ ပြည်တွင်းရေကြောင်း ပို့ဆောင်ရေးကို ဈေးကွက်စီးပွားရေးစနစ်နှင့်အညီ ပုဂ္ဂလိကကဏ္ဍသို့ ကူးပြောင်းနိုင်ရေးအတွက် ပြည်တွင်းရေကြောင်းပို့ဆောင်ရေးအဖွဲ့ဥပဒေအဖြစ် ပြည်ထောင်စုလွှတ်တော် ဥပဒေအမှတ် (၅၁/၂၀၁၄)ဖြင့် ထုတ်ပြန်ပြဋ္ဌာန်း၍ ဆောင်ရွက်ခဲ့ခြင်း၊

**မူကြမ်း**

(ခ) ပြည်တွင်းရေကြောင်းပို့ဆောင်ရေးလုပ်ငန်းသည် အကျိုးအမြတ်အပေါ်အခြေခံရမည့် လုပ်ငန်းမဟုတ်ဘဲ ပြည်သူများ ဘေးအန္တရာယ်ကင်းရှင်းပြီး လုံခြုံစိတ်ချစွာ ခရီးသွားလာနိုင်ရန်နှင့် ကုန်စည်များ ကူးသန်းပို့ဆောင်နိုင်ရန် ဆောင်ရွက်သင့်သည့် ပို့ဆောင်ရေးလုပ်ငန်းတစ်ခုဖြစ်ခြင်း၊

(ဂ) အကျိုးအမြတ်အတွက် စီးပွားရေးဆန်ဆန် ဆောင်ရွက်ခြင်းထက် ပြည်ထောင်စုဘဏ္ဍာရန်ပုံငွေမှ သုံးစွဲဆောင်ရွက်ခြင်းကသာ ပြည်သူများ၏ ပြည်တွင်းရေကြောင်းခရီးသွားလာမှုနှင့် ကုန်စည်စီးဆင်းမှုမြန်ဆန်ပြီး ကုန်ဈေးနှုန်းတည်ငြိမ်ရေးကိုပါ တစ်ဖက်တစ်လမ်းက အကျိုးပြုဆောင်ရွက်နိုင်မည့်လုပ်ငန်းဖြစ်ခြင်း၊

(ဃ) တည်ဆဲပြည်တွင်းရေကြောင်းပို့ဆောင်ရေးအဖွဲ့ဥပဒေကို ရုပ်သိမ်းပြီး အများပြည်သူအကျိုးစီးပွားအတွက် ဥပဒေနှင့်အညီ လုပ်ငန်းများဆောင်ရွက်နိုင်ရန်အတွက် ယင်းဥပဒေကြမ်းကို ပြုစုရေးဆွဲတင်ပြရခြင်းဖြစ်ခြင်း။

၃။ ပြည်သူ့လွှတ်တော်ဥပဒေကြမ်းကော်မတီသည် ၁၃-၅-၂၀၁၇ ရက်နေ့တွင် ပြည်ထောင်စုလွှတ်တော် ဥပဒေရေးရာနှင့် အထူးကိစ္စရပ်များ လေ့လာဆန်းစစ်သုံးသပ်ရေးကော်မရှင်၊ ပြည်ထောင်စုရှေ့နေချုပ်ရုံးနှင့် ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာနတို့မှ တာဝန်ရှိပုဂ္ဂိုလ်များနှင့်အတူ ညှိနှိုင်းအစည်းအဝေးကျင်းပခဲ့ပြီး ၂၀၁၃ ခုနှစ်၊ ပြည်သူ့လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၅၉ အရ အခြေခံရမည့်မူ ၁၂ ချက်နှင့်အညီ စိစစ်လေ့လာခဲ့ရာ အောက်ပါအတိုင်း တွေ့ရှိရပါသည် -

(က) ပြည်တွင်းရေကြောင်းပို့ဆောင်ရေးဥပဒေကြမ်း တွင် အခန်း(၈)ခန်း၊ အပိုဒ်ပေါင်း ၂၃ ပိုဒ် ပါရှိပါသည်။

(ခ) ပြည်သူ့လွှတ်တော် ဥပဒေကြမ်းကော်မတီသည် အမျိုးသားလွှတ်တော်၏ ပြင်ဆင်အတည်ပြုချက်များအနက် အချက်(၂၅) ချက်ကို သဘောတူလက်ခံပါသည်။

(ဂ) ဥပဒေခေါင်းစီးရှိ “၁၃၇၈ ခုနှစ်” ကို “၁၃၇၉ ခုနှစ်” ဟု ပြင်ဆင်ပါသည်။

(ဃ) အခန်း(၁) အပိုဒ် ၂ အပိုဒ်ခွဲ(င) ကိုအောက်ပါအတိုင်း ပြင်ဆင်ပါသည် -

"(င) ဆိပ်ကမ်း ဆိုသည်မှာ ပြည်တွင်းရေကြောင်း ပို့ဆောင်ရေးပိုင်ရေယာဉ်များ သွားလာနိုင်သောမြစ်များ၊ ချောင်းများ၊ တူးမြောင်းများနှင့် ကမ်းရိုးတန်းတစ်လျှောက် မြို့၊ ရွာများရှိ ရေယာဉ်ဆိုက်ကပ်နိုင်သော ဆိပ်ကမ်းများ ပါဝင်သည်။"

(င) အခန်း(၃) အပိုဒ် ၈ အပိုဒ်ခွဲ(ခ)ကို အောက်ပါအတိုင်း ပြင်ဆင်ပါသည်-

"(ခ) ကုန်လှောင်ရုံနှင့် ကမ်းတက်ဆိပ်ကမ်းများကို တည်ဆောက်ခြင်း၊ အငှားချထားခြင်း၊"

(စ) အခန်း(၈) အပိုဒ် ၁၇ ရှိ "အခွန်မပြေကျန်ငွေ ဖြစ်ဘိသကဲ့သို့" ဆိုသည့် စကားရပ်ကို "ဝင်ငွေခွန်မပြေကျန်ငွေ ဖြစ်ဘိသကဲ့သို့" ဟု ပြင်ဆင်ပါသည်။

၄။ သို့ဖြစ်ပါ၍ ပြည်တွင်းရေကြောင်းပို့ဆောင်ရေးဥပဒေကြမ်းကို လွှတ်တော်က အတည်ပြုပေးနိုင်ပါရန် ၂၀၁၃ ခုနှစ်၊ ပြည်သူ့လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၆၁ အရ စိစစ်ခဲ့ပြီး နည်းဥပဒေ ၆၃ နှင့် အညီ လွှတ်တော်သို့ အစီရင်ခံ တင်ပြအပ်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ပြည်တွင်းရေကြောင်းပို့ဆောင်ရေး ဥပဒေကြမ်းနှင့်စပ်လျဉ်းပြီး ပြင်ဆင်ချက်အဆို တင်သွင်းဆွေးနွေးလိုသူများသည် ပြင်ဆင်လိုသည့် ဥပဒေကြမ်း၏ အပိုဒ်၊ အပိုဒ်ခွဲ၊ အကြောင်းအရာကို တိတိကျကျဖော်ပြ၍ ၃၀-၅-၂၀၁၇ (ဗုဒ္ဓဟူးနေ့) ညနေ ၄ နာရီနောက်ဆုံးထားပြီး ပြည်သူ့လွှတ်တော်ရုံး ညွှန်ကြားရေးမှူးချုပ်ထံ အမည်စာရင်း တင်သွင်းရန်ဖြစ်ကြောင်း အသိပေးကြေညာပါတယ်။

## ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ပဉ္စမပုံမှန်အစည်းအဝေး ပဉ္စမနေ့ ရပ်နားကြောင်းနှင့် အစည်းအဝေး ဆဌမနေ့ ဆက်လက်ကျင်းပမည့်နေ့ရက်နှင့် အချိန်ကို ကြေညာခြင်း

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ပဉ္စမပုံမှန်အစည်းအဝေး ပဉ္စမနေ့ကို ရပ်နားပါမယ်။ ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ပဉ္စမပုံမှန် အစည်းအဝေး ဆဌမနေ့ကို ၂၀၁၇ ခုနှစ်၊ မေလ ၃၀ ရက်(အင်္ဂါနေ့) နံနက် ၁၀ နာရီအချိန်မှာ ဆက်လက်ကျင်းပမှာဖြစ်ကြောင်းနဲ့ ယနေ့အစည်းအဝေးပြီးဆုံးကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

**အချိန်၊ ၁၂း၀၀။**

**အခမ်းအနားမှူး**။ ။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ပြန်လည်ထွက်ခွာပါပြီခင်ဗျား။

**အခမ်းအနားမှူး**။ ။ အားလုံးထွက်ခွာနိုင်ကြပါပြီခင်ဗျား။

ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ပဉ္စမပုံမှန်အစည်းအဝေး ပဉ္စမနေ့ကို ၁၂း၀၀ နာရီအချိန် တွင် ရပ်နားပါသည်။

**မှူးကြမ်း**

## ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ပဉ္စမပုံမှန်အစည်းအဝေး ပဉ္စမနေ့ (၂၉.၅.၂၀၁၇) ရက်နေ့တွင် မေးမြန်းဖြေကြားခဲ့သည့် ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်များနှင့် ဒုတိယဝန်ကြီးများ



ဦးရွှေကို (ကျောက်ပန်းတောင်းမဲဆန္ဒနယ်)



ဦးသန့်ဇင်ထွန်း (ဒက္ခိဏသီရိမဲဆန္ဒနယ်)



ဦးမင်းသိန်း (တောင်တွင်းကြီးမဲဆန္ဒနယ်)



ဦးဉာဏ်ဟိန်း (သံဖြူဇရပ်မဲဆန္ဒနယ်)



ဦးစော်ကျော်ဝင်းမောင် (ကျိုက်မရောမဲဆန္ဒနယ်)



ဒေါက်တာဦးဝင်းအောင် (ခင်ဦးမဲဆန္ဒနယ်)



ဦးမိုးရွှေ (ပူတာအိုမဲဆန္ဒနယ်)



ဒေါ်ခင်သန်းနု (မင်းတုန်းမဲဆန္ဒနယ်)



ဦးကျော်မျိုး (ဒုတိယဝန်ကြီး)
ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန



ဒေါက်တာထွန်းနိုင် (ဒုတိယဝန်ကြီး)
လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန

# ပြည်သူ့လွှတ်တော်

ပြည်သူ့အသံ လွှတ်တော်အသံ

ပြည်သူ့ဆန္ဒ လွှတ်တော်ဆန္ဒ

ပြည်သူတို့မျှော်လင့်ချက် လွှတ်တော်က ဖော်ဆောင်ရှက်